# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၁၆ ရက်၊ သောကြာနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၅၆)


# နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် ခေတ်မီစာတတ်ခွဲခန်းတည်ဆောက်နိုင်ရေးကြိုးပမ်း



**နေပြည်တော် ဇွန် ၁၅**

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ရှိ ဟင်းသီးဟင်းရွက် သစ်သီးဝလံ အေးခဲစက်ရုံနှင့် လယ်ဝေးမြို့နယ်အတွင်း စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ထားရှိမှု၊ ပေါင်းလောင်းရေသောက်စနစ်နှင့် ပေါင်းလောင်းရေလှောင်တမံတို့ကို လှည့်လည်ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာအနီးရှိ Myanmar Agri Foods ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးရဲမြင့်မောင်က ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စက်ရုံဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတက ကုန်ချောထုတ်လုပ်မှု၊ ကုန်ကြမ်းလိုအပ်မှု၊ မျိုးထုတ်လုပ်ရန်၊ စမ်းသပ်စိုက်ကွက်များ စိုက်ပျိုးရန် လိုအပ်လျက်ရှိသည့် မြေနေရာရရှိနိုင်မှုနှင့် ဈေးငွေရရှိနိုင်မှုအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**အရည်အသွေးထိန်းသိမ်း**

သီးနှံများစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်ပြီး ခိုင်မာသည့်ဈေးကွက်ရှာဖွေရန် သို့မဟုတ် ဈေးကွက်ခိုင်မာသေချာသည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်ဟူသည့် အချက်နှစ်ချက်ကို အဓိကထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အရည်အသွေးကို ထိန်းသိမ်းရန်လည်း အရေးကြီးပါကြောင်း။

မိမိတို့နိုင်ငံ၏ တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ရှိရာ နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ စံပြစိုက်ကွက်များ ဖော်ထုတ်ရန်နှင့် မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်လျက်ရှိသည့် ခေတ်မီစာတတ်ခွဲခန်းတည်ဆောက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း ခေတ်မီနည်းပညာဖြင့် သီးနှံများအား တန်ဖိုးမြှင့်

*စာမျက်နှာ ၃ ကော်လံ ၁*

**ကြည့်ရှုလေ့လာ**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာ၌ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ထားရှိမှုနှင့် သီးနှံများစိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာစဉ်

(သတင်းစဉ်)




**အမေရိကန်ဥပဒေပြုလွှတ်တော် အမတ်တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရပြီး အရေးပေါ်ကုသမှုခံယူ**

စာ » ၁၀

**အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေ (Biosphere Reserve) အဖြစ် သတ်မှတ်**

စာ » ၁၁

**အမ်းမြို့နှင့် စစ်တွေကြားကားလမ်း မိုးရာသီသွားလာနိုင်ရန် သံပေါင်ဘေလီတံတားထိုးမည်**

စာ » ၁၂


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ

ခရမ်းချဉ်သည် ပြည်သူတို့၏ နေ့စဉ်စားသုံးမှု၌ မပါမဖြစ်သီးနှံတစ်မျိုး ဖြစ်ပါသည်။ အဆိုပါ ခရမ်းချဉ်သည် ဓာတုအဆိပ်အတောက်ပါဝင်သော ခရမ်းချဉ်များဖြစ်နေပါက ပြည်သူလူထု၏ကျန်းမာရေးအတွက် မည်မျှ အန္တရာယ်များသည်ကို အလွယ်တကူပင် သိရှိနိုင်ပါသည်။ သို့ဖြစ်၍ ခရမ်းချဉ်စိုက်ပျိုးရာ၌ ဓာတုပိုးသတ်ဆေးတို့ကို အသုံးပြုခြင်းသည် လူထု ကျန်းမာရေးအတွက် မလိုလားအပ်သော ကိစ္စဖြစ်သည်မှာ ထင်ရှားပါသည်။ ဤမလိုလားအပ်သောကိစ္စကို ရှောင်ရှားနိုင်ရန်အတွက် ရှမ်းပြည်နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် **United Nilar Agribusiness** ကုမ္ပဏီ လီမိတက်တို့ ပူးပေါင်း၍ ကျွန်းမျောခရမ်းချဉ်စံပြစိုက်ပျိုးနေမှုသည် ဝမ်း မြောက်ဝမ်းသာကြိုဆိုဂုဏ်ပြုရမည့် ကိစ္စရပ်ဖြစ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနနှင့် **United Nilar Agribusiness** ကုမ္ပဏီ လီမိတက်တို့၏ ရည်မှန်းချက်သည် ရှမ်းပြည်နယ် အင်းလေးဒေသတွင် ကျွန်းမျောခရမ်းချဉ်စိုက်ပျိုးရာ၌ ဓာတုပိုးသတ်ဆေးအစား ဇီဝပိုးသတ် ဆေးကို အသုံးပြု၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းတို့ကို စနစ်ကျသော နည်းပညာတို့ဖြင့် စိုက်ပျိုးရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး ဦးစီးဌာနနှင့် **United Nilar Agribusiness** ကုမ္ပဏီလီမိတက်တို့သည် ကျေးရွာအုပ်စု ငါးစုမှ တောင်သူဦးကြီးများ ပိုင်ဆိုင်သည့် စိုက်ပျိုးမြေကေ ၅၀ ကို စံပြစိုက်ခင်းသဘောသတ်မှတ်၍ အထက်ဖော်ပြပါ ရည်မှန်းချက် ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနသည် တောင်သူဦးကြီးတို့ကို ကျွန်းမျော ခရမ်းချဉ် စတင်စိုက်ပျိုးသည်မှ ခူးဆွတ်ချိန်အထိ ကာလအတွင်း လိုက်နာ ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ တစ်ပတ် နှစ်ကြိမ်နှုန်းဖြင့် စဉ်ဆက်မပြတ် သင်တန်းပို့ချကြီးကြပ်ခဲ့ပါသည်။

**United Nilar Agribusiness** ကုမ္ပဏီလီမိတက်က တောင်သူ ဦးကြီးတို့အား ဇီဝပိုးသတ်ဆေး အခမဲ့ဖြန့်ဖြူးပေးခဲ့ခြင်းသည် ကျွန်းမျော ခရမ်းချဉ် စံပြစိုက်ပျိုးရေးအောင်မြင်ရေးအတွက် အဓိကကျသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ဟု ယူဆပါသည်။ ထို့ပြင်မက **United Nilar Agribusiness** ကုမ္ပဏီလီမိတက်က တောင်သူဦးကြီးတို့အား တစ်ကေလျှင် ငွေကျပ်သုံးသိန်းနီးပါးနှုန်းဖြင့် ထောက်ပံ့ခဲ့ခြင်းသည် အကျိုးတူစီးပွားကို လက်တွဲညီညီဖော်ဆောင်ခဲ့သည့် စံနမူနာလုပ်ရပ် ဖြစ်သည်ဟု ယူဆပါသည်။ စိုက်ပျိုးမြေကေ ၅၀ ဟူသော အတိုင်းအတာ သည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့်နှိုင်းယှဉ်ပါက မကျယ်ပြန့်လှသော် လည်း ဓာတုအဆိပ်အတောက်ကင်းစင်သော ခရမ်းချဉ်တို့ ပြည်တွင်း ဈေးကွက်၌ အလွယ်တကူ ဝယ်ယူရရှိရေး၊ ထိုမှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးတို့အတွက်အရေးပါသော အစပျိုးခြေလှမ်းဟု ဆိုရမည်ပင် ဖြစ်ပါသည်။ ဇီဝပိုးသတ်ဆေးသုံး ကျွန်းမျော ခရမ်းချဉ် စိုက်ပျိုးရေးသည် အင်းလေးဒေသသဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထောက်အပံ့ဖြစ်သည်သာမက ပြည်သူလူထုတို့အန္တရာယ်ကင်း၍ အာဟာရပြည့်ဝသော သီးနှံတို့စားသုံးနိုင်ရေးအတွက် အားဖြည့်ပေး သောကြောင့် လေးလေးနက်နက် ဂုဏ်ပြုကြိုဆိုကြောင်း တင်ပြအပ်ပါ သည်။ ။

## အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်



**မိုးနဲ ဇွန် ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ဆိုက်ဖယ်ရွာသစ် နမ့်စလိုင် ကျောင်းအား အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာ အလယ်တန်းကျောင်း ( ခွဲ ) အဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အလယ်တန်းကျောင်း ( ခွဲ ) အဆင့် တိုးမြှင့်ခြင်း မှတ်ဦးအား လင်းခေးခရိုင် ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြား ရေးမှူး ဦးပေါ်လာ၊ မိုးနဲမြို့နယ်တပ်နယ်မှူး ဗိုလ်မှူး ဇင်လှိုင်မျိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှထွဋ်က အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးပေါ်လာက ကျောင်းအဆင့်တိုးမြှင့်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဦးစိုင်းထွန်း နှင့် ကျောင်းအုပ်ဆရာကြီး ဦးဦးမောင် သိန်းတို့က ကျေးဇူးတင်စကားပြောကြား ခဲ့သည်။

အဆိုပါကျောင်းတွင် မူလတန်း အဆင့်ကျောင်းသား ကျောင်းသူ ၃၁၆ ဦးနှင့် အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၄၈ ဦး ပညာသင်ကြားလျက် ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရေးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ရေး ဇွန် ၁၅**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်းခွင့်ပြုငွေကျပ်သန်းပေါင်း ၇၉၃ ဒသမ ၅၀ သုံးစွဲခဲ့ကြောင်း သိရသည်။

အဆိုပါကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် လမ်း၊တံတားနှင့် ရေပေးဝေရေးလုပ်ငန်းကဏ္ဍ များ၌ တင်ဒါအောင်မြင်ထားသည့်ကုမ္ပဏီများက တာဝန်ယူအကောင်အထည်ဖော်တည်ဆောက် ပေးခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးအရာရှိ (နည်းပညာ) ဦးမင်းထော်စံကပြောသည်။

လာမည့် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမှာလည်း တင်ဒါအောင်မြင်မည့်ကုမ္ပဏီများက ရွှေပြည်သာ ကျုံပေါ်မှ ၂၅ ပေ တံတားတစ်စင်းနှင့် တူးမြောင်းကျေးရွာအုပ်စု ချောင်းတောင်နှစ် ကရင်ကျေးရွာအပါ အဝင် ကျေးရွာများ၌ ရေပေးဝေရေးလုပ်ငန်းခြောက်ခုကိုသတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၀၈ ဒသမ ၇ သန်းကို ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ရာ ပြီးခဲ့သည့် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်ထက် လျော့ပေါ့သုံးစွဲသွား မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

**သုံးခွ ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဇွဲထော်ကျေးရွာ၌ ပြည်သူများသွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးအတွက် ဇွန် ၁၃ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီး၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်ဝင်းသန်း နှင့် ပူးပေါင်းအဖွဲ့သည် ဇွဲထော်ကျေးရွာ အ.ထ.က(ခွဲ)ကျောင်း၊ ကျေးရွာများအတွင်းရှိနေအိမ်များသို့ တစ်အိမ်တက်ဆင်း၊ ဘုရား ပန်းအိုး၊ သောက်ရေ၊ သုံးရေအိုးများ၊ ရေလှောင်အုတ်ကန်များ အတွင်း ပိုးလောက်လမ်း ရှိမရှိ စစ်ဆေးကာ အဘိတ်ဆေးခတ်ခြင်း များ ဆောင်ရွက်ပြီး သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများကို အသိပညာပေးဟော ပြောခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ဟိုပင်မြို့၌ တီဘီရောဂါ အခမဲ့စစ်ဆေး

**ဟိုပင် ဇွန် ၁၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့အရှေ့ကျောင်းတိုက် (လောကမာရ်အောင်) ၌ ဇွန် ၁၃ ရက်က ပြည်နယ်တီဘီရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက်အဖွဲ့က အခမဲ့တီဘီရောဂါရှာဖွေခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်းနှင့် ဆေးဝါးများအခမဲ့ပေးခြင်းလုပ်ငန်း များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟိုပင်မြို့၌ တီဘီဆေးယဉ်ပါးသူနှစ်ဦးတွေ့ရှိခဲ့၍ ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါကျန်းမာရေး အဖွဲ့တွင် အဖွဲ့ဝင် ၂၂ ဦးပါရှိပြီး ဟိုပင်၊ မြေနု၊ နန်းချို-ရွာသစ်ကြီးတို့တွင် သုံးရက်ကြာ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၆၉)

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၅-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၇၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၃၀/၇၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၀/၇၁၅ ကျပ် | (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၁ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၂ | ・၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၂ | ・၈၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ・၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၁ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ・၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ・၅၉ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ဘိန်းအစားထိုးသီးနှံမျိုးစေ့ပေးအပ်

**သီပေါ ဇွန် ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၇-၂၀၁၈ ခုနှစ် မူးယစ်ဆေးဝါးပပျောက်ရေးဘိန်းအစားထိုး နှစ်ချင်းသီးနှံမျိုးစေ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မိုးစပါးစိုက်ဧက ၁၀၀၊ မိုးစပါးနှင့်အစေ့ထုတ်ပြောင်း ၂၅ ဧက စိုက်ပျိုးသည့် တောင်သူများအား ဘိန်းအစားထိုးနှစ်ချင်းသီးနှံ/ မျိုးစေ့များကို ပြည်နယ်စိုက်ပျိုး ရေးဦးစီးဌာနမှူး ဦးမြကျော်နှင့် တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ကြသည်။

ဆက်လက်၍ စပါးသီးနှံများစိုက်ပျိုးရာတွင် နည်းစနစ်ကျနပြီး အထွက်နှုန်း ပိုမိုတိုးတက်ရေးအတွက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေး ဦးဆောင်၍ ခရိုင်ပိုးမွှားရောဂါကာကွယ်ရေးတာဝန်ခံ၊ မြေအသုံးချရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံ ပညာရှင်များက GAP ဆိုင်ရာ သင်တန်းပို့ချခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပင်သောင်ကန်ပြန်လည်တူးဖော်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

ရှေ့ဖုံးမှ

ထုတ်ကုန်များအဖြစ် သန့်စင်ထုတ်လုပ်နေမှု အဆင့်ဆင့်နှင့် ထုပ်ပိုးမှုအဆင့်ဆင့် ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါကုမ္ပဏီကို တောင်သူတစ်ဦးချင်းစီ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်မြင့်မားစေရေး၊ သယ်ယူပို့ဆောင်ရေး ခက်ခဲမှုကြောင့် ဟင်းသီးဟင်းရွက်များ ပုပ်သိုးပျက်စီးမှုနှင့် ရင်ဆိုင်ရသော အခြေအနေမှ ကင်းဝေးစေပြီး တည်ငြိမ်သည့်ဈေးကွက်နှင့် သေချာခိုင်မာသော အကျိုးအမြတ်ရရှိစေရေး၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသော လူမှုဘဝမြှင့်တင်ရေး အစီအစဉ်တွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး၊ ပြည်တွင်းထွက်ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်၍ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိစေရေးစသည့် ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး စွန့်ဦးတီထွင်လုပ်ကိုင်သော စက်ရုံဖြစ်ကြောင်းသိရသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် ညောင်ပင်သာကျေးရွာရှိ ပေါင်းလောင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် မြစိမ်းရောင် မေတ္တာပေါင်းကူးတံတားသို့ သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တံတားသစ်ပြန်လည်တည်ဆောက်ရေးဆိုင်ရာ တင်ပြချက်ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း လုပ်ငန်းသို့ရောက်ရှိပြီး စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ထားရှိမှုနှင့် သီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာသည်။

**ဆက်လက်ဖော်ထုတ်**

ရှင်းလင်းဆောင်၌ ဒုတိယသမ္မတအား တာဝန်ရှိသူများက လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စုတွင် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ (IFAD) ချေးငွေဖြင့် စနစ်ကျလယ်ယာမြေဧရိယာ ၁၃၀ ဒသမ ၈၄ ဧက ဖော်ထုတ်ထားရှိမှု၊ တောင်သူများအား ခွဲဝေပေးမှု၊ စိုက်ပျိုးရေရရှိမှု၊ သီးနှံများစိုက်ပျိုးထားရှိမှု၊ ရာသီအလိုက် သီးနှံများ ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေနှင့် ဒေသခံတောင်သူများအား ဆွေးနွေးပညာပေး၍ စနစ်ကျလယ်ယာမြေများ ဆက်လက်ဖော်ထုတ်သွားမည့်အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

**ဈေးကွက်သေချာ**

ထို့နောက် ဒုတိယသမ္မတက စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုမေးမြန်းပြီး သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ဈေးကွက်သေချာသည့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေး၊ တောင်သူများ ဝင်ငွေတိုးတက်စေရေး တို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသည်။

လယ်ယာမြေများတွင် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရန်၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို တိကျစွာလိုက်နာနိုင်ရန်၊ စိုက်ပျိုးရေအသွင်း အထုတ်လွယ်ကူစေရန်၊ ရိတ်သိမ်းချိန်ကာလ အားနည်းချက် လျော့နည်းပပျောက်စေရန်၊ အဆင့်မြင့်လယ်ယာမြေပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို နမူနာစံပြလုပ်ဆောင်ခြင်းဖြင့် ကျေးလက်ဒေသ အခြေခံအဆောက်အအုံများ တိုးတက်ရေး မည်သို့လုပ်ဆောင်သင့်သည်ကို လေ့လာရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စနစ်ကျလယ်ယာမြေများကို ဖော်ထုတ်ခြင်းဖြစ်ကြောင်း သိရသည်။

**ရေပေးဝေနိုင်**

ယင်းနောက် ဒုတိယသမ္မတသည် ပင်သောင်ကျေးရွာသို့ ရောက်ရှိပြီး ပင်သောင်ကန် ပြန်လည်တူးဖော်ထားရှိမှု အခြေအနေကိုကြည့်ရှုရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပင်သောင်ကန်၏ မူလအခြေအနေ၊ စက်ယန္တရားကြီးများအသုံးပြု၍ ပြန်လည်တူးဖော်ခဲ့မှု၊ ရေသိုလှောင်နိုင်မှု၊ စိုက်ပျိုးရေပေးဝေနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတသည် ပင်သောင်ကန် တူးဖော်ထားရှိမှုကိုကြည့်ရှုပြီး ပင်သောင်ကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ပင်သောင်ကန်သည် ကန်ဘောင်အလျား ပေ ၃၇၀၀၊ ကန်ဘောင်အမြင့် ၁၆ ပေ၊ ကန်ဘောင်အမျိုးအစားမှာ မြေသားဘောင်ဖြစ်ပြီး ကန်ရေပြည့် အနက် ၁၀ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၉၀ နှင့် ၂၉၃ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပေါင်းလောင်းလက်ဝဲဆည် တူးမြောင်းမကြီးနှင့် ပေါင်းလောင်းရေလွှဲဆည်တို့ကို လှည့်လည်ကြည့်ရှုသည်။

**ပိုမိုထုတ်လုပ်**

ထို့နောက် ဒုတိယသမ္မတသည် ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပေါင်းလောင်းရေလှောင်တမံ ဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမည့် အခြေအနေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုနှင့် ပိုမိုထုတ်လုပ်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဘက်စုံစီမံကိန်းကို ပေါင်းလောင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထုတ်လွှတ်လိုက်သော ရေများအပြင် တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့အကြား ရေဆင်းဧရိယာ ၆၀၀ စတုရန်းမိုင်ခန့်မှ စီးဝင်လာမည့် ရေများအား ရေလွှဲဆည်ဖြင့် ထိန်းကာ လက်ဝဲ၊ လက်ယာ တူးမြောင်းစနစ် တည်ဆောက်၍ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ရေတာရှည်မြို့နယ်များအတွင်းရှိ စီမံကိန်းရေသောက်ဧရိယာ ၃၅၀၀၀ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# နိုင်ငံပိုင်စက်ရုံအချို့အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကဏ္ဍတွင် အိန္ဒိယလုပ်ငန်းရှင်များမှ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E. Mr. Vikram Misri နှင့် ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် စွမ်းအင်ကို ထိရောက်အကျိုးရှိစွာ အသုံးပြုရေး အစီအစဉ်အရ LED, Solar နှင့် Vocational Training ကျောင်းများတိုးချဲ့ဖွင့်လှစ်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် ရှေ့ပြေးစီမံကိန်း(Pilot Project)များအမြန်အကောင်အထည်ဖော်ရေး၊ အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော စက်မှုသင်တန်းကျောင်း(မြင်းခြံ)နှင့် (ပခုက္ကူ)အား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ရေးနှင့် ဘက်ပေါင်းစုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း Multi - Model Industrial Complex ထူထောင်ရေးကိစ္စရပ်များ၊ အမျိုးသားအဆင့် စံချိန်စံညွှန်းသတ်မှတ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ SolarPannelထုတ်လုပ်မှုလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ Indian Technical & Economic Cooperation (ITEC) အစီအစဉ်အရ ဆောင်ရွက်မည့်ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံပိုင် စက်ရုံအချို့အား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကဏ္ဍတွင် အိန္ဒိယလုပ်ငန်းရှင်များမှ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် Bank’s 2017 Annual Meeting တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဇွန် ၁၅**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဂျယ်ဂျူးကျွန်းရှိ ကိုရီးယားအစိုးရနှင့် The Asian Infrastructure Investment Bank တို့ ပူးပေါင်းကျင်းပမည့် Bank’s 2017 Annual Meeting တက်ရောက်ရန် ယမန်နေ့ည ၁၁ နာရီ ၄၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ကိုရီးယားအစိုးရနှင့် The Asian Infrastructure Investment Bank (AIIB) တို့ပူးပေါင်းကျင်းပမည့် Bank’s 2017 Annual Meeting ၌ ကိုရီးယားဘဏ္ဍာရေးဝန်ကြီး၊ မိတ်ဖက်ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ မြို့ပြလူမှုအဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ထိပ်တန်းကျွမ်းကျင်သူများ၊ ကိုယ်စားလှယ် ၁၅၀၀ ကျော် တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၇-၂၀၁၈ ဧပြီလကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၉၇၂ ဒသမ ၁၄ သန်းရှိ

**နေပြည်တော် ဇွန် ၁၅**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၄ ဒသမ ၈၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၈၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၅၅ ဒသမ ၆၅ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၆ ဒသမ ၀၇ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၄၂ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၁၆ ဒသမ ၄၉ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၇၂ ဒသမ ၁၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၆၀ ဒသမ ၈၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**

# တောင်ကုတ်မြို့နယ် ရွာမ-ပန်းတန် ကွန်ကရစ်လမ်းသစ်ဖွင့်

**တောင်ကုတ် ဇွန် ၁၅**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် လဝန်းရတနာအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့သည့် ရွာမ-ပန်းတန် ကွန်ကရစ်လမ်းသစ်အရှည် ၆ မိုင် ၀ ဒသမ ၉ ဖာလုံ၊ အကျယ် ၁၂ ပေ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ ရက် နံနက်က အဆိုပါလမ်း မင်္ဂလာမုခ်ဦး၌ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ခရိုင်/ကျေးလက်ဦးစီးမှူး ဦးလှကြည်နှင့်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားသို့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ခရိုင်/ကျေးလက်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့် ရွာမ-ပန်းတန်လမ်းရှိကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရတနာတန်းဝင် ကျွန်းပင် ၇၂၀၀ စုပေါင်းစိုက်ပျိုး

နေပြည်တော် ဇွန် ၁၅

**ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၁၇ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ပြီး သစ်ပင်များ စိုက်ပျိုးပေးသည်။**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ခရေပင်ကို လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ကံ့ကော်ပင်ကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

ဆက်လက်ပြီး ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက စိုက်ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၇ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၇၂၀၀ စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်၊ စိုက်ပျိုးပင် ၉၃၇၅၀ စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၏ ၂၀၁၇ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်**

**ရန်ကုန်မြို့စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား ဂေါပကအဖွဲ့၏ ပံ့ပိုးမှုဖြင့် သောကြာနေ့ သန့်ရှင်းရေးအဖွဲ့က ဇွန် ၇ ရက်တွင် ပျက်ကျသွားခဲ့သော Y-8 လေယာဉ် ပျောက်ဆုံးမှု၌ ပါရှိသွားခဲ့သည့် တပ်မတော်သားအရာရှိ၊ စစ်သည်များနှင့် မိသားစုများအတွက် ကျန်ရစ်သူ မိသားစုဝင်များနှင့်အတူ ဝမ်းနည်းခြင်း အထိမ်းအမှတ် ဆုတောင်းမေတ္တာပို့သပွဲကို ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း၌ ဇွန် ၁၄ ရက်က ပြုလုပ်စဉ်**

တင်ဝင်းလေး(ကြည့်မြင်တိုင်)



# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တစ်စင်းပျောက်ဆုံးရာတွင် ပါဝင်ခဲ့သော အရာရှိ/စစ်သည်များ ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၁၅**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းအား ဒုတိယဗိုလ်ချုပ်ကြီး သာအေး(ငြိမ်း)၊ ဒေါ်ဝေဝေခိုင် (အေးရိပ်ဝေ) မိသားစုတို့က ယနေ့နံနက် ၁၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံရယူသည်။ **(ယာပုံ)**



အလားတူ ပျောက်ဆုံးလေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများ အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းအား သူရဦးမြင့်မောင် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)၊ ဒေါ်အေးအေးထွန်း မိသားစုတို့က လည်းကောင်း၊ ထောက်ပံ့ငွေကျပ် ၁၀ သိန်းအား ကရင်ပြည်နယ် တရားရေးမိသားစုနှင့် စေတနာရှင်များက လည်းကောင်း ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*✻ ကျော့ဖုံးမှ*

ထုံးတမ်းစဉ်လာများ၊ တပ်မတော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာ ထပ်မံသင်္ဂြိုဟ်ပေးခဲ့သည်။

ယနေ့ညနေ ၅ နာရီ ၁၈ မိနစ်တွင် ပင်လယ်ပြင်အတွင်း တပ်မတော်စစ်ရေယာဉ်များနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် အောင်သုခ ဒေသခံငါးဖမ်းစက်လှေသည် ထားဝယ်မြင်းခွာအော်မှ အနောက်ယွန်းယွန်း ၂၆၀ ဒီဂရီအတိုင်း ၇ ဒသမ ၅ မိုင်အကွာ(မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ) နေရာတွင် ငါးဖမ်းပိုက်ဖြင့် တရွတ်ဆွဲရှာဖွေစဉ် ရေအောက်တွင် ပိုက်၌ တစ်စုံတစ်ရာငြိနေကြောင်း သတင်းပေးပို့ခဲ့သည်။

အဆိုပါ သတင်းပို့ချက်အရ ၎င်းနေရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အတူလုပ်ဆောင်နေသည့် စစ်ရေယာဉ် နှစ်စင်းတို့က ရေအောက်ရှာဖွေရေး ကိရိယာ ဆိုနာဖြင့် ထပ်မံအတည်ပြုပြီး ရေငုပ်စစ်သည်များက ရေငုပ်စစ်ဆေးခဲ့ရာ ရေအောက် အနက် ၃၅ မီတာခန့်တွင် ပျက်ကျလေယာဉ်၏ အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းအစိတ်အပိုင်းမှာ ပျက်ကျ Y-8 လေယာဉ်၏ လေယာဉ်အမှတ် ၅၈၂၀ အမှတ်အသားပါရှိသည့် **(အောက်ပုံ)** လေယာဉ်အမျိုးဖြစ်ကြောင်း သိရှိရပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဖက်ဒရယ်စနစ်များရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ လွတ်လပ်စွာရပ်တည်မှုနှင့် သမာသမတ်ကျမှုဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး သုတေသနအဖွဲ့၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အသိအမြင် ဗဟုသုတများ ကျယ်ပြန့်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် Institute For Democracy and Electoral Assistance (IDEA) တို့ ပူးပေါင်း၍ "ဖက်ဒရယ်စနစ်များရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ လွတ်လပ်စွာရပ်တည်မှုနှင့် သမာသမတ်ကျမှု" (Independence and Impartiality of the Constitutional Courts in Federal Systems) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး International IDEA မှ အကြီးတန်းအကြံပေးနှင့် ချီကာဂိုတက္ကသိုလ်၏ နိုင်ငံတကာ ဥပဒေဘာသာရပ်နှင့် နိုင်ငံရေးသိပ္ပံဘာသာရပ်၏ ပါမောက္ခဖြစ်သူ Mr. Tom Ginsburg က "ဖက်ဒရယ်စနစ်များရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ လွတ်လပ်စွာရပ်တည်မှုနှင့် သမာသမတ်ကျမှု" (Independence and Impartiality of the Constitutional Courts in Federal Systems) ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ခုံရုံးသုတေသနအဖွဲ့နှင့် စာတမ်းရှင်တို့က ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူမှုရေးပင်စင်ထောက်ပံ့မှုစတင်ခြင်းနေ့တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဘိုးဘွားအချို့လက်ဝယ်သို့ပေးအပ်

နေပြည်တော် ဇွန် ၁၅

**လူတိုင်းအခြေခံလူ့အခွင့်အရေးရရှိရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖြစ်စေရေး၊ လူ့ဂုဏ်သိက္ခာနှင့်ပြည့်စုံသော လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် လုပ်ငန်းစဉ်ရှစ်ရပ်ပါဝင်သည့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးကို အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ရေးဆွဲ၍ ပြည်သူများ လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးဦးတည်လျက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပွင့်လင်းမြင်သာစွာဆောင်ရွက်လျက်ရှိသည်။**

လုပ်ငန်းစဉ်ရှစ်ရပ်အနက် တစ်ရပ်ဖြစ်သည့် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင် ထောက်ပံ့မှုအစီအစဉ်ကို သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေနှင့်အညီ အသက်အရွယ်အပိုင်းအခြားအလိုက် ထောက်ပံ့နိုင်ရေးစီစဉ်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်မှ စတင်ကာတစ်နိုင်ငံလုံးရှိ အသက် ၉၀ နှစ်အထက် ဘိုးဘွားများအား တစ်ဦးလျှင်လစဉ်ငွေကျပ်တစ်သောင်းနှုန်း ထောက်ပံ့သွားမည်ဖြစ်ပြီး ကနဦးအနေဖြင့် ဧပြီ၊ မေ၊ ဇွန်လများအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းကို ဇွန် ၁၅ ရက်မှ ၃၀ ရက်အတွင်း အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့မင်္ဂလာရပ်သို့သွားရောက်ပြီး ဦးဖေချစ် ၁၀၁ နှစ်၊ ဒေါ်ကြည်ကြည် (၁၀၀) နှစ် အပါအဝင် အသက် ၉၀ နှစ်အထက် ဘိုးဘွား ၁၀ ဦးအတွက် တစ်ဦးလျှင် သုံးလစာထောက်ပံ့ငွေကို ဘိုးဘွားများလက်ဝယ်သို့ အိမ်တိုင်ရာရောက်ရှိသေစွာ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက် ၉၀ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ ပေးအပ်နိုင်ရေးအတွက် ရပ်/ကျေးဥက္ကဋ္ဌ၊ ရပ်မိရပ်ဖနှင့်အခြေခံပညာ ကျောင်းဆရာမတို့ပါဝင်သော သုံးဦးပါအဖွဲ့က ကနဦးသုံးလစာထောက်ပံ့ငွေကို ဇွန်လနောက်ဆုံးပတ်အတွင်း ဘိုးဘွားများလက်ဝယ်သို့ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်မည်ဖြစ်ပြီး ကျန်လများအတွက် သုံးလတစ်ကြိမ် ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ထားရှိသော်လည်း တစ်လတစ်ကြိမ် ထောက်ပံ့နိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ရေရှည်တွင် အသက်သတ်မှတ်ချက်ကို လျှော့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ထောက်ပံ့ရာတွင် ပြည်သူ့လက်ဝယ်အရောက် ထောက်ပံ့နိုင်ရေးအစီအစဉ်အဆင့်ဆင့်နှင့် နည်းပညာများတွင် နိုင်ငံတကာသက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့ (Help Age International) ကလည်း ပူးပေါင်းကူညီလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ပြည်သူ့မီဒီယာတစ်ရပ် ဖြစ်ပေါ်လာစေရေး အကြံပြုဆွေးနွေး

**နေပြည်တော် ဇွန် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကို(UNESCO)တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် Dialogues on Freedom of Expression Issues Focus on Public Service Broadcasting နှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် ယူနက်စကိုမြန်မာမှ Media Development Expert Mikel Agurri Idiaquez တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ယူနက်စကိုမြန်မာမှ အကြံပေး Romon R. Tuazon က ပြည်သူ့ဝန်ဆောင်မှုမီဒီယာနှင့် စပ်လျဉ်းသည့်အကြောင်းအရာများကို လည်းကောင်း၊ Australian Broadcasting Corporation International Development မှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံ၌ စတင်ဆောင်ရွက်မည့် ပြည်သူ့ဝန်ဆောင်မှုမီဒီယာ လုပ်ငန်းစဉ်အပေါ် အကြံပြုချက်များကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး ဦးဇေယျာက ပြည်သူ့ဝန်ဆောင်မှု ရုပ်မြင်သံကြားဥပဒေကြမ်းနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။




ယင်းနောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ပြည်သူ့မီဒီယာတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲကို ပြည်သူ့ကိုယ်စားပြုသည့် မီဒီယာတစ်ရပ် ပြည့်ပြည့်ဝဝ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် မီဒီယာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ၂၀၀၂ ခုနှစ်မှ စဉ်ဆက်မပြတ်စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အမှန်တကယ် ပြည်သူများကိုယ်စားပြုသည့် မီဒီယာတစ်ရပ်ပေါ်ထွက်လာရန် လိုအပ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှု ရုပ်မြင်သံကြားအဖြစ် ပြောင်းလဲရာတွင် ကျွမ်းကျင်မှုရှိသည့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများလိုအပ်ပြီး တိုးတက်လာသည့်နည်းပညာများကို လိုက်နာနိုင်ရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မီဒီယာလွတ်လပ်ခွင့်ရှိပြီး မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် မီဒီယာတစ်ရပ် ပေါ်ထွက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားကြသည်။

ယနေ့ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများနှင့်ယူနက်စကိုမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

## အသက် ၉၀နှစ်အထက် ဘိုးဘွားများအတွက် လူမှုရေးပင်စင်ထောက်ပံ့

**ဂန့်ဂေါ**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ အသက် ၉၀ နှစ်အထက် အဘိုးအဘွားများအတွက် လူမှုရေးပင်စင်ပေးအပ်ပွဲနှင့် ဂန့်ဂေါမြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လစဉ်ပုံမှန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးသစ္စာက လူမှုရေးပင်စင် ထောက်ပံ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လူမှုရေးပင်စင် ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဂန့်ဂေါမြို့နယ် ရပ်ကွက်၊ ကျေးရွာများရှိ အသက် ၉၀ နှစ်အထက် အဘိုးအဘွား တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ဧပြီ၊ မေ၊ ဇွန်လများအတွက် ဂန့်ဂေါမြို့နယ်ရှိ အသက် ၉၀ နှစ်အထက် အဘိုးအဘွား ၈၉ ဦးအတွက် လူမှုရေးပင်စင်များကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်သည်။

**(ခရိုင် ပြန်/ဆက်)**

**ရေတာရှည်**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ အသက် ၉၀ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က လူမှုရေးပင်စင် ထောက်ပံ့ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စု ၄၂ အုပ်စုမှ ဘိုးဘွား ၁၂၁ ဦးအား တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဧပြီ၊ မေ၊ ဇွန် သုံးလစာ တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်း စုစုပေါင်း ၃၆ သိန်းသုံးသောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပေးအပ်ခဲ့သည်။

**ကိုလွင်(ဆွာ)**

**တန့်ယန်း**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် အသက် ၉၀ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက လူမှုရေးပင်စင်ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းကာ မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ လူမှုရေးပင်စင်ခံစားရရှိသူ စုစုပေါင်း ၁၄ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်သည်။ **မင်းလွင်ဦး(ပြန်/ဆက်)**

**ဇမ္ဗူသီရိ**

ဇမ္ဗူသီရိမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ အသက် ၉၀ နှစ်အထက် ဘိုးဘွားများအား အမျိုးသားလူမှုရေးပင်စင်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်စား ဒုတိယဦးစီးမှူး ဦးဘုန်းကျော်ဦးက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ဇွန် ၁၅ ရက် မွန်းတည့် ၁၂ နာရီကပေးအပ်ခဲ့ပြီး အဆိုပါ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကာယကံရှင် ဘိုးဘွားများထံသို့ အိမ်တိုင်ရာရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်း အမျိုးသားလူမှုရေးပင်စင်ခံစားခွင့်ရရှိသူ ၃၃ ဦး ရှိသည်။ **ခင်ဇော်(မင်္ဂလာ)**

---

❋ *ကျော့ဖုံးမှ*

များ ဖောက်လုပ်ခြင်း၊ ရေကာတာများပြုလုပ်ခြင်းနှင့် ယာဉ်ဖြတ်သန်းသွားလာမှု ထိန်းသိမ်းပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါနေရာတွင် ပိတ်ဆို့နေသည့် မော်တော်ယာဉ် ၁၄၁ စီးသည် နယ်မြေခံတပ်မတော်သားများနှင့် အမ်းမြို့နယ် လမ်း၊ တံတားဦးစီးဌာနမှ ပူးပေါင်းအဖွဲ့များ၏ လမ်းပြင်ဆင်ကူညီဆောင်ရွက်ပေးမှုနှင့် လမ်းကြောင်းထိန်းသိမ်းဆောင်ရွက်ပေးခဲ့မှုတို့ကြောင့် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် လိုရာခရီးသို့ ဆက်လက်သွားနိုင်ပြီဖြစ်ကြောင်းနှင့် ယင်းမြေပြိုကျရာနေရာသို့ ပေ ၂၀၀ အရှည်ရှိ ဘေလီတံတားထိုး၍ ယာဉ်များအန္တရာယ်ကင်းစွာဖြတ်သန်းသွားလာနိုင်ရေး ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရန်ကုန်-အမ်း-စစ်တွေ ကားလမ်းတွင် မိုးသည်းထန်ပြီး လမ်းများ ပျက်စီးမှုကြောင့် ပြည်သူများ ခက်ခဲစွာသွားလာနေရစဉ်

---

❋ *ကျော့ဖုံးမှ*

အညီ ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရပြီး ပြေးဆွဲသွားမည့်ရထားများ၏ ရုပ်ပိုင်းဆိုင်ရာများပါ ပြောင်းလဲ၍ ခေတ်မီတွဲများ၊ စက်ခေါင်းများဖြင့် အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။ အဆိုပါ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း ၃၈၅ ဒသမ ၅ မိုင်ကို အဆင့်မြှင့်တင်မှုစီမံကိန်းတွင် နိုင်ငံတော်မှ ငွေကျပ် ၄၂၈ ဘီလီယံနှင့် JICA မှ ODA ချေးငွေ ဂျပန်ယန်းငွေ ၂၇၁ ဒသမ ၆၄ ဘီလီယံ အကုန်အကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

# အမှောင်ခွင်း၍ အလင်းဆောင်မည့် ရွှေကျင်ရေအားလျှပ်စစ်

**မျိုးတင့်ထွန်း**

လျှပ်စစ်ကဏ္ဍသည် အခြေခံကျသောလူမှုရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍများ တိုးတက်လာစေရန်အရေးပါသောအခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ သဘာဝရေစီးကိုအသုံးပြု၍လည်းကောင်း၊ ရေလှောင်တမံများ တည်ဆောက်၍ လည်းကောင်း ရေအရင်းအမြစ်ကို အသုံးချ၍ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာသော ရေအားဖြင့် ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းမှာအဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအောက်၌ ယခုလက်ရှိ ဓာတ်အားပေးစက်ရုံ ၂၆ ရုံရှိပြီး ဌာနမှတာဝန်ယူတည်ဆောက်ခဲ့သော ဓာတ်အားပေးစက်ရုံ ၁၉ ရုံ ရှိပါသည်။ ဌာနမှတာဝန်ယူတည်ဆောက်ခဲ့သည့် ဓာတ်အားပေးစက်ရုံ ၁၉ ရုံတွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနအနေဖြင့် တမံအပါအဝင် တည်ဆောက်ခဲ့သော စက်ရုံခုနစ်ရုံရှိပြီး ကျန်စက်ရုံများ၏ တမံပိုင်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တည်ဆောက်ခဲ့သော ဓာတ်အားပေးစက်ရုံများ၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနလက်အောက်ရှိ ထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တည်ဆောက်ခဲ့သည့် ရေလှောင်တမံ ခုနစ်ခုတွင် ရွှေကျင်ရေလှောင်တမံသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

**အကြိမ်ကြိမ်စူးစမ်းလေ့လာမှုများ**

ရွှေကျင်ရေလှောင်တမံသည် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်းရေအားလျှပ်စစ် စီမံကိန်းများတွင်တစ်ခုအပါအဝင် ဖြစ်ပြီး စစ်တောင်းမြစ်၏မြစ်လက်တက်တစ်ခုဖြစ်သည့် ရွှေကျင်ချောင်းပေါ်တွင် ၁၉၆၄ ခုနှစ်မှစတင်ကာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးအတွက် စူးစမ်းလေ့လာမှုများပြုလုပ်ကာ ဘက်စုံစီမံကိန်းတစ်ခုအဖြစ် အဆိုပြုခဲ့သော စီမံကိန်းဖြစ်ပါသည်။ ထို့နောက် ၂၀၀၁ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ရေအားလျှပ်စစ်ဦးစီးဌာနတို့မှ စီမံကိန်းဖြစ်မြောက်နိုင်မှုအခြေအနေများအား အကြိမ်ကြိမ်စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။

စီမံကိန်းအသေးစိတ်ဒီဇိုင်းပုံစံထုတ်ခြင်းလုပ်ငန်းများအား ရေအားလျှပ်စစ်ဦးစီးဌာနနှင့် ဂျပန်နိုင်ငံမှ အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ဖြစ်သည့် The Kansai Electric Power Co, Inc တို့ တွဲဖက်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းအား ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ ယခုအခါ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် တပ်ဆင်စက်အင်အား ၇၅ မဂ္ဂါဝပ်ဖြင့် နိုင်ငံတော် ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုစွမ်းအားအပြည့် လည်ပတ်မောင်းနှင်၍ ထောက်ပံ့ပေးလျက်ရှိပါသည်။

**ထည့်သွင်းတည်ဆောက်ထား**

ရွှေကျင်ရေလှောင်တမံသည် ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပြီး အလျားပေ ၃၆၁၀၊ အမြင့် ၁၈၅ ပေ ရှိပါသည်။ ရွှေကျင်မြို့၏နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ ၁၄၄ လက်မရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေမှာ ဧကပေ ၂၀၁၀၀၀၀ ရှိပါသည်။ ကန်ရေပြည့်သိုလှောင်နိုင်သည့် ပမာဏမှာဧကပေ ၁၆၈၅၀၀၀ ဖြစ်သဖြင့် သိုလှောင်နိုင်သည့် ရေပမာဏအား နှစ်စဉ် လုံလောက်စွာရရှိပါသည်။ ကန်ရေပြည့်ထက်ပိုလျှံသည့် စီးဝင်ရေများကို ထုတ်လွှတ်နိုင်ရန် ရေတံခါးလေးပေါက်ပါသည့် ရေပိုလွှဲထည့်သွင်းတည်ဆောက်ထားပါသည်။ ထို့အပြင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းစသော သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရပါက တမံအားထိခိုက်မှုမဖြစ်ပေါ်စေရန် ရေတံခါးမပါသည့် အကူရေပိုလွှဲတစ်ခုကိုလည်း ကြိုတင်တွက်ဆ၍ ထည့်သွင်းထားပါသည်။

ရွှေကျင်တမံအား ထိခိုက်ပျက်စီးမှုမရှိစေရန်အတွက်လည်းကောင်း၊ တမံ၏ သက်တမ်းကြာရှည်ခံစေရန်အတွက်လည်းကောင်း၊ တမံနှင့် ဆက်စပ်အစိတ်အပိုင်းများအားလုံးကို ကျွမ်းကျင်ဝန်ထမ်းများမှ နေ့စဉ်မျက်မြင်စစ်ဆေးခြင်း၊ ရေစိမ့်နှုန်းတိုင်းတာခြင်း၊ တမံရေမျက်နှာပြင်နိမ့်၊ မြင့်အမှတ် တိုင်းတာမှတ်တမ်းတင်ခြင်း၊ နေ့စဉ် မိုးရေချိန်တိုင်းတာခြင်း၊ မြေအောက်ရေနိမ့်၊ မြင့်မှတ်တိုင်းတာခြင်း၊ တမံအတွင်း ရေဖိအားတိုင်းတာခြင်းစသော ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်ပါသည်။ ဝန်ထမ်းနှင့် လုပ်သားစုစုပေါင်းအင်အား ၅၀ ခန့်ဖြင့် ရွှေကျင်တမံအား နေ့/ည စောင့်ကြည့်စစ်ဆေးသကဲ့သို့ လိုအပ်ပါက တမံအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်နိုင်ရန် စက်ယန္တရားကြီးများနှင့် မော်တော်ယာဉ်များပါ တမံစခန်းတွင် အသင့်ထားရှိပါသည်။ ဤသို့ဖြင့် ရွှေကျင်ရေလှောင်တမံ အန္တရာယ်ကင်းရှင်းစေရန် လိုအပ်ချက်များရှိပါက အချိန်မီသိရှိဆောင်ရွက်နိုင်ရန် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ရွှေကျင်တမံတည်ဆောက်ခြင်းမပြုရသေးမီ ယခင်အချိန်ကာလများတွင် ရွှေကျင်မြို့နှင့် မဒေါက်မြို့တို့တွင် နှစ်စဉ်ရေကြီးခြင်း၊ လမ်းများပေါ်ရေကျော်ခြင်းများ ကြုံတွေ့ခံစားခဲ့ရပါသည်။ ရွှေကျင်တမံတည်ဆောက်ပြီးနောက်ပိုင်းတွင် ရွှေကျင်ချောင်းရေများကိုတမံမှထိန်းပြီး သိုလှောင်နိုင်သည့်အတွက်တမံ၏ အောက်ဘက်ရှိ



ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုတွေ့ရစဉ်

ထိုသို့ ပုံမှန်စစ်ဆေးခြင်းအပြင် -

(၁) တမံရေမှတ်သည် ကန်ရေပြည့်မှတ်သို့ရောက်ရှိနေသည့် မိုးရာသီနှောင်းပိုင်းနှင့်ဆောင်းရာသီအစပိုင်းတွင် တမံ၏အောက်ခြေနှင့်တမံပတ်ဝန်းကျင်တွင် ရေစိမ့်ထွက်မှုနှုန်း (Seepage) အားစစ်ဆေးခြင်း၊

(၂) တမံရေကျချိန်ဖြစ်သော နွေရာသီနှောင်းပိုင်းနှင့် မိုးရာသီအစပိုင်းတွင် တမံ၏ ရှေ့မျက်နှာပြင် (Upstream Face) အားစစ်ဆေးခြင်း၊

(၃) မိုးသည်းထန်စွာရွာခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းများတိုက်ခတ်ပြီးချိန် စစ်ဆေးခြင်း၊

(၄) ငလျင်လှုပ်ခတ်ပြီးချိန်တွင်ထူးခြားမှုရှိ/မရှိအထူးဂရုစိုက်၍လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**စက်ယန္တရားကြီးများ**

ထိုမျှသာမက မိုးရာသီကာလဖြစ်သော ဇူလိုင်လမှ အောက်တိုဘာလအထိ မြို့ရွာများမှာ ရေကြီးခြင်းအန္တရာယ်နှင့် ကင်းဝေးခဲ့ရပါသည်။ ရွှေကျင်ဓာတ်အားပေးစက်ရုံနှင့် နီးကပ်စွာတည်ရှိသည့် ရွှေကျင်မြို့ မဒေါက်မြို့တို့မှာလည်း လျှပ်စစ်မီးပြည့်ဝစွာအသုံးပြုနိုင်ပါသည်။ ထို့အပြင် ရွှေကျင်ဒေသပွဲတော်ဖြစ်သော ရွှေကျင်မီးမျှောပွဲအတွက် လိုအပ်သောရေအားရေပိုလွှဲနှင့်ဓာတ်အားပေးစက်ရုံတို့မှ အလွယ်တကူ ထုတ်လွှတ်ပေးနိုင်ခြင်း၊ အခြားအချိန်များတွင် သောက်သုံးရေအတွက် ဓာတ်အားပေးစက်များမောင်းနှင်၍ ထုတ်လွှတ်ပေးခြင်းများဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ရွှေကျင်ရေအားလျှပ်စစ်ရေလှောင်တမံသည် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရာတွင် အထောက်အကူပြုခြင်း၊ ရွှေကျင်မြို့နှင့် မဒေါက်မြို့များအား ရေကြီးခြင်းမှ ကာကွယ်ပေးခြင်း၊ သောက်သုံးရေအား တစ်နှစ်ပတ်လုံးမပြတ်စေရန် ထိန်းညှိထုတ်လွှတ်ပေးခြင်းစသော ကောင်းကျိုးများဖြစ်ထွန်းစေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအကြောင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၅**

မြန်မာနိုင်ငံ၏ ငါးဖမ်းဆီးခြင်းလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများအပေါ် အားထားမှုပြုနေရသည့် အသက်မွေးဝမ်းကျောင်းများအနေဖြင့် ရာသီဥတုထိခိုက်မှုဒဏ်စသည်တို့အပေါ် ကြံ့ကြံ့ခံနိုင်မှုရှိနိုင်စွမ်းနှင့် လိုက်လျောညီထွေမှုရှိနိုင်စွမ်းတို့ အားကောင်းလာစေရန် ဖြည့်တင်းပေးမှုဆိုင်ရာကနဦးအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က နေပြည်တော် Kempinski Hotel ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်



ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မှ ဌာနေကိုယ်စားလှယ် Ms. Xiaojie Fan၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ရာသီဥတုပြောင်းလဲမှုနှင့် အညီလိုက်လျောညီထွေဖြစ်စေရေးအတွက် သတင်းအချက်အလက်များ အသိပေးပြောကြားခြင်းနှင့် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်သည့် ဆန်းသစ်သောလုပ်ငန်းရပ်များ၊ နည်းပညာရပ်များနှင့် ခုခံနိုင်မှုအားနည်းခြင်းဆိုင်ရာ ပျော့ကွက်များအားလျှော့ချခြင်းအပေါ် သဘောပေါက်နားလည်ခြင်းဖြင့် ကုန်းတွင်းရေချိုငါးလုပ်ငန်း၊ ကမ်းခြေဒေသငါးလုပ်ငန်း၊ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းရပ်များနှင့် နှီးနွှယ်ဆက်စပ်၏ သူများအား အထောက်အကူပြုစေရန်တို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆွေးနွေးပွဲတွင် ငါးဖမ်းဆီးခြင်းနှင့် ရေသတ္တဝါမွေးမြူရေးကဏ္ဍတို့တွင် လိုက်လျောညီထွေမှုရှိနိုင်စွမ်းအပေါ် ပံ့ပိုးမှုပြုလုပ်ပေးနိုင်ရန်အတွက် ငါးလုပ်ငန်းကိစ္စရပ်များအား ထိန်းသိမ်းရန်အခွင့်အာဏာရရှိထားသည့် နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်စသည့်အဖွဲ့အစည်းများ၏ မူဘောင်များအားကောင်းလာစေရန်၊ မြန်မာနိုင်ငံ၏ ထိခိုက်လွယ်သည့် ကမ်းခြေဒေသများနှင့် ကုန်းတွင်းရေချိုဒေသများရှိ ငါးဖမ်းဆီး/ မွေးမြူသည့် ဒေသများနှင့် ငါးဖမ်းဆီး/ မွေးမြူသူများအတွက်အရေးပါသည့်လိုက်လျောညီထွေမှုရှိနိုင်စွမ်းဆိုင်ရာ လက်တွေ့သရုပ်ပြသခြင်းများ တိုးမြှင့်လုပ်ဆောင်ရန်တို့ကို လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှု ကြုံတွေ့နိုင်သည့် ရေသတ္တဝါ မွေးမြူရေးကဏ္ဍ (ရာသီဥတု၊ ထိခိုက်မှုဒဏ်စသည်တို့အပေါ်) ကြံ့ကြံ့ခံနိုင်မှုရှိနိုင်စွမ်းအားကောင်းလာစေရန်လိုက်လျောညီထွေမှုရှိသည့် စံပြုပုံစံများ ဖွံ့ဖြိုးလာစေရေးနှင့် အသုံးချတတ်စေရေးတို့ကို လည်းကောင်း၊ အသိပညာပိုင်းဆိုင်ရာကိုင်တွယ်ဖြေရှင်းပေးမှု၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း၊လိုက်လျောညီထွေမှုရှိနိုင်စွမ်းဆိုင်ရာ အလေ့အထများကျွမ်းကျင်မှုရှိလာစေရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ကျွမ်းကျင်မှုမြှင့်တင်ခြင်း၊ သင်ခန်းစာ၊ အတုယူဖွယ်ကိစ္စရပ်များအား လေ့လာသင်ကြားမှု ဖွံ့ဖြိုးလာစေရေးနှင့် အဆိုပါလေ့လာသင်ကြားမှုအပေါ် သက်ဆိုင်သူအားလုံးတို့ထံ ဖြန့်ချိပေးခြင်းဆိုင်ရာတို့ကိုလည်းကောင်း ကဏ္ဍရပ်များအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ၂၀၁၇- ၂၀၁၈ အင်္ဂလိပ်စာမေးခွန်းပုံစံကို ပညာရှင်ပါမောက္ခများနှင့် ပြန်လည်သုံးသပ်ပြီး ဖြစ်ထိုက်သောမေးခွန်းပုံစံဖြစ်ရေး ညှိနှိုင်းဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၁၅**

သဒ္ဒါအပါအဝင် ဘာသာစကားစွမ်းရည် မြင့်မားရေးအတွက် ယခုအသုံးပြုနေသော အင်္ဂလိပ်စာမေးခွန်းပုံစံကို အင်္ဂလိပ်စာ ပညာရှင်ပါမောက္ခများနှင့် ပြန်လည်သုံးသပ်ပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဖြစ်သင့်ဖြစ်ထိုက်သောမေးခွန်းပုံစံဖြစ်ရေး အတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း၏ **အခြေခံပညာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်ဆိုင်ရာမေးခွန်းများ၌ အင်္ဂလိပ်ဘာသာရပ်မေးခွန်းပုံစံကို သဒ္ဒါဦးစားပေးသော အင်္ဂလိပ်စာမေးခွန်းပုံစံအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပုံစံသစ်ပြောင်းလဲမေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း

### သင်ရိုးသစ်ရေးဆွဲမှု

ထို့ပြင် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမျိုးသား ပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ပညာရေးဖွဲ့စည်းပုံစနစ်သစ် (KG + 12) ကို ၂၀၁၆- ၂၀၁၇ ပညာသင်နှစ်မှစ၍ သူငယ်တန်း (KG)သင်ရိုးသစ်ဖြင့် စတင်ပြောင်းလဲ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ သင်ရိုးသစ်ရေးဆွဲမှုများအနေဖြင့် မူလတန်းအဆင့် ပထမတန်းမှ ပဉ္စမတန်းအထိ သင်ရိုးသစ်များကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစ၍ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အထိ လည်းကောင်း၊ အလယ်တန်းအဆင့် အဋ္ဌမတန်းမှ နဝမတန်း အထိ သင်ရိုးသစ်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစ၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိလည်းကောင်း၊ အထက်တန်း အဆင့် ဒသမတန်းမှ ဒွါဒသမတန်းအထိ သင်ရိုးသစ်များကို ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစ၍ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် အထိလည်းကောင်း အသီးသီးရေးဆွဲဆောင်ရွက်မည် ဖြစ်ပါ ကြောင်း၊ သင်ရိုးသစ်ရေးဆွဲမှုများမှထွက်ရှိလာမည့် သင်ရိုး ညွှန်တမ်းအသစ်၊ သင်ရိုးညွှန်းတမ်းမူဘောင်၊ သင်ကြားနည်း၊ စစ်ဆေးအကဲဖြတ်သည့်စနစ်နှင့် မေးမြန်းမည့်မေးခွန်းပုံစံများ ကိုလည်း သင်ရိုးသစ်များနှင့် ကိုက်ညီမှုရှိအောင် ပြုပြင် ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်တစ်ခု၏ ဦးတည်ချက်များကို အောင်မြင်ရန်အတွက် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည်များကို စနစ်တကျ ပြင်ဆင် မှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### တစ်ထပ်ကျောင်းဆောင်

အစည်းအဝေးတွင် ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **မာမိန်အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ လယ်မယ်ဝါကျီ မူလွန်ကျောင်း၊ မာမိန်ရှီဒီးအခြေခံပညာမူလတန်းကျောင်း၊ ဒုတ္တန်အခြေခံပညာမူလတန်းကျောင်းတို့အား ကျောင်းဆောင် သစ်အစားထိုးဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် ပူတာအို မြို့နယ် မာမိန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပေ(၁၂၀ × ၃၀) သွပ်မိုးအုတ်ညှပ် တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန် အတွက် ငွေကျပ် ၄၆ ဒသမ ၈၀ သန်း ခွဲဝေပေးပြီး ဖြစ်ပါ ကြောင်း။

လယ်မယ်ဝါကျီကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်း၊ မာမိန်ရှီဒီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဒုတ္တန်ကျေးရွာ အခြေခံမူလတန်းကျောင်းများသည် ယမန် နှစ်ဘတ်ဂျက်တင်ပြစဉ်က အခြားကျောင်းများနှင့်ယှဉ်လျှင် ဦးစားပေးအဆင့်တွင် မပါရှိခဲ့ပါကြောင်း၊ အဆိုပါကျောင်းသုံး ကျောင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထား ဆောင်ရွက်ချိန်တွင် ၎င်းကျောင်းများ၏ အခြေအနေအပေါ် မူတည်၍ အကြီးစားပြင်ဆင်ခြင်း၊ အန္တရာယ်ရှိကျောင်းဆောင် အဖြစ် သတ်မှတ်ခြင်း၊ ဖျက်သိမ်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေး အစီအစဉ်များအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်

*စာမျက်နှာ ၈ သို့*

# ဆရာဝန်အင်အားလုံလောက်မှုမရှိသဖြင့် အကျဉ်းထောင်၊ စခန်းများတွင် ကျန်းမာရေးအသိအမှတ်ပြုဘွဲ့ရများထဲမှ ဆန္ဒပြုသူကျန်းမာရေးဝန်ထမ်းများရှိပါက သီးသန့်ခန့်အပ်ပေးသွားမည်

**နေပြည်တော် ဇွန် ၁၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဘဏ္ဍာငွေအသုံးပြုခဲ့ခြင်း မရှိ

အစည်းအဝေးတွင် **ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်သန်း၏ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့မစည်ပင်သာယာဈေးကြီး၏ ပျံကျဈေးသစ်နေရာအား ကိုယ်ကျိုးအတွက် ရောင်းချထားသူများကို အရေးယူပေးရန်နှင့် ကူးတို့ခကို သတ်မှတ်နှုန်းထက်ပို၍ ကောက်ခံမှုကို အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ကျောက်ဖြူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး အတွင်း ပျံကျဈေးခုံ ဆောက်လုပ်ခဲ့ခြင်းသည် နိုင်ငံတော်၏ ဘဏ္ဍာငွေအသုံးပြုခဲ့ခြင်း မရှိပါ ကြောင်း၊ ဈေးသန့်ရှင်းမှုနှင့် စနစ်တကျ ရောင်း ဝယ်မှုတို့ကို အထောက်အကူဖြစ်စေရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အမှုဆောင်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးလှဖော်ဇံနှင့် ညှိနှိုင်း ၍ ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဦးက ခေတ္တ ငွေစိုက်ထုတ်ကာ အောက်ခံအုတ်ရိုးခင်း၊ သံပဟင် ဂလင်၊ သံပြားခင်းပျံကျဈေးခုံ ၃၂၁ ခုံ ဆောက် လုပ်ခဲ့ပါကြောင်း။

သို့သော် ဆောင်ရွက်မည့် အစီအမံကို သက်ဆိုင်ရာ ပြည်နယ်သို့ တင်ပြမှုမရှိခြင်း၊ ပျံကျ ဈေးသည်များအား မူဝါဒနှင့်ကိုက်ညီမှုမရှိဘဲ နေရာချထားပေးခဲ့ခြင်း၊ ဈေးသူ၊ ဈေးသားများ၏ ဆန္ဒခံယူမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့မှု မရှိခြင်းများ တွေ့ရှိရသည့်အတွက် ပြည်နယ် အစိုးရ၏ လမ်းညွှန်ချက်အရ ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် ဖွဲ့စည်း စစ်ဆေးခဲ့ပါကြောင်း၊ စစ်ဆေးရေးအဖွဲ့၏ အစီရင် ခံစာတင်ပြချက်အပေါ် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက် အရ ပျံကျဈေးခုံများ ဆောက်လုပ်ခဲ့ချိန်မှစ၍ သုံးနှစ်ကာလဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် နောက်ပိုင်းတွင် ပျံကျဈေးသည်များအား ပြန်လည် နေရာချထားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း။

ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကင်း ကူးတို့နှင့် အုန်းချောင်းကူးတို့လုပ်ငန်းဟူ၍ ကူးတို့ နှစ်ခုရှိပါကြောင်း၊ ကူးတို့လုပ်ငန်း လုပ်ကိုင်သူ တို့အား ကူးတို့လိုင်စင်စည်းကမ်းချက်နှင့်အညီ လိုက်နာရန် ညွှန်ကြားထားပြီး စည်းကမ်းဖောက် ဖျက်ပါက သတိပေးဆောင်ရွက်သွားမည်ဖြစ်ကာ လိုက်နာခြင်းမရှိပါက လိုင်စင်ရုပ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အုန်းချောင်းကူးတို့လိုင်စင်မူလရ ရှိသူက ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၂၀၀ နှုန်း သတ်မှတ်ထားသော်လည်း ငွေကျပ် ၃၀၀ နှုန်း တိုးမြှင့် ကောက်ခံနေသည်ဟု တင်ပြလာခြင်း အပေါ် ကွင်းဆင်းစစ်ဆေးပြီး အလားတူထပ်မံ မဖြစ်ပေါ်စေရေးအတွက် ခေါ်ယူသတိပေး ဆောင် ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးကိုကိုနိုင်၏ **မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင် ၄၆ ထောင်အတွက် အကျဉ်း ထောင် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး မှူးများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာ သီးသန့်ခန့်အပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးက အကျဉ်းဦးစီးဌာနရှိ အကျဉ်းသူ၊ အကျဉ်းသား၊ အချုပ်သူ၊ အချုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှု တာဝန်ထမ်းဆောင် ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူ ဝန်ထမ်းကိုသာလျှင် တာဝန်ထမ်းဆောင်ခွင့်ပြုရ သဖြင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်တင်းနိုင် ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ် မေ ၃၀ ရက်၊ နိုဝင်ဘာ ၅ ရက်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက် ရက်စွဲပါ စာများဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ ညှိနှိုင်းချက်အရ အကျဉ်းထောင်၊ စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနရှိ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနတို့မှ ပြည်သူ့ဝန်ထမ်းများ၊ သန္ဓေကျန်းမာရေးဝန်ထမ်းများကိုသာ အလှည့်ကျ တာဝန်ချထားခြင်း၊ လိုအပ်ပါက ဆေးရုံတင်စေပြီး အထူးကုဆရာဝန်များ၏ စောင့်ရှောက်မှုလိုပါက လည်း အထူးကု ဆရာဝန်ရှိသောမြို့ရှိ ဆေးရုံများ တွင် လိုအပ်သောကုသမှုကို အခြားလူနာများနှင့် ကွာခြားမှုမရှိစေဘဲ တာဝန်ယူဆောင်ရွက်ပေး လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးကိုကိုနိုင်

### အလှည့်ကျ တာဝန်ချ

ဗဟိုအဆင့် အကျဉ်းထောင်များရှိ အကျဉ်း သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်များ တာဝန်ချထားခြင်းအပြင် အင်းစိန်အထွေထွေ ရောဂါကုဆေးရုံကြီး၊ မြောက်ဥက္ကလာပ ပြည်သူ့ ဆေးရုံကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်မြို့)၊ မန္တလေးပြည်သူ့ဆေးရုံကြီး၊ သာ ယာဝတီပြည်သူ့ဆေးရုံကြီးတို့မှ အထူးကု ဆရာဝန်ကြီးများမှ ကျန်းမာရေးစောင့်ရှောက်မှု များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခုခံအား ကျကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှလည်း အကျဉ်းသားများအတွက် ကျန်းမာရေးစောင့် ရှောက်မှုများကို ရွေ့လျားဆေးခန်း(Mobile Team)အဖြစ် ကုသမှုဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း၊ ယခင်က ကုသရေးဦးစီးဌာနမှ တာဝန်ချ ထား၍ လက်ထောက်ဆရာဝန်ခန့်ထားခဲ့သော် လည်း ယခုအခါ မိခင်ဌာန၌ပင် လက်ထောက် ဆရာဝန် နည်းပါးမလုံလောက်ခြင်းများ ဖြစ်ပေါ် နေသဖြင့် အကျဉ်းထောင်အများစုကို အလှည့်ကျ တာဝန်ချထားခြင်းဖြင့်သာ ကျန်းမာရေးစောင့် ရှောက်မှုပေးနိုင်မည်ဖြစ်ပါကြောင်း၊

အကျဉ်းသူ၊ အကျဉ်းသား၊ အချုပ်သူ၊ အချုပ် သားများကို ကျန်းမာရေးစောင့်ရှောက်မှုပေး နိုင်ရန် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများ ကို ထပ်မံဖြည့်တင်းပေးနိုင်ရေးအတွက် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဆရာဝန်အင်အား လုံလောက်မှုမရှိသဖြင့် အခြား ဝန်ကြီးဌာနများသို့ ထပ်မံခန့်ထားပေးရန် အစီ အစဉ်မရှိသေးသောကြောင့် ပြည်ထဲရေးဝန်ကြီး ဌာန အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းထောင်၊ စခန်းများတွင် ကျန်းမာရေးအသိအမှတ်ပြုဘွဲ့ရ များထဲမှ ဆန္ဒပြုသူ့ကျန်းမာရေးဝန်ထမ်းများ ရှိပါက သီးသန့်ခန့်အပ်ပေးသွားမည်ဖြစ်ပါ ကြောင်း၊ လက်ရှိ ကျန်းမာရေးဝန်ထမ်းများဖြင့် နေ့စဉ်ကြည့်ရှုကုသမှုပေးခြင်း၊ လိုအပ်ပါက အကျဉ်းထောင်ဆေးရုံနှင့် ပြင်ပဆေးရုံများတွင် တက်ရောက်ကုသနိုင်ရေး စီမံဆောင်ရွက်လျက် ရှိခြင်း၊ ကုသရေးဦးစီးဌာနလက်အောက် ဆေးရုံ များမှ အထူးကုဆရာဝန်ကြီးများက လစဉ် လာရောက်ကုသပေးလျက်ရှိခြင်း၊ ကျန်းမာရေးကို အထောက်အကူပြုစေသော သောက်သုံးရေ၊ အိမ်သာနှင့် အိပ်ဆောင်တိုးချဲ့ဆောက်လုပ်ခြင်း ကို နှစ်အလိုက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးတက်ထွန်းအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးနော်နဂျာတန်တို့၏ မြို့မြေအဖြစ် သတ်မှတ်နေထိုင်ခွင့်ပြုရန် မေးခွန်း နှင့် စားကျက်မြေသတ်မှတ်ပေးရန် မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စား လှယ်များက ဆွေးနွေးကြသည်။

### စာချုပ်စာတမ်းမှတ်ပုံတင်

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ ဒေါ်နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးက ပြည်သူများအနေဖြင့် နှစ်ပေါင်းများစွာ စာချုပ် စာတမ်းများကို တရားဝင်မှတ်ပုံတင်ရမည်ဟု မသိသည့်အပြင် အလွယ်တကူ စာချုပ်များ လည်း ချုပ်ဆိုခဲ့ကြပါကြောင်း၊ အကျင့်ပျက်ခြစား မှုများနှင့် ပြဿနာများလည်းဖြစ်ခဲ့ပြီး မူလဥပဒေ ၏အကျိုးကို မခံစားခဲ့ရပါကြောင်း ဥပဒေ၏ ခိုင်မာမှုနှင့် လုံခြုံမှုကို သိရှိလာပါက တရားဝင် စာချုပ်စာတမ်းများတွင် မှတ်ပုံတင်လာကြမှာ ဖြစ်ပြီး နိုင်ငံတော်၏အခွန်လည်း တိုးတက်ရရှိ လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ မှတ်ပုံတင်ဌာန၊ အခွန်ဌာနနှင့် အစိုးရအနေ ဖြင့် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်နှင့် စနစ်တကျ စာချုပ်စာတမ်းမှတ်ပုံတင်လာစေရန် စည်းရုံးပညာပေးလုပ်ဆောင်ရန် လိုအပ်ပါ ကြောင်း ဆွေးနွေးသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဌေးဦးနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့က ဆက်လက် ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဇွန်လ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

**အောင်ရဲသွင်၊အေးအေးသန့်(သတင်းစဉ်)**

**စာမျက်နှာ ၇ မှ**

ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာ ဦးလင်းလင်းကျော်နှင့် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုးတို့၏ တတိယတန်း မြန်မာဖတ်စာအုပ်ပါ "အောင်ဆန်းဇာနည်" ကဗျာတွင် မူရင်းကဗျာဆရာအမည်နှင့် မူရင်းကဗျာစာသားဖော်ပြပေးရန်နှင့် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ပေးရန်ဆိုင်ရာ မေးခွန်းများကိုလည်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းတင်သွင်းထားသည့် **"နိုင်ငံသားများအား စားသုံးသူပညာပေးရေး (Consumer Education) ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူ သုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသောအစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသောဝန်ဆောင်မှုများ ဈေးကွက်တွင် အလိုအလျောက်တဖြည်းဖြည်း ပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း(၆၊ ၇၊ ၈)တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၊ ချမ်းအေးသာစံ မဲဆန္ဒနယ်မှ ဦးမျိုးနိုင်၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်အေဇင်လတ်နှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ကြေညာထားသည့် အများပြည်သူများ သုံးစွဲရန်မသင့်သော အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးရုံးများမှတစ်ဆင့် သက်ဆိုင်ရာကျောင်းအသီးသီးရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ သိရှိရှောင်ရှားနိုင်စေရန် အဆင့်ဆင့် အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် သင်ရိုးသစ်များတွင် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများ၊ ညံ့ဖျင်းသောဝန်ဆောင်မှုများ၊ သင့်လျော်ကောင်းမွန်သည့် အစားအစာနှင့် ဆေးဝါးများကို ရွေးချယ်ဝယ်ယူတတ်စေရေးနှင့် စားသုံးသူရေးရာ အသိပညာပေးရေး (Consumer Education) သင်ခန်းစာများကို ကလေးသူငယ်များ၏ အသက်အရွယ်၊ ဉာဏ်ရည်၊ နားလည်မှုအဆင့်အတန်းတို့နှင့် လိုက်လျောညီထွေဖြစ်အောင် ထည့်သွင်းလျာထားပါကြောင်း၊ ယင်းသင်ခန်းစာများကို အမျိုးသားပညာရေး မူဝါဒကော်မရှင်မှတစ်ဆင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ကို ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အခြေခံပညာအဆင့်တွင် စာသုံးသူပညာပေးရေး (Consumer Education) ဘာသာရပ်ဟု တိုက်ရိုက်မသုံးနှုန်းထားသော်လည်း လက်ရှိအသုံးပြုသင်ကြားနေသည့် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင် သော်လည်းကောင်း၊ ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် သင်ရိုးသစ်များတွင်သော်လည်းကောင်း စာသုံးသူရေးရာ အသိပညာပေးသင်ခန်းစာများကို ထည့်သွင်းရေးဆွဲနေပါသဖြင့် အဆိုအားမှတ်တမ်းအဖြစ် ထားရှိသင့်ပါကြောင်း တင်ပြသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိအတည်ပြု၍ပေးပို့လာသော **"ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှုအက်ဉပဒေကို ရုပ်သိမ်းသည့်ဉပဒေကြမ်း"** လက်ခံရရှိကြောင်း အသိပေးခြင်းနှင့်အစီရင်ခံစာဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)လာမည့်ဒီဇင်ဘာလတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် အဆင့်မြှင့်တင်သွားမည်

**ရန်ကုန် ဇွန် ၁၅**

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကို လာမည့် ဒီဇင်ဘာလတွင် ပထမနှစ်သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် အဆင့်မြှင့်တင်ခြင်းနှင့် အကြီးစားပြုပြင်မွမ်းမံခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။**(ယာပုံ)**




အဆိုပါ အဆင့်မြှင့်တင်ခြင်းကို မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်အဖွဲ့အစည်းတို့မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၏ အကြီးစားပြင်ဆင်မှုများကို ပညာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဆရာ၊ ဆရာမများကို သင်တန်းများပေးခြင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်မီအောင် ပြန်လည်ရေးဆွဲခြင်းတို့ကို ဂျာမနီနိုင်ငံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်းတို့မှ ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ-ဂျာမနီ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကျောင်းဝင်းအတွင်း၌ ယနေ့နံနက် ၁၁ နာရီက ကျင်းပခဲ့ပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး **(အပေါ်ယာပုံ)**၊ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (BMZ) မှ အတွင်းဝန် Mr.Thomas Silberhorn နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့က အဖွင့်အမှာစကားပြော ကြားကြသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် မြို့ပြအင်ဂျင်နီယာ၊ စက်မှု၊ အီလက်ထရွန်နစ်၊ လျှပ်စစ်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာ စသည့် သင်တန်းငါးခု ဖွင့်လှစ်သွားမည်ဖြစ်သည်။

သင်တန်းတစ်ခုအတွက်ကျောင်းသားအရေအတွက် ၄၀ လက်ခံမည်ဖြစ်ပြီး စာသင်ခန်းနှင့် လက်တွေ့ခန်းပေါ်မူတည်၍ တိုးတက်ခေါ်ယူသွားရန် ရည်ရွယ်ထားကြောင်းနှင့် သင်တန်းကာလမှာသုံးနှစ်ဖြစ်ပြီး AGTI အောင်လက်မှတ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဝင်ခွင့်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က "သိပ္ပံနဲ့ တက္ကသိုလ်ဝင်တန်းအောင်တဲ့ ကျောင်းသားတွေကို လျှောက်လွှာနဲ့ လက်ခံမှာဖြစ်ပါတယ်။ ပြီးတော့ရေးဖြေ၊ နှုတ်ဖြေနဲ့ပြန်ရွေးချယ်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းအားဖြင့် လုပ်ငန်းခွင်နှင့် ကိုက်ညီမှုရှိသော မြန်မာလူငယ်များမွေးထုတ်ပေးနိုင်ခြင်း၊ လုံလောက်သောဝင်ငွေရရှိလာနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရေးအတွက် စက်ရုံ၊ အလုပ်ရုံများတွင် လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံကို ၁၉၄၅ ခုနှစ် ဧပြီ ၁ ရက်တွင် ရန်ကုန်မြို့ လမ်းမတော်ဘူတာရုံ အနောက်ဘက်တွင် (Government Engineering School) အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် အင်းစိန်မြို့ရွာမသို့ ပြောင်းရွှေ့ကာ (Government School of Engineering and Technical High School) အမည်ဖြင့် သင်တန်းများ ဖွင့်လှစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တွင် သင်တန်းများဖွင့်လှစ်ခြင်းကို ရပ်နားခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်မှ စတင်ခဲ့သည့် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)သည် နည်းပညာနှင့်သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များစွာကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**သတင်း- နန္ဒာဝင်း၊ ဓာတ်ပုံ -လှမိုး**

# မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များဆွေးနွေး

**နေပြည်တော် ဇွန် ၁၅**

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Convalt Energy Myanmar (CE) Co.,Ltd မှ Senior Vice President Mr. Wins Tunnitisupawong နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ဆောင်အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ မြင်းခြံမြို့နယ်နှင့် သာစည်မြို့နယ်တို့တွင် နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် စီမံကိန်းအစီအစဉ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုတိုက်ဖျက်ရေး တတိယငါးနှစ်စီမံကိန်းဆောင်ရွက်မည့် ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၅**

လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယငါးနှစ်စီမံကိန်း ၂၀၁၇ - ၂၀၂၁ အား အကောင်အထည်ဖော်ဆောင်ရွက်မည့် ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၄ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပသည်။




လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယငါးနှစ်စီမံကိန်း ၂၀၁၇ - ၂၀၂၁ အား အကောင်အထည်ဖော်ဆောင်ရွက်မည့် ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်ပါလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်

အဆိုပါအစည်းအဝေးသို့ လူကုန်ကူးမှုတိုက်ဖျက်ရေး ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (National Task Force)အဖွဲ့ဝင် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်မျိုးဆွေဝင်း၊ ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၃၁ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဖွဲ့ဝင် ရဲဦးစီးအရာရှိချုပ်၊ ရဲမှူးချုပ် မျိုးဆွေဝင်းက အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးသက်နောင်က လုပ်ငန်းကဏ္ဍ (၄)ရပ်အလိုက် လုပ်ငန်းများရေးဆွဲထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ တတိယငါးနှစ် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး၊ ရဲမှူးချုပ်မြင့်ထူးက လုပ်ငန်းစီမံချက်ပါ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေအား ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသည့်အဖွဲ့ဝင်များက ၂၀၁၇ ခုနှစ် လုပ်ငန်းစီမံချက်ပါလုပ်ငန်းများအနက် သက်ဆိုင်ရာလုပ်ငန်းများအား ဆွေးနွေးခြင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (National Task Force) အဖွဲ့ဝင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးမှူး ယာယီရဲမှူးချုပ် အောင်ဌေးမြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မှုခင်းအသိပညာ တိုးပွားလာစေရေးအတွက် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ဟောပြော

**နေပြည်တော် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်ညွှန်ကြားချက်အရ ပြည်သူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရေးအတွက် ဇွန် ၁၄ ရက်က စဉ့်ကိုင်မြို့ မြို့မရပ်ကွက် မြို့မဈေးရှေ့နှင့် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့တို့၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၁၁၅၀ တို့အား မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးခြင်းလုပ်ငန်းများ လှည့်လည်ပညာပေးဟောပြောခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**



# ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်စီမံကိန်းအတွက် တောင်ငူ-မန္တလေးလမ်းပိုင်းအပေါ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း ထုတ်ဖော်တင်ပြ



**နေပြည်တော် ဇွန် ၁၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း (အဆင့်- ၂) တောင်ငူ-မန္တလေးလမ်းပိုင်းအပေါ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်း (Environmental Impact Assessment -EIP) နှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးခြင်းနှင့် ထုတ်ဖော်တင်ပြခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ် မီးရထားဘူတာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးတင်ထွဋ်နှင့် ဦးတင်ထွန်းတို့က အမှာစကားပြောကြားကြပြီး မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းက စီမံကိန်း အကျဉ်းချုပ်အားရှင်းလင်းတင်ပြရာတွင် ရန်ကုန်-မန္တလေးရထားလမ်း၏ တောင်ငူ-မန္တလေးလမ်းပိုင်းရှိ သက်တမ်းကြာ၍ ဟောင်းနွမ်းပျက်စီးနေပြီဖြစ်သော မီးရထားလမ်းသုံးပစ္စည်းကိရိယာများနှင့် အထောက်အကူပြုအစိတ်အပိုင်းပစ္စည်းများကို အဆင့်မြှင့်တင်ခြင်းနှင့် ခေတ်မီစေခြင်းအားဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ သယ်ယူပို့ဆောင်ရေးစွမ်းအားကို တိုးပွားလာစေရန်နှင့် ပိုမိုလျင်မြန်၍ ဘေးကင်းလုံခြုံသော မီးရထားပြေးဆွဲခြင်းလုပ်ငန်းကို ရရှိလာစေရန်တို့ကို အဓိကရည်ရွယ်၍ အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်းများကို စီမံကိန်းဧရိယာ၏ ပတ်ဝန်းကျင်ရှိ မြို့နယ်သုံးခုဖြစ်သော တောင်ငူ၊ သာစည်နှင့် အမရပူရမြို့နယ်များတွင် တစ်မြို့လျှင် နှစ်ကြိမ်စီ ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် E Guard Environmental Services ကုမ္ပဏီမှ မန်နေဂျာ ဦးအေးသီဟက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (Environmental Impact Assessment - EIP) လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းခြင်းများကို မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မင်းမဟော် (ပြန်/ဆက်)**

# စင်ကာပူအခြေစိုက် The Asian Banker က ချီးမြှင့်သည့်ဆု KBZSC Securities ကုမ္ပဏီရရှိ

**ရန်ကုန် ဇွန် ၁၅**

မြန်မာနိုင်ငံမှ ငွေကြေးသက်သေခံလက်မှတ်ကုမ္ပဏီဖြစ်သည့် KBZSC Securities ကုမ္ပဏီသည် စင်ကာပူနိုင်ငံအခြေစိုက် "The Asian Banker" အဖွဲ့အစည်းက ချီးမြှင့်သည့် "Best Securities Trading System Implementation of the Year" ဆုကိုရရှိခဲ့သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၉ ရက် ညနေပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပရာ KBZSC Securities ကုမ္ပဏီမှ Senior Managing Director Mr. Rudi Rolles နှင့် TCS မှ Global Product Head Mr. Bharat Shah တို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။

KBZSC Securities ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က "မြန်မာနိုင်ငံ၌ စတော့ရှယ်ယာရောင်းဝယ်ခြင်းကို စတင်ခဲ့သည့်အချိန်တိုအတွင်းမှာပင် ယခုကဲ့သို့




အသိအမှတ်ပြုချီးမြှင့်ခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်းစတော့ရှယ်ယာရောင်းဝယ်မှုတွင် အရောင်းအဝယ် ပေးချေမှုဘဏ် (Fund Settlement Bank) အဖြစ် ဆောင်ရွက်နေသော ကမ္ဘောဇဘဏ်၊ YSX နှင့် Securities ကုမ္ပဏီများအကြားတွင် Electronic နည်းလမ်းဖြင့် ရောင်းဝယ်ပေးချေမှုများ ချောမွေ့အောင်မြင်လျက်ရှိကြောင်း၊ KBZSC Securities အနေဖြင့် နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော စတော့ရှယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတကာအဆင့် နည်းပညာများဖြင့် ဆက်လက်အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်သွားမည်" ဟုပြောကြားခဲ့သည်။

"The Asian Banker" မှ ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်တွင် KBZSC Securities ကုမ္ပဏီသည် Tata Consultancy Services (TCS) နှင့် ပူးတွဲ၍ Yangon Stock Exchange(YSX) တွင် စတော့ရှယ်ယာရောင်းဝယ်နိုင်သည့် Integrated Trading Platform ကို အချိန်တိုကာလအတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ပထမဆုံးသော Electronic စတော့ရှယ်ယာရောင်းဝယ်မှုများကို စတင်နိုင်ခဲ့သည့်အပြင် ရောင်းဝယ်သူများအဆင်ပြေစေရေးအတွက် Internet, Mobile နှင့် Tablet Application များကို ပံ့ပိုးပေးနိုင်ခဲ့သည်။ ထို့အပြင် YSX ၌ စတော့ရှယ်ယာရောင်းဝယ်မှုများ၏ ဈေးကွက်ဝေစု ၇၀ ရာခိုင်နှုန်းကျော်ကို ကနဦးအချိန်မှစတင်၍ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နည်းပညာပိုင်းဆိုင်ရာတွင်သာမက လုပ်ငန်းပိုင်းကိုလည်း တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ငွေကြေးအရင်းအနှီး ဈေးကွက်အတွက် ဖြစ်ပေါ်လာနိုင်သည့် Risk များကို လျှော့ချနိုင်ရေးအတွက် နည်းစနစ်များ ကြိုတင်စီမံဆောင်ရွက်ထားနိုင်ခဲ့ခြင်းအတွက်လည်း ယခုဆုကိုချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**



# မြင်းခြံမြို့နယ် ကန်နီကျေးရွာအနီး ရေတိုက်စားမှု တပ်မတော်နှင့် ပြည်သူပူးပေါင်းဆောင်ရွက်

**မြင်းခြံ ဇွန် ၁၅**

မြင်းခြံမြို့နယ် ကန်နီကျေးရွာ အနောက်ဘက်ရှိချောင်းရိုးသည် မိုးတွင်းကာလ၌ တောင်ကျရေဖြစ်၍ ရေစီးသန်ကာ ရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးများ ပြိုကျနေသဖြင့် မြင်းခြံမြို့ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ဇွန် ၁၅ ရက် နံနက်ပိုင်းက သဲအိတ်များချခြင်း၊ ရေကာတမံပေါင်ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ရေတိုက်စားမှုကြောင့် နေအိမ်အချို့ပြောင်းရွှေ့ခဲ့ရပြီး မိုးတွင်းကာလ ချောင်းရေစီးတိုင်း မကြာခဏပြုပြင်ပေးနေရကြောင်း၊ ပေ ၁၀၀ ခန့် တိုက် စားခံရပြီး ထပ်မံပြိုကျနိုင်မည့်အခြေအနေအား ကာကွယ်နိုင်ရန် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

"ရေတိုက်စားမှုက ခဏခဏဖြစ်နေလို့ ရွာထဲမှာအလှူခံပြီး ရွာသားတွေနဲ့ တတ်နိုင်သမျှလုပ်အားပေးနေကြရတယ်။ ရက်ပေါင်းလည်း မနည်းတော့ဘူး။ အခုလည်း မြင်းခြံနယ်မြေခံတပ်က မနေ့ညကတည်းက ရောက်နေတာပါ။ သဲအိတ် ၂၀၀၀ လောက်ချမယ်။ အခုလို လာရောက်ပြီး အကူအညီပေးတော့ ကျေးဇူးတင်တယ်။ ဝမ်းလည်းသာတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ **လင်းလက်ကြယ်(တောင်သာ)**

# ကံမမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် မင်းတုန်းချောင်း ရေလျှံ

**ကံမ ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇွန် ၁၃ ရက်က မင်းတုန်းချောင်းရေများ တစ်ရှိန်ထိုး ကျဆင်းလာပြီး ချောင်းရေလျှံခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါချောင်းရေလျှံခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိခဲ့သော်လည်း မင်းတုန်းချောင်းကူး ရေနံ့သာတံတားနှင့် တံတား ချဉ်းကပ်လမ်းတာပေါင်၏ ရေထွက်ပေါက်များတွင် ချောင်းရေနှင့်အတူ မျောပါလာသော အမှိုက်များ၊ ဒိုက်များအား လမ်းဦးစီးဌာနမှ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။




အဆိုပါရေနံ့သာတံတား ချဉ်းကပ်လမ်းတာပေါင်ပေါ်တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေတိုက်စားခြင်းကြောင့် ဖြစ်ပေါ်ခဲ့သော ချိုင့်ခွက်များ ရေစားချောက်များအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး မော်တော်ယာဉ်များ အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ချောင်းရေတိုက်စားမှုကြောင့် ချဉ်းကပ်သစ်သားတံတားနိမ့်ကျ

**အထက်မင်းလှ ဇွန် ၁၅**

သရက်ခရိုင် မင်းလှမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ ချောင်းရေတိုက်စားမှုကြောင့် လက်ပံတံခါး-လယ်ယားရှည် သစ်သား ကြိုးတံတား ချဉ်းကပ်သစ်သားတံတား အရှည် ၁၀ ပေခန့်သည် တစ်ပေခွဲ ခန့် နိမ့်ကျသွားခဲ့ပြီး ရှမ်းတပ်ကျေးရွာအုပ်စုရှိ ပနီချောင်းကူးတံတား၏ ဒုတိယ အခန်းသံပေါင်မှာလည်း ချောင်းရေတိုက်စားမှုကြောင့် တံတားတိုင်မှ ခြောက်လက်မခန့် ရွေ့လျားသွားခဲ့သည်။

အလားတူ လင်းကယ်ကျေးရွာ အဝင်ရေကျော်မှာ ရေတိုက်စားမှုကြောင့် အောက်ခြေမှ အရှည် ၁၅ပေခန့် အက်ကွဲသွားခဲ့သော်လည်း ယာဉ်များ ဖြတ်သန်းသွားလာနိုင်ကြောင်းသိရသည်။ ပနီချောင်းရေကြီးမှုကြောင့် ရှမ်းတပ်ငယ်ကျေးရွာရှိ အိမ်ထောင်စု နှစ်စု၊ လှေ့စဉ် ကျေးရွာမှ အိမ်ထောင်စု တစ်စု စုစုပေါင်း အိမ်ထောင်စု သုံးစုနှင့် လူဦးရေ ခုနစ်ဦးမှာ ရေလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အဆိုပါ နေရာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် မြို့နယ်လမ်းဦးစီးဌာနမှူးတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇွန် ၁၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ (မိုး/ဇလ)

# အမေရိကန်ဥပဒေပြုလွှတ်တော် အမတ်တစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခံရပြီး အရေးပေါ်ကုသမှုခံယူ

**ဝါရှင်တန် ဇွန် ၁၅**

အမေရိကန် အောက်လွှတ်တော်တွင် နံပတ် ၃ ရီပတ်ဘလစ်ကန်လွှတ်တော်အမတ်ဖြစ်သည့် စတိဗ်စကာလိုက်စ်သည် ဘေ့စ်ဘောကစားကွင်းအတွင်း လေ့ကျင့်နေစဉ် သေနတ်ပစ်ခတ်ခံခဲ့ရပြီးနောက် ဗုဒ္ဓဟူးနေ့ညပိုင်းတွင် အရေးပေါ်အခြေအနေဖြင့်ကုသမှုခံယူရလျက်ရှိကြောင်း သိရသည်။

ဘေ့စ်ဘောကစားကွင်းအတွင်း၌ ရှိနေစဉ် စတိဗ်နှင့်နောက်ထပ်သုံးဦးတို့ သေနတ်ပစ်ခတ်ခံခဲ့ရခြင်း ဖြစ်သည်။ သမ္မတထရန့်နှင့်အခြားသော ရီပတ်ဘလစ်ကန်ပါတီဝင်များအား မကျေနပ်သည့်အကြောင်းအရာများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားခဲ့သည့် သေနတ်သမားက ဝါရှင်တန်အပြင်ဘက် အလက်ဇန်းဒရီးယား ဗာဂျီးနီးယားရှိ ဘေ့စ်ဘောကစားကွင်း၌ ရှိနေသည့် ရီပတ်ဘလစ်ကန် ပါတီဝင်တစ်စုကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

သေနတ်သမားသည် Capitol Hill ရဲအဖွဲ့နှင့် သေနတ်အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသွားခဲ့သည်။ စတိဗ်သည်ဘယ်ဘက်တင်ပါးတွင် သေနတ်ထိမှန်ခဲ့ပြီး အရိုးကျိုးသွားရုံသာမက အတွင်းပိုင်းရှိ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကာ သွေးထွက်လွန်ခဲ့သည်။

စတိဗ်ကို ခွဲစိတ်ကုသမှုပြုလုပ်ထားပြီးဖြစ်သော်လည်း နောက်ထပ်ခွဲစိတ်ကုသမှုများ ပြုလုပ်ရဦးမည်ဖြစ်ကြောင်း မက်စတားဝါရှင်တန်ဆေးရုံက ပြောကြားခဲ့သည်။

သေနတ်သမားမှာ အသက် ၆၆ နှစ်ရှိ ဂျိမ်းစ်ဟော့ကင်ဆန်ဆိုသူဖြစ်ပြီး အီလီနွိုက်ပြည်နယ် စိန့်လူးဝစ်ဆင်ခြေဖုံးရပ်ကွက်မှ ဖြစ်သည်ဟု ဆိုသည်။

၎င်းသည် ဗုဒ္ဓဟူးနေ့ နံနက်ခင်းက ဘေ့စ်ဘော ကစားကွင်းအတွင်း ကစားနေကြသည့် အမျိုးသားများအား သေနတ်ဖြင့် တရစပ်ပစ်ခတ်ခဲ့သည်။

သေနတ်သမားသည် ကွင်းထဲရှိ လူများအား သတ်ဖြတ်ရန်ရည်ရွယ်လျက် စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်သော်လည်း ကံကောင်းသည်မှာ ၎င်းသည် ကျွမ်းကျင်ပိုင်နိုင်စွာ ပစ်ခတ်နိုင်ခြင်းမရှိသည့်အတွက် အနည်းငယ်သက်သာရာရခဲ့ခြင်းဖြစ်သည်ဟု ရီပတ်ဘလစ်ကန်အဖွဲ့မှ ကိုယ်စားလှယ်ဂျိုးဘာတန်က ပြောကြားခဲ့သည်။



သေနတ်ပစ်ခတ်ခံရပြီး ဒဏ်ရာရရှိသူများကို သမ္မတထရန့်နှင့်ဇနီးကြည့်ရှုအားပေးရန် ဆေးရုံသို့ရောက်လာစဉ်

**(ရိုက်တာ)**

# ဆန်ဖရန်စစ်စကိုမြို့ ယူပီအက်စ်ပါဆယ်ပို့ဆောင်ရေးကုမ္ပဏီတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ လူလေးဦးသေဆုံး

**ဆန်ဖရန်စစ်စကို ဇွန် ၁၅**

ဆန်ဖရန်စစ်စကိုမြို့ ပါဆယ်ပို့ဆောင်ရေး ကုမ္ပဏီဖြစ်သည့် ယူနိုက်တက် ပါဆယ် ဝန်ဆောင်မှုကုမ္ပဏီ ယူပီအက်စ်တွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦး ပစ်ခတ်ခံရပြီး လေးဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသူထဲတွင် သေနတ်သမားလည်း ပါဝင်ကြောင်း သတင်းများတွင်ဖော်ပြသည်။



သေနတ်ပစ်ခတ်မှုဖြစ်ပွားသည့် နေရာသည် အမေရိကန်နိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းပေါ်ရှိ ဆန်ဖရန်စစ်စကိုမြို့ ပေါ်တီရိုဟေးလ်ခရိုင်၌ ဒေသစံတော်ချိန် ၉ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားရာသို့ ရဲများအလျင်အမြန်သွားရောက်ပြီး သေနတ်သမားနှင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ နောက်ဆုံးတွင် သေနတ်သမား၏ ဦးခေါင်းကို သေနတ်ကျည်ဆန်ထိမှန်ပြီး သေဆုံးခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဆန်ဖရန်စစ်စကိုမြို့ရဲတပ်ဖွဲ့ယာယီအကြီးအကဲ တိုနီချက်ပလင်က ပြောကြားခဲ့သည်။

သေနတ်သမားသည် ယူပီအက်စ် ယူနီဖောင်းကို ဝတ်ဆင်ထားကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားခဲ့သည်။ ပစ်ခတ်မှုတွင် ဒဏ်ရာရရှိသူများသည် ယူပီအက်စ် ကုမ္ပဏီက ဖြစ်ကြောင်း အစောပိုင်းတွင် တိုနီချက်ပလင်က ပြောကြားခဲ့သည်။

သို့သော်လည်း သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ၏ အသေးစိတ်အချက်အလက်များကို ဖော်ပြပြောဆိုရန် ၎င်းက ငြင်းဆန်ခဲ့ကြောင်းသိရသည်။

**(ဆင်ဟွာ)**

# အမေရိကန်နှင့်ပူးပေါင်း၍ ဖိအားပေးသည့်အတွက် တောင်ကိုရီးယားအစိုးရအဖွဲ့ကို မြောက်ကိုရီးယားဝေဖန်ရှုတ်ချ

**ပြုံယမ်း ဇွန် ၁၅**

မြောက်ကိုရီးယားသည် တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းက အမေရိကန်နှင့်အတူပူးပေါင်းကာမြောက်ကိုရီးယားနိုင်ငံအပေါ်ပိတ်ဆို့မှုများနှင့်ဖိအားပေးမှုများ လုပ်ဆောင်ရန်ကြိုးပမ်းအားထုတ်ခဲ့သည့်အတွက် ဝေဖန်ရှုတ်ချခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံ၏ ပူးတွဲကြေညာချက်ကိုလက်မှတ်ရေးထိုးသည့် (၁၇) ကြိမ်မြောက်အထိမ်းအမှတ်နေ့မတိုင်မီ တစ်ရက်အလိုဖြစ်သည့် ဗုဒ္ဓဟူးနေ့တွင် မြောက်ကိုရီးယားနိုင်ငံ၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကော်မတီက တောင်ကိုရီးယားနိုင်ငံအပေါ် ထိုသို့ဝေဖန်ရှုတ်ချမှုကိုထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

နှစ်နိုင်ငံပူးတွဲကြေညာချက်သည် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအဆင့်ဆင့်ပြန်လည်ပေါင်းစည်းရေးကို တိုက်တွန်းထားသည့်ကြေညာချက်ဖြစ်သည်။ ကော်မတီ၏ဖော်ပြချက်တွင် တောင်ကိုရီးယားသမ္မတမွန်ဂျယ်အင်းသည် အမေရိကန်နှင့် မဟာမိတ်ဆက်ဆံရေးကို ခိုင်မာစေရန်နေ့စဉ်နှင့်အမျှ တောင်းပန်ခယလျက်ရှိကြောင်း စွပ်စွဲပြောကြားခဲ့သည်။

သမ္မတမွန်ဂျယ်အင်းသည် အိမ်ဖြူတော်သို့လည်ပတ်သွားလာရန်ပြင်ဆင်မှုများ ပြုလုပ်ခြင်းဖြင့်သာ အချိန်ကုန်ဆုံးလျက်ရှိကြောင်းဖော်ပြခဲ့သည်။တောင်ကိုရီးယားသမ္မတသည် လာမည့်ဇွန်လကုန်လောက်တွင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ထိပ်သီးအစည်းအဝေးကျင်းပရန်စီစဉ်လျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# လန်ဒန်ဂရန်ဖဲလ်တာဝါမီးလောင်မှု သေဆုံးသူ အရေအတွက်တိုးလာ

**လန်ဒန် ဇွန် ၁၅**

လန်ဒန်မြို့ရှိ ၂၄ထပ်တိုက် ဂရန်ဖဲလ်တာဝါတွင် ယမန်နေ့က မီးအကြီးအကျယ်လောင်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက်သည် ယခုအချိန်အထိ ၁၂ ဦးရှိလာပြီဖြစ်ကြောင်း၊ သေဆုံးသူများမှာ ထပ်မံတိုးလာနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂရန်ဖဲလ်တာဝါတွင် နေအိမ်တိုက်ခန်းပေါင်း ၁၂၀ ခန့်ရှိပြီး ယင်းတိုက်ခန်းများတွင် လန်ဒန်မြို့သား ၄၀၀ မှ ၆၀၀ အထိ နေထိုင်လျက်ရှိကြောင်းသိရသည်။

မီးလောင်မှုကြောင့် လူပေါင်း ၈၀ ခန့်ကို လန်ဒန်မြို့ တစ်ဝန်းရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်းသိရသည်။

ဂရန်ဖဲလ်တာဝါမီးလောင်မှုတွင် သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း၊ သို့သော်လည်း အမှန်တကယ်ပျောက်ဆုံးသူစာရင်းကို သိရှိခြင်းမရှိသေးကြောင်း လန်ဒန်မြို့ရဲမှူး စတော့ကန်ဒီက ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကလည်း မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို အပြည့်အဝစုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# မလေးရှားလေတပ်မှ လေယာဉ်တစ်စင်းပျောက်ဆုံး

**ကွာလာလမ်ပူ ဇွန် ၁၅**

မလေးရှားလေတပ်လေ့ကျင့်ရေးလေယာဉ်တစ်စင်းသည် လေတပ်စခန်းမှ ပျံတက်သွားပြီးနောက် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း ဇွန် ၁၅ ရက်က လေတပ်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။



ဗြိတိန်သိမ်းငှက် ၁၀၈ အမည်ရှိ မလေးရှားလေတပ်စခန်း၏ လေ့ကျင့်ရေးလေယာဉ်တစ်စင်းသည် ကူအန်တန် မြို့ လေတပ်စခန်းမှ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် ထွက်ခွာသွားခဲ့ပြီးနောက် တစ်နာရီခွဲအကြာတွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ လေ့ကျင့်ရေး လေယာဉ်သည် ဗြိတိန်ဘီအေအီးမှ ထုတ်လုပ်သော အင်ဂျင်တစ်လုံးတပ်လေယာဉ် အမျိုးအစားဖြစ်ပြီး တိုက်ခိုက်ရေး လေယာဉ်အဖြစ်လည်း အသုံးပြုနိုင်သည်။

ဗြိတိန်သိမ်းငှက် ၁၀၈ အမည်ရှိ မလေးရှားလေတပ်စခန်း၏ လေ့ကျင့်ရေး လေယာဉ်ရှာဖွေရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသော်လည်း လတ်တလောတွင် ထူးခြားမှု မရှိသေးကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အင်းတော်ကြီးကန်ဒေသအား ဇီဝအဝန်းနယ်မြေ (Biosphere Reserve) အဖြစ်သတ်မှတ်

**နေပြည်တော် ဇွန် ၁၅**

ပြင်သစ်နိုင်ငံ ပါရီမြို့ ယူနက်စကိုအဖွဲ့ချုပ်ရုံး၌ ဇွန် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပသည့် (၂၉)ကြိမ်မြောက် လူသားနှင့် ဇီဝအဝန်းနယ်မြေ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးတွင် ကချင်ပြည်နယ်အတွင်းရှိ အင်းတော်ကြီးကန်ဒေသအား ယူနက်စကိုအဖွဲ့ကြီး၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ အစီအစဉ် (UNESCO Man and the Biosphere Reserve Programme-MAB)အောက်ရှိ ကမ္ဘာ့ဇီဝအဝန်းနယ်မြေများကွန်ရက်အတွင်းပါဝင်သည့် ဇီဝအဝန်းနယ်မြေတစ်ခုအဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။

အင်းတော်ကြီးကန်သည် ထူးခြားသည့် ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုတို့ကြောင့် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်တစ်ခုအဖြစ် လည်းကောင်း၊ ကမ္ဘာ့အဆင့် အရေးပါသည့် ငှက်မျိုးစိတ်များကြွယ်ဝမှုနှင့် အခြားထူးခြားသည့် ရေဝပ်ဒေသ အင်္ဂါရပ်များရှိခြင်းတို့ကြောင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ရမ်ဆာရေဝပ်ဒေသ (Ram-sar Site) အဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရသည်။

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်က ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခြင်းသည် ဇီဝမျိုးစုံမျိုးကွဲတန်ဖိုးများအား အသိအမှတ်ပြုခြင်းသာမက ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများရရှိစေမည့် ပူးတွဲစီမံအုပ်ချုပ်ခြင်းနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ကတိပြုလိုက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ရေဝပ်ဒေသဖြစ်သော အင်းတော်ကြီးကန်သည် စိုက်ပျိုးမြေများနှင့် သစ်တောများ ဝန်းရံထားကာ စနစ်တကျ ထိန်းသိမ်းခြင်း မပြုလုပ်ပါက အင်းတော်ကြီးကန်၏ ဂေဟစနစ်သည် ကျူးကျော်စိုက်ပျိုးမှုများနှင့် တရားမဝင် သစ်ထုတ်လုပ်မှုများကြောင့် ထိခိုက်ပျက်စီးနိုင်ပြီး ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုပါက ညစ်ညမ်းမှုများဖြစ်လာ၍ ပျက်စီးသွားမည်ဖြစ်သည်။

အင်းတော်ကြီးကန်ဒေသ ဇီဝအဝန်းနယ်မြေ (Indawgyi Biosphere Reserve) အား ရေရှည်တည်တံ့ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဟန်ချက်ညီစွာ အကောင်အထည်ဖော်နိုင်ရေး၊ စီမံအုပ်ချုပ်သွားနိုင်ရေးတို့ကို ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အုပ်ချုပ်မှုစနစ်ဖြင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# အမြန်လမ်းမကြီးဘေးမှကျူးကျော်နေရာများကို ဆက်လက်ရှင်းလင်းလျက်ရှိ

**သတင်းနှင့်ဓာတ်ပုံ - သန်းထိုက် (လှိုင်သာယာ)**

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၃)မိုင်မှ (၅)မိုင် (၃)ဖာလုံကြားရှိ ကျူးကျော်တဲများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲက ရှင်းလင်းခဲ့ရာ ပထမနေ့အဖြစ် အမြန်လမ်းမကြီးနှင့် ဆည်ရေမြောင်းကြားရှိ (စိမ်းလန်းစိုပြည်) ကျူးတဲများကို ရှင်းလင်းခဲ့ပြီး ယနေ့ ဇွန် ၁၅ ရက်တွင်လည်း နံနက် ၈ နာရီမှစ၍ အမြန်လမ်းမကြီး၏ အခြားတစ်ဖက်ရှိ အောင်သုခနှင့် ရတနာအောင် ကျူးကွက်သစ်တို့ကို လေးရက်မြောက်နေ့အဖြစ် ဆက်လက် ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

## ယုံကြည်ပြီး ဝယ်ဖြစ်

“လမ်းခင်းဖို့က ၅၀၀၀၊ သာရေးနာရေးကြေးက ၁၀၀၀ ကို လစဉ်ဖြတ်မယ်။ ဒီမှာနေသူတွေအတွက် ငွေကောက်တာပြောလို့ ကျွန်တော်တို့အားလုံး တဲထိုးတာနဲ့ တစ်အိမ်ကို ၃၆၀၀၀ ထည့်ရတယ်။ ဓာတ်ပုံလေးပုံ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင် မိတ္တူပေးရတယ်။ လျှောက်လွှာစာရွက်တွေမှာ လက်ဗွေနှိပ်ပေးရတယ်။ ပြီးမှ သူတို့က စာအုပ်ထုတ်ပေးတယ်။ ကုမ္ပဏီပိုင်မြေ၊ အစိုးရပိုင်မြေ မဟုတ်ဘူး။ လက်ရှိသူတို့တာဝန်ယူတယ်လို့ပြောတော့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကျွန်တော်တို့လည်း (၂၀×၆၀) တစ်ကွက်ကို ရှစ်သိန်းနဲ့ ပြေလက ဝယ်ဖြစ်ခဲ့တာပါ။ အခုလိုဖြစ်တော့ တာဝန်ယူပါတယ်ဆိုတဲ့သူတွေ အစအနကိုမတွေ့ရတော့ဘူး။ လိမ်သွားပြီဆိုတာ သိရတဲ့အချိန်က နောက်ကျသွားပြီ။ အတိုးနဲ့ယူထားတဲ့ငွေကိုပဲ ဆပ်ရတော့မယ်။ အများယုံအောင်လုပ်ပြတယ်။ မူမမှန်ဘဲ လုပ်နေတာကိုလည်း တားဆီးမယ့်လူမရှိဘူး။ အဲ့ဒီတော့ ယုံကြည်ပြီး ဝယ်ဖြစ်ခဲ့တာပါ။ အကွက်ပေါင်း သောင်းနဲ့ချီပြီး ရောင်းပြီးတော့မှ အဖျက်ခံရသလိုဖြစ်နေတယ်။ ပင်စင်သမားတွေဝယ်ထားတဲ့ မြေကွက်တွေလည်း ဆုံးတယ်လေ။ ကြိုတင်သိခဲ့ရင်တော့ ဝယ်ဖြစ်မှာမဟုတ်ဘူး”ဟု ငွေကျပ် ၁၄ သိန်း ဆုံးရှုံးသွားသည့် မြောက်ဥက္ကလာပတွင် ဆံသလုပ်ငန်းဖြင့် အသက်မွေးသော ကိုအောင်လွင်က ပြောသည်။

မြေကွက် ဝယ်ယူသူများအား မြေကွက်ရောင်းသူများက စာအုပ်တစ်အုပ်ပေးထားပြီး ထိုစာအုပ်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျောက်အိုင်ကျေးရွာ အိမ်ရာမြေကွက် ချထားပေးမှုမှတ်တမ်း၊ ပေါင်နှံရောင်းချခြင်းမပြုလုပ်ရ၊ (၂၀၁၇)ခုနှစ်ဟု ရေးသားထားပြီး မြေကွက်ဝယ်ယူသူ၏ဓာတ်ပုံကို ကပ်ထားသည်။ ထိုစာအုပ်သည် အိမ်ထောင်စုဝင်စာအုပ်ဟု သတ်မှတ်ထားပြီး မေ ၃၀ ရက်တွင် နေထိုင်ကြောင်း အတည်ပြုသတ်မှတ်ပါသည်ဟု ထိုစာတွင်ရေးသားထားသည်ကို တွေ့ရကာ မြေယာအခွန်တန်ဖိုးငွေကျပ် ၂၅၀၀၀ တိတိအား ယနေ့ပေးဆောင်ခြင်းဖြစ်ကြောင်း ကျွန်ုပ်ကိုယ်တိုင် အတည်ပြုပါသည်(တာဝန်ခံ)၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရတနာအောင်ကျေးရွာ၊ အကွက်(၄)ဟု ရေးသားထားသော စာအုပ်ငယ်တစ်အုပ်သာ မြေကွက်ဝယ်ယူသူတို့လက်တွင် ကျန်ရှိကြောင်း သိရသည်။

## ဖယ်ရှားပြီးသောနေရာ

အဆိုပါ အမြန်လမ်းမကြီးဘေးရှိ မြေနေရာသည် ယခင်က စိုက်ပျိုးရေး စီမံကိန်းဆောင်ရွက်သောနေရာဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွက် ယခုလို ကျူးကျော်ဆောက်လုပ်သည့်အတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရှင်းလင်းဖယ်ရှားပြီးသောနေရာဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျူးကျော်မှုတွင် အမှန်တကယ်နေထိုင်သူ အနည်းငယ်သာရှိပြီး မြေကွက်တွင်တဲထိုးကာ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ သက်သာသောဈေးနှုန်းဖြင့် အများပြည်သူထံမှ ပုံစံမျိုးစုံစည်းရုံးခြင်း၊ အာမခံခြင်းတို့ဖြင့် ရောင်းချခဲ့သည့်အတွက် ယခုလို အစိုးရပိုင်မြေအား မြို့ပြသာယာလှပရေးဖော်ဆောင်ရန် ပြန်လည်ရှင်းလင်းဖယ်ရှားရာ၌ ဝယ်ယူထားသူများသာ ဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်ခဲ့ရ၍ အဆိုပါ အာမခံသောအဖွဲ့များ တိမ်းရှောင်နေကြသည့်အတွက် ဆုံးရှုံးမှုရင်ဆိုင်ရသူတို့မှ ဥပဒေကြောင်းအရ လုပ်ဆောင်ရန် အခက်အခဲရင်ဆိုင်နေရကြောင်းလည်း သိရသည်။

ယနေ့ ကျူးတဲများ ရှင်းလင်းရာတွင် အမှန်တကယ် နေထိုင်သူ အနည်းငယ်သာရှိပြီး တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူထားသည့်အတွက် တဲအများစုမှာ တဲလွတ်များဖြစ်၍ မြေကွက်ရောင်းချသူအုပ်စုအချို့က အမှတ်(၉)ရဲတပ်ရင်း တပ်ဖွဲ့ဝင်အချို့အား နှောင့်ယှက် အော်ဟစ်ခဲ့သော်လည်း ရှင်းလင်းမှုလုပ်ငန်းကို ပုံမှန်အတိုင်းသာ လုပ်ဆောင်လျက်ရှိပြီး ဇွန် ၁၅ ရက် (ယနေ့)ရှင်းလင်းရာ၌ ကန့်ကော်ကျွန်းရွာအစပ်ရှိ အနှစ် ၂၀ နေထိုင်ကာ မြေယာအမှုရင်ဆိုင်နေချိန်ဖြစ်၍ ယခုလို ရှင်းလင်းမှုကို ကန့်ကွက်ကြောင်း တားဆီးမှုတစ်ခုသာရှိကြောင်း သိရသည်။

“ဒီတစ်ရက်တည်း မပြီးနိုင်ဘူး။ စီမံကိန်းနေရာတွေကို ပြန်လည်ရှင်းလင်းသွားမှာပါ။ နားမလည်လို့ဝယ်ယူထားသူတွေက ရောင်းတဲ့သူတွေကို တရားစွဲနိုင်ပါတယ်”ဟု မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးက ကျူးတဲများရှင်းလင်းမှုကြီးကြပ်ဆောင်ရွက်နေစဉ် ပြောကြားသည်။

## နှောင့်ယှက်မှု အနည်းငယ်ရှိ

အမြန်လမ်းမကြီး ယာဘက်တွင် ကျူးတဲ ၄၀၀ ခန့်ကို ရှင်းလင်းခဲ့ပြီး ဇွန် ၁၃ ရက်တွင် ကျူးတဲ ၇၀၀၊ ဇွန် ၁၄ ရက်တွင် ကျူးတဲ ၈၀၀ နှင့် ဇွန် ၁၅ ရက်တွင် ကျူးတဲ ၉၀၀ ကျော်ကို ရှင်းလင်းပြီးဖြစ်ကြောင်း မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။ အမြန်လမ်းမကြီး၏ဝဲဘက် နေပြည်တော်အထွက်ဘက်ခြမ်းတွင်လည်း အိမ်ခြေ ၁၆၀၀၀ ကျော် တဲများရှိနေပြီးရန်ကုန်အဝင်ဘက်အခြမ်းအား ရှင်းလင်းနေသည်မှာ ယနေ့အထိ ကန့်ကော်ကျွန်းရွာစပ်ထိ ရှင်းလင်းလျက်ရှိ၍ တားဆီးနှောင့်ယှက်မှု အနည်းငယ်သာရှိကာ ကောလဟာလသတင်းများလည်း လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့လွင့်မှုများလည်းရှိကြောင်း သိရသည်။ ဝယ်ယူထားသူများအား ရောင်းချသောသူများက (လူမှုအထောက်အကူပြုဟု အမည်ခံထား)လူမနေလျှင်သိမ်းမည်ဆိုသောကြောင့် လာရောက်နေထိုင်သူများရှိသကဲ့သို့ အနယ်အနယ်အရပ်ရပ်မှ မြေကွက်ဝယ်ယူထားသူများ လာရောက်စောင့်ကြပ်ခြင်းနှင့် ရန်ကုန်မြို့တွင်းနှင့် မြို့နယ်များမှဖြစ်ပါက လာရောက်နေထိုင်လျက်ရှိပြီး မလာရောက်နိုင်သော မြေဝယ်ထားသူများက လူငှားဖြင့်နေထိုင်စေလျက်ရှိကြောင်း သိရသည်။

ယနေ့ ကျူးတဲများ ရှင်းလင်းမှုနှင့်ပတ်သက်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင်က “ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နဲ့သွားတဲ့ စီမံကိန်းနေရာလည်းဖြစ်ပါတယ်။ အမြန်လမ်းမကြီး (၃)မိုင် (၄)ဖာလုံနဲ့ (၄)မိုင် (၅)ဖာလုံအတွင်းက ဘယ်/ညာမှာရှိတဲ့ ၁၄၅၃ ဒသမ ၇၂ ဧကမြေကို နိုင်ငံတော်စီမံကိန်းလုပ်ဆောင်ဖို့ရှိပါတယ်။ နိုင်ငံပိုင်မြေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ထိန်းသိမ်းပေးရတယ်။ ဥပဒေကြောင်းအရ နစ်နာသူကပဲ ဆက်လက်ဆောင်ရွက်ရမှာပါ။ ရောင်းမှားဝယ်မှားဖြစ်ကြရင် ကျူးဖြစ်တဲ့အတွက် ကိုယ့်ကိုလိမ်လည်သွားတယ်လို့သိရင် သက်ဆိုင်ရာရဲစခန်းမှာ ဥပဒေအတိုင်း အမှုဖွင့်ဆောင်ရွက်နိုင်တယ်။ အခက်အခဲရှိရင် ကျွန်တော်တို့ ဌာနဆိုင်ရာက အကူအညီပေးမှာပါ။ နွမ်းပါးတဲ့သူတွေကိုလုပ်သွားတဲ့အတွက် ကျွန်တော်တို့လည်း စိတ်မကောင်းဘူး။ လူတွေကလည်း ဒီဈေးနဲ့မရနိုင်မှန်းသိလျက်နဲ့ ဝယ်ကြတော့ ငွေဆုံးရှုံးတာပေါ့။ ကျူးဖြစ်တဲ့အတွက် နေရာပြန်ပေးဖို့ အစီအစဉ်မရှိပါဘူး။ နိုင်ငံတော်စီမံကိန်းလုပ်မယ် ဆိုတော့ လူနေအိမ်ခြေရှိမယ်။ အိမ်ရာမြေကွက်ရှိမယ်။ နိုင်ငံတော်အဆင့် စာသင်ကျောင်းတွေရှိမယ်။ ဆေးရုံရှိမယ်။ အပန်းဖြေအနားယူဖို့ ဥယျာဉ်ရှိမယ်။ ဂေါက်ကွင်းနဲ့(၁၁၅)မိုင်လို ဆောင်ရွက်ဖို့ရှိမယ်။ ခုလို ရှင်းလင်းဖို့ ကြိုတင်ကြေညာပြီးသားပါ။ လွန်ခဲ့တဲ့တစ်ကြိမ်ကလည်း အခုလို ရှင်းလင်းပြီးသားပါ။ ဒါဟာ ထပ်ပြီး ကျူးတဲဆောက်ကြတာပါ” ဟု ပြောကြားခဲ့သည်။

## ခေတ္တထိန်းသိမ်းထား

ကျူးတဲများ ရှင်းလင်းမှုတွင် စက်ယန္တရားမပါဘဲ လူအင်အားဖြင့်သာ ရှင်းလင်းခြင်းဖြစ်၍ နံနက်ပိုင်းတွင် ကြိုတင်ကြေညာထားပြီးမှသာ ဝင်ရောက်ရှင်းလင်း ခြင်းဖြစ်ကြောင်း၊ မြေဝယ်မှားပြီး နစ်နာသူများက ဥပဒေအတိုင်း ရဲစခန်းတွင် အမှုဖွင့်ပါက ဌာနဆိုင်ရာမှလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ တိုင်ကြားမှုမရှိပါက ကူညီဆောင်ရွက်ပေး၍မရကြောင်း၊ ၁၂ ရက် နံနက်ပိုင်းက အမြန်လမ်းပေါ်တွင် အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးမှာ ၎င်းတို့၏ စိတ်ဆန္ဒဖြင့် လုပ်ဆောင်ခြင်းဖြစ်၍ ခေတ္တထိန်းသိမ်းထားခြင်းဖြစ်ပြီး ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်နိုင်ကြောင်း ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ဇွန် ၁၅ ရက်တွင်လည်း ကျန်ရှိနေသာ ကျူးတဲများကို ဆက်လက်ရှင်းလင်းလျက်ရှိပြီး ရဲတပ်ရင်း (၉)နှင့် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့နှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့က လှည်းကူးမြို့နယ်အတွင်းရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များဖြင့် ပူးပေါင်းရှင်းလင်းဆောင်ရွက်လျက်ရှိ၍ ယနေ့တွင် အမြန်လမ်းမကြီး၏စတင်ရှင်းလင်းသည့်အခြမ်းမှကျန်ရှိနေသေးသည့် ကန့်ကော်ကျွန်းရွာအနီးမှ ကျူးတဲများ၊ အမြန်လမ်းမကြီး၏ တစ်ဖက်ခြမ်းရှိ အောင်သုခနှင့် အောင်ရတနာကျူးကွက်များကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။



ကျူးတဲများအား ဖျက်သိမ်းနေမှုကို တွေ့ရစဉ်

# မောင်တောခရိုင်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိ

**မောင်တော ဇွန် ၁၅**

**မောင်တောခရိုင်အတွင်း တရားဥပဒေစိုးမိုးရေး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် မှုခင်းကျဆင်းရေးအတွက် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် တောင်ပြိုလက်ဝဲမြို့များတွင် တာဝန် ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များက လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများဖြင့် နေ့၊ ညမပြတ် လုံခြုံရေးပိုင်း အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက သိရသည်။**



"လုံခြုံရေးပိုင်းကတော့ နေ့၊ ညမပြတ်ဆောင်ရွက်နေတယ်။ လုံခြုံရေး ဆောင်ရွက်ထားရှိမှု အနေနဲ့က မောင်တောမြို့ပေါ်မှာ နေရာ ၁၂နေရာ လုံခြုံရေး ဆောင်ရွက်ထားတယ်။ ဘူးသီးတောင်မြို့မှာ နေရာခုနစ်နေရာနဲ့ တောင်ပြိုမှာ နယ်မြေရဲစခန်းက လှည့်ကင်းတွေနဲ့ လုံခြုံရေးပိုင်း အထူးအလေးထားပြီး ဆောင်ရွက်နေပါတယ်" ဟု ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက ပြောသည်။

မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တာဝန်ယူထားသည့် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် တောင်ပြိုလက်ဝဲမြို့တို့၌ ဖြစ်ပွားသည့်မှုခင်းများတွင် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု အများဆုံးဖြစ်ပြီး တခြားမှုခင်းဖြစ်ပွားမှု နည်းပါးကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ရဲတပ်ဖွဲ့ တာဝန်ယူထားရသည့် နယ်မြေများတွင် မှုခင်းဖြစ်ပွားမှုနှင့် စပ်လျဉ်းပြီး ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက "ရဲတပ်ဖွဲ့ဝင်တွေ တာဝန်ယူရတဲ့ အပိုင်းက မြို့ပေါ်ရပ်ကွက်တွေ ဖြစ်တဲ့အတွက် နယ်မြေအရ ကျယ်ဝန်းမှုမရှိဘူး။ မှုခင်းဖြစ်ပွားမှုမှာ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုက အများဆုံးပါ။ တခြားမှုခင်းတွေက ဖြစ်ပွားတာ နည်းတယ်" ဟု သုံးသပ်ပြောကြားသည်။

မောင်တောခရိုင်ရဲတပ်ဖွဲ့အနေဖြင့် မောင်တောမြို့ ရပ်ကွက် ငါးခု၊ ဘူးသီးတောင်မြို့ရပ်ကွက် ခုနစ်ခုနှင့် တောင်ပြိုလက်ဝဲမြို့ ရပ်ကွက်ခုနစ်ခုတို့အား နယ်မြေလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မောင်တောခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်ခြားစောင့်တပ်ဖွဲ့များ၊ တပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်းကာ သတင်းအခြေအနေပေါ်မူတည်ပြီး နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး အပြည့်အဝ ဆောင်ရွက်နိုင်ဖို့ဆိုတာ ရဲတပ်ဖွဲ့တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ ပြည်သူတွေအားလုံး ပူးပေါင်းပါဝင်မှ နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာမှာ ရာနှုန်းပြည့်အောင်မြင်မှာပါ။ ဒါကြောင့် ပြည်သူတွေအနေနဲ့လည်း ပူးပေါင်းကြရန် တိုက်တွန်းပါတယ်" ဟု ဒုတိယရဲမှူးကြီး ဉာဏ်ဝင်းဦးက ပြော သည်။

မောင်တောခရိုင်ရဲတပ်ဖွဲ့အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းများဖြင့် နေ့၊ည မပြတ် လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့်အပြင် **(အပေါ်ပုံ)** မှုခင်းကျဆင်းရေးအတွက်လည်း အသိပညာပေးဟောပြောပွဲများကို မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်** (MNA)

**ဓာတ်ပုံ-ရဲထွဋ်**

# အမ်းမြို့နှင့် စစ်တွေကြား ကားလမ်း မိုးရာသီသွားလာနိုင်ရန် သံပေါင်ဘေလီတံတားထိုးမည်



**စစ်တွေ ဇွန် ၁၅**

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန်-စစ်တွေသွား ကားလမ်းမတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ အမ်းမြို့နှင့်စစ်တွေကြား ကားလမ်း မိုင်တိုင်အမှတ်(၂၈/၀)မိုင်နှင့် မိုင်တိုင်အမှတ်(၂၈/၁)ကြားတွင် လမ်းသားပဲ့ကျမှုဖြစ်ပွားခဲ့ပြီး မိုးရာသီသွားလာနိုင်ရန်အတွက် သံပေါင်ဘေလီတံတား ထိုးရန် ယနေ့မွန်းလွဲပိုင်းမှ စတင်ကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း **(ဝဲပုံ)**လမ်းအထူးအဖွဲ့(၁၆)မှ သိရသည်။

"မိုင်တိုင်အမှတ် (၂၈/၀)မိုင်နဲ့ မိုင်တိုင်အမှတ်(၂၈/၁)ကြားမှာ ယာဉ်တွေ မိုးရာသီသွားလာနိုင်ဖို့ သံပေါင်ဘေလီတံတားထိုးဖို့ လုပ်ငန်းဆောင်ရွက်နေတယ်။ ဒီညမိုးမရွာရင်တော့ တံတားအပြီးထိုးသွားမယ်"ဟု လမ်းအထူးအဖွဲ့(၁၆)မှ ဦးလှရွှေက ပြောသည်။

ယခုတည်ဆောက်မည့် သံပေါင်ဘေလီတံတားသည် အရှည်ပေ ၉၀ ရှိပြီး ယခုနှစ်မိုးရာသီအတွင်း ယာဉ်များသွားလာနိုင်ရန် ယာယီတံတားထိုးခြင်းဖြစ်ပြီး ရေရှည်အတွက် သွားလာနိုင်ရန် ပွင့်လင်းရာသီတွင် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လမ်းအထူးအဖွဲ့(၁၆)မှ သိရသည်။

အဆိုပါ မိုင်တိုင်အမှတ် ၂၈ နေရာအနီးတွင် ရေတိုက်စားမှုကြောင့် လမ်းတာ ပေ ၃၀၊ လမ်းသား ၁၀ ပေ ရေတိုက်စားရာတွင်ပါသွားပြီး လမ်းအထူးအဖွဲ့(၁၆)မှ စက်ယန္တရားများဖြင့် ယာဉ်များ သွားလာနိုင်ရန် ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းမှ စတင်ကာ ယာဉ်ကြီးများ ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

"ယာဉ်ငယ်တွေကတော့ ဖြတ်သန်းခွင့်ပြုထားတယ်။ ယာဉ်ကြီးတွေတော့ ဒီနေ့ နံနက်ပိုင်းကစပြီး ဖြတ်သန်းခွင့်ပြုထားတယ်။ ညပိုင်းဖြတ်ရင်တော့ အန္တရာယ်ရှိတယ်"ဟု လမ်းအထူးအဖွဲ့(၁၆)မှ ဦးလှရွှေက ပြောသည်။

၂၀၁၅ ခုနှစ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရန်ကုန်-စစ်တွေ ကားလမ်းနေရာတချို့တွင် လမ်းသားမြေပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့ခြင်းမရှိဘဲ ယခုနှစ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းသားမြေပြိုကျမှု ထပ်မံဖြစ်ပွားခြင်းဖြစ်ကြောင်း လမ်းအထူးအဖွဲ့(၁၆)မှသိရသည်။

ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇွန် ၁၂ ရက်မှ စတင်ကာ စစ်တွေ-ရန်ကုန်သွားကားလမ်းမတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အမ်းမြို့နှင့် ကဇူးကိုင်းရွာကြားမှာ နေရာ ၁၂ နေရာခန့် ကားလမ်း ရေကျော်မှုများ ဖြစ်ပွားခဲ့ကြောင်း လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံက သိရသည်။

**သတင်း-မင်းသစ်** (MNA)

**ဓာတ်ပုံ-ရဲထွဋ်**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၄ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၃ စီး၊ သွင်းကုန် ၆၂၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၄၁ စီး၊ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၃ ဒသမ ၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၄၆၇ သန်းခန့် စုစုပေါင်းတားဆီးမှု လေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၉၆၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၄ ရက်က လားရှိုးမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်အား (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ ခရီးသည်တစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ စက္ကူတို့ဖြင့် ထပ်မံထုပ်ပိုးထားသော "WY "စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ထုပ်၊ ပြား ၂၀၀၀ အလေးချိန် ၂၀၀ ဂရမ် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်း ခန့်အား တွေ့ရှိ၍ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် " WY"စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြားများ**

# တရားမဝင် ဝင်ရောက်လာသည့် တစ်ဖက်နိုင်ငံသားနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဇွန် ၁၃ ရက် ည ၈ နာရီခန့်က ပေါင်းဇားချောင်းဝအနီး၌ တရားမဝင် ဝင်ရောက်လာသည့် တစ်ဖက်နိုင်ငံသားနှစ်ဦးအား လှေတစ်စင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူနှစ်ဦးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်အတွင်း ငါးဖမ်းရာမှ မြန်မာ့ရေပိုင်နက်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဇွန် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **(မိုး/ဇလ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၁၅-** နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ (မိုး/ဇလ)

# ကနိုင်းဒါကျေးရွာ ယွန်းဘုရားဘုန်းတော်ကြီးကျောင်း၌ မီးလောင်မှုဖြစ်ပွား

**ထားဝယ် ဇွန် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကနိုင်းဒါကျေးရွာ ယွန်းဘုရားဘုန်းတော်ကြီးကျောင်း၌ ဇွန် ၁၅ ရက် နံနက် ၆ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။




ယွန်းဘုရား ဘုန်းတော်ကြီးကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာသည် ကရပ်ပြင် တောင်ရပ်ကွက် အလှူအိမ်သို့ အရုဏ်ဆွမ်းဘုဉ်းပေးရန် သွားရောက်ခဲ့ပြီး နံနက် ၅ နာရီခန့်က ဦးပဉ္စင်း ဦးပရမနှင့် ကိုရင် ဦးဝိမလတို့က ဘုန်းတော်ကြီးကျောင်းတွင် ပန်းရန် လာရောက်လုပ်ကိုင်နေသူခြောက်ဦးနှင့် ဘုန်းကြီးကျောင်းသားတို့နှင့်အတူ ကနိုင်းဒါကျေးရွာအတွင်း ဆွမ်းခံသွားခဲ့ကြောင်း သိရသည်။

ထို့နောက် နံနက် ၆ နာရီခန့်တွင် ဆွမ်းခံအဖွဲ့ ဘုန်းကြီးကျောင်းသို့ ပြန်ရောက်စဉ် ကျောင်းအပေါ်ထပ် ဘုရားခန်းအနီး မီးပလပ်ခုံတွင် မီးလောင်နေသည်ကိုတွေ့ရ၍ ပတ်ဝန်းကျင်အား အကူအညီတောင်းကာ နီးစပ်ရာရေပုံးရေခွက်တို့ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး နံနက် ၆ နာရီခွဲခန့်တွင် မီးသတ်ယာဉ်များ ရောက်ရှိလာကာ တိုင်းဒေသကြီးမီးသတ် ဒုဦးစီးမှူး ဦးအောင်မြင့်ထွေးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ ခရိုင်ရဲမှူး ယာယီ ဒုတိယရဲမှူးကြီးနှင့်တပ်ဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ၊ ဇမ္ဗူသီရိနာရေးကူညီမှုအဖွဲ့မှ မော်တော်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အုတ်တိုက်၊ ပျဉ်ခင်း၊ သွပ်မိုး နှစ်ထပ်ကျောင်းဆောင်နှင့် အုတ်တိုက်၊ ပျဉ်ခင်း၊ သွပ်မိုး နှစ်ထပ် ဆွမ်းစားဆောင်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လိုင်စင်မဲ့ယာဉ် လက်ဝယ်ထားရှိအသုံးပြုသူအား အရေးယူထား

**နေပြည်တော် ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရုံးရပ်ကွက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးရှေ့၌ ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သွားရောက်စောင့်ဆိုင်းနေစဉ် ရှမ်းပြည်နယ် တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်နေ စိုးတင့်(၄၄ နှစ်)မောင်းနှင်လာသည့် ၅ဂ/----- နံပါတ်တပ်ဆင်ထားသော တိုယိုတာမက်တူးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ ယာဉ်ဖြစ်ကြောင်း သိရှိရ၍ စိုးတင့်အား သရက်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထား ကြောင်းသိရသည်။ **ကိုရဲ**

# မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၅**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၅ ရက် နံနက် ၁ နာရီက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကိုရှာဖွေရာ စံအေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၉၀၊ ဘိန်းဖြူ ၀ ဒသမ ၀၁၂၀ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ယမန်နေ့ညပိုင်းက မူးယစ်တပ်ဖွဲ့စု(၁၇)မှ ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် မိုးပိုင်ပြည့်၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။ **ကိုရဲ**



ရေးမြို့နယ် လမိုင်းမြို့ကနင်ကမော့ကျေးရွာရှိ ရေး-မော်လမြိုင်သွားကားလမ်း မိုင်တိုင်အမှတ် (၇၁/၆)နှင့် (၇၁/၇)ကြားတွင် ဇွန် ၁၅ ရက်က ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိစဉ် (ယာဉ်ပေါ်ပါ ခရီးသည် ၁၀ဦးခန့် ဒဏ်ရာများရရှိသွားကြောင်း သိရသည်။)

# နောင်ချိုမြို့နယ် ရွှေညောင်ပင်ကျေးရွာ အားမာန်စိုက်ခင်းကြီးကြပ်သူကို ဓားဖြင့်ခုတ်၊ မီးရှို့သတ်ကြသူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နောင်ချို ဇွန် ၁၅**

နောင်ချိုမြို့နယ် ရွှေညောင်ပင်ကျေးရွာ အားမာန်ကုမ္ပဏီစိုက်ခင်း၌ စိုက်ခင်းကြီးကြပ်သူ ဦးငွေစိုး (၄၉ နှစ်)သည် မေ ၂၄ ရက် စိုက်ခင်းရုံးခန်း၌ရှိနေစဉ် လူတစ်စုက ယာဉ်ငယ်တစ်စီးဖြင့် နောက်ဖုံးတွင်ထည့်လျက် ခေါ်ဆောင်သွားခဲ့သည်။

မေ ၂၇ ရက်တွင် နောင်ချိုမြို့မရဲစခန်းသို့ သွားရောက်အကြောင်းကြားခဲ့ပြီး မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် ဇော်မျိုးလတ်နှင့် တပ်ဖွဲ့ဝင်များသည် သတင်းပေးပို့ချက်အရ နောင်ချိုမြို့နယ် ကုန်းသာကျေးရွာနှင့် ငါးဆူကျေးရွာသွားကျောင်းခင်းလမ်း၏ ဝဲဘက် ပေ ၆၀ ခန့်အကွာရှိ ဝါးရုံပင်အောက်၌ တွေ့ရသည့် မီးရှို့ခံထားရသော ကုပ်ပိုးပြတ်ရှဒဏ်ရာနှင့် ခန္ဓာကိုယ်မီးလောင်ကာ ရုပ်ပျက်နေသည့် အမျိုးသားတစ်ဦး၏အလောင်းအား စစ်ဆေးရာ အားမာန်စိုက်ခင်းမှ စိုက်ကွင်းကြီးကြပ်သူ ဦးငွေစိုးဖြစ်ကြောင်း သိရသည်။

စိုက်ခင်း လုံခြုံရေးတာဝန်ခံက နောင်ချိုမြို့မရဲစခန်းသို့ တိုင်ကြားချက်အရ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် နောင်ချိုမြို့မရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွေး၏ ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးတင့်ခိုင်နှင့် တပ်ဖွဲ့ဝင်များက နယ်မြေခံပြည်သူများနှင့် ပူးပေါင်း၍ ပြစ်မှုဖြစ်ပွားပြီး ငါးရက်အတွင်း ဦးငွေစိုး (၄၉ နှစ်)အား ဓားဖြင့်ခုတ်သတ်၊ မီးရှို့ရာ၌ စီစဉ်ကြီးကြပ်ဦးဆောင်သူ နောင်ချိုမြို့နယ်နေ သြဇေယျ(ခ) စိုင်းအောင်ကျန် (၄၇ နှစ်)၊ ဝင်းနိုင်(ခ)ရှမ်းကြီး (၄၇ နှစ်)၊ အိုက်လူး (ခ)စိုင်းစိုးသိန်း (၃၀ နှစ်)၊ အိုက်ပီး(ခ) သိန်းဌေး (၂၂ နှစ်)၊ ပြင်ဦးလွင်မြို့နယ်နေ ဓားဖြင့်ခုတ်သတ်သူ ထွန်းဦး (၃၂ နှစ်)၊ မီးရှို့ရာတွင် ပါဝင်သူ ကျော်ဆွေ(ခ) ဖိုးလုံး (၅၁ နှစ်)၊ နောင်ချိုမြို့နယ်နေထိုင်သူ ပြစ်မှုကျူးလွန်သူ ခြောက်ဦးတို့ကို သက်သေခံ ဓားရှည် သုံးပေခန့်၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ယာဉ်နှစ်စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း (နောင်ချို)**




# ကန်အတွင်းရေချိုးရာမှ ရေနစ်သေဆုံး

**စလင်း ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဆင်ကျုံးကျေးရွာအနီး ဝက်သည်းကန်ရေတံခါးအနီး၌ ဇွန် ၁၄ ရက် ညနေ ၃ နာရီက ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဆင်ကျုံးကျေးရွာနေ လှဝင်းအောင် (၄၀ နှစ်)သည် အရက်သောက်ထားပြီး ဆင်ကျုံးရွာအနီး ဝက်သည်းကန် ရေပိုထုတ်ရေတံခါးအနီးတွင် ရေးဆင်းချိုးရာမှ ရေနစ်သေဆုံးသဖြင့် စလင်းရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ဝင်းနိုင်က သေမှုသေခင်းဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။ **စစ်ကြည် (စလင်း)**


**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အတွက် Community Hall(၁၂၀'-၁၁"×၅၉'-၈"×၁၈'-၀")သံကူကွန်ကရစ် (၁)ထပ် အဆောက်အအုံဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့် လွှတ်တော်ရုံးဝင်းတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၆-၂၀၁၇
**တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** - ၁၈-၇-၂၀၁၇

**တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီ**
**ဖုန်း-၀၁-၂၃၁၇၅၃၉**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇော်မင်းထွန်း ၁၂/ဒဂဆ(နိုင်)၁၁၇၀၈၂ ၏ Entellect AMK Co., Ltd.၏ ကုမ္ပဏီကတ်နှင့် သွင်းကုန်၊ ထုတ်ကုန်ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
**ဖုန်း-၀၉-၅၅၀၅၀၈၃၊ ၀၉-၅၃၃၃၃၈၃**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးအောင်နိုင် ၁၂/ဒဂဆ(နိုင်)၀၀၀၄၀၃ ၏ ထက်မျိုးအောင်ကုမ္ပဏီကတ်နှင့် သွင်းကုန်၊ ထုတ်ကုန်ကတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၅၅၀၅၀၈၃၊ ၀၉-၅၃၃၃၃၈၃**

**ဖခင်အမည်မှန်**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ရွှေမြို့အုပ်စု၊ ရွှေမြို့ အမှတ်(၃)အထက တက္ကသိုလ်ဝင်တန်းမှ မယမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွန်းဦး ၉/တကန(နိုင်)၀၉၃၇၄၂ ဖြစ်ပါကြောင်း။
**ဦးဇော်ထွန်းဦး**

**ရွှေလမ်းခရီး**
**အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း**
**ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။**
**Ph: 09-444808899**
**09-444808877**
**09-444808855**

**ဖခင်အမည်မှန်**

ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်းရွာ (အထက)နဝမတန်းမှ မနန်းယုယုနွယ်၊ အဋ္ဌမတန်းမှ မစန္ဒာတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၅/ဟမလ(နိုင်) ၀၆၆၃၆၁ ဖြစ်ပါကြောင်း။**ဦးဝင်းနိုင်**

**ဖခင်အမည်မှန်**

မိတ္ထီလာမြို့ ချည်စက် အထက နဝမတန်း(C)မှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်း ၉/မထလ(နိုင်)၀၆၄၂၄၃ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့ ထ(ခွဲ) အနောက်ရပ် သတ္တမတန်း(က)မှ မောင်ဇော်နိုင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ဘီမလာကူမာရီ ၇/ကတခ(ပြု)၀၀၀၃၇၃ ဖြစ်ပါကြောင်း။ **ဒေါ်ဘီမလာကူမာရီ**

**အမည်မှန်**

ဦးဇော်မင်း ၉/ရမသ(နိုင်)၁၀၇၃၁၈ ၏သား ရမည်းသင်းမြို့နယ်၊ စံပြသိမ်ကုန်း အထက၊ အဋ္ဌမတန်းမှ မောင်ကောင်းမြတ်ကျော်၏ အမည်မှန်မှာ မောင်ကောင်းမြတ်ဇော်ဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးဇေယျာရွှေ၏သမီး မြောင်းမြမြို့၊ မဟာကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မယွန်းမြတ်စန္ဒီအား မစုစုစံဟု ပြောင်းလဲခေါ်ပါရန်။
**မစုစုစံ**

**အမည်မှန်**

ရွှေဘိုမြို့နယ်၊ ညောင်ပင်သာအုပ်စု၊ ညောင်ပင်သာကျေးရွာနေ ဦးအောင်မျိုးလွင် ၅/ရဘန(နိုင်)၀၁၃၅၉၅၏သမီး မသုနန္ဒာမြင့်၏ အမည်မှန်မှာ မသွန်းရတနာစိုး ဖြစ်ပါကြောင်း။
**မသွန်းရတနာစိုး**

**အောင်ပါခဲ**
**အိမ်ပြောင်း၊ အိမ်ရွှေ့ဝန်ဆောင်မှုလုပ်ငန်း**
**အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ စက်ကိရိယာ၊ ဂိုဒေါင်၊ ဌာနဆိုင်ရာရုံးခန်းများပြောင်းရွှေ့လိုပါက**
**၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ**
**၁၀ ဘီး၊ ၁၂ ဘီးကားများနှင့်အလုပ်သမားများအပါ**
**စိတ်တိုင်းကျ ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/နယ်ဝေး)**
**Ph: 09 253266665,**
**09 250554793, 09 256263264**

**ကန့်ကွက်နိုင်ပါကြောင်း**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃ကံဘဲ့၊ မြေကွက်အမှတ် ၇/န၂၏ အစိတ်အပိုင်းမြေကွက်တည်နေရာအမှတ် ၁၄၂-ခ၊ ဂန္ဓမာလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(အိမ်ရာကွက်မြေ) အမည်ပေါက်မြေအား မူလနေထိုင်သူ ဒေါ်နှင်းစိန်ထံမှ ၂၆-၁၁-၁၉၈၄ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်ခင်အေးခိုင်(ခ) ဒေါ်သန်းမြင့် ၁၂/ဗဟန(နိုင်)၀၇၄၇၆၅ က ပိုင်ဆိုင်လားပြီး သန်းခေါင်စာရင်း၊ ၂၆-၁၁-၁၉၈၄ရက်စွဲပါ အရပ်ကတိအရောင်းအဝယ် စာချုပ်တို့တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၄/A၊ မြေကွက်အမှတ် ၇/၄၁၏ အစိတ်အပိုင်း ဧရိယာ ၆ ဒသမ ၇၆ဧက အနက် ၀ဒသမ၃၉ဧက၊ မြေကွက်တည်နေရာအမှတ် ၇၂၂၊ ဇောတိက(၃)လမ်း၊သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသောမြေအား အမည်ပေါက် ဂရန်ထုတ်ယူနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့တင်ပြမှုအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်သွားရန် ၉-၁-၂၀၁၇ရက်စွဲပါ စာအမှတ် ၃/၆-၂(၃၆)/စိုက်မွေးအရ ဒေါ်ကေခိုင်ရွှေ ၁၂/စခန(နိုင်)၀၀၇၇၅၄က နှစ် ၆၀မြေငှားဂရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကြက်သွန်ခင်း(၁)၊ အမက(မူလွန်)၊ တတိယတန်းမှ မောင်အောင်ကိုဟိန်းနှင့် မအိသန္တာစိုးတို့၏ ဖခင်အမည်မှန်မှာအိမ်ထောင်စုစာရင်းအရ ဦးစိုးနိုင်ဦး ၇/အတန(နိုင်)၁၅၇၂၇၈ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ကျောက်တန်းမြို့၊ အထက(၂) သော်ကကျောင်း၊ တက္ကသိုလ်ဝင်တန်း (D)မှ မောင်ရှိန်းထက်နိုင် ၂၂၄/၁၆၏ ဖခင်အမည်မှန်မှာ ဦးပေါက်ကျော် ၁၂/ကတန(နိုင်)၀၃၆၅၅၀ ဖြစ်ပါကြောင်း။ **ဦးပေါက်ကျော်**

**ဖခင်အမည်မှန်**

ပေါက်မြို့နယ်၊ မုန်ကုန်းကျေးရွာ ကမ္မမြို့ စေတနာ့ဥယျာဉ်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မရွှေဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးရီမြင့် ၈/ပမန(နိုင်)၀၈၄၁၀၃ ဖြစ်ပါကြောင်း။ **ဦးရီမြင့်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် EE/9971၊ Toyota Caldina ET 196, Station Wagon(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့်ဦး ၁၂/မရက(နိုင်)၀၆၅၄၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**မိဘအမည်မှန်**

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(G)မှ မရူးရူးယမုံဝင်း၏ မိဘအမည်မှန်မှာ ဦးထိန်စိုး ၁၀/သထန(နိုင်) ၁၆၄၉၈၂ နှင့် မစန်းမော်ဝင်း ၁၀/သထန(နိုင်)၁၂၄၇၂၇ ဖြစ်ပါကြောင်း။
**ဦးထိန်စိုး**
**မစန်းမော်ဝင်း**

**မိဘအမည်မှန်**

ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်း အထက တက္ကသိုလ်ဝင်တန်း(Eco)မှ မောင်ဝင်းမိုးကျော် (၀၃၉၉)၏မိဘအမည်မှန်မှာ ဦးအောင်မိုးဝင်း-ဒေါ်စိုးစိုးမြင့် ဖြစ်ပါကြောင်း။
**ဦးအောင်မိုးဝင်း-ဒေါ်စိုးစိုးမြင့်**

**ဖခင်အမည်မှန်**

ရေတာရှည်မြို့နယ်၊ သိုင်းဝ အထက(ခွဲ)နဝမတန်းမှ မဖြိုးယဉ်နွယ်၏ ဖခင်အမည်မှန်မှာ ဦးလွင်ကျော်ထူး ၇/ရတရ(နိုင်)၁၃၃၄၇၈ ဖြစ်ပါကြောင်း။ **ဦးလွင်ကျော်ထူး**

**မိဘအမည်မှန်**

ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်း အထက တက္ကသိုလ်ဝင်တန်း(Eco)မှ မောင်ထူးအောင်ကျော် (၁၆၀/၂၀၁၂)၏ မိဘအမည်မှန်မှာ ဦးချစ်စန်း-ဒေါ်စန်းစန်းမော် ဖြစ်ပါကြောင်း။
**ဦးချစ်စန်း-ဒေါ်စန်းစန်းမော်**

**ဖခင်အမည်မှန်**

ပျဉ်းမနားမြို့ အထက(၃) နဝမတန်းမှ မောင်ဇေဇေကျော်၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း ၉/ပဗသ(နိုင်)၀၅၂၂၆၆ ဖြစ်ပါကြောင်း။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇)

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)**
**၁၃၇၉ ခုနှစ်၊    လ    ရက်**
**(၂၀၁၇ ခုနှစ်၊    လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇) ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၅ ပါ "နိုင်ငံတော်၏အရအသုံး စာရင်းများ" ဆိုသည့် စကားရပ်၏နောက်တွင် "နှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှု" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ် သည်-

(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော်၏ အရအသုံးစာရင်းများ စစ်ဆေးခြင်း၊လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက် မှုစစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်ပြ ခြင်းနှင့် ထူးခြားသော အခြေအနေကို အခါအားလျော်စွာတင်ပြခြင်း၊

(ခ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက် များအရ-
(၁) နိုင်ငံတော်၏အရအသုံးစာရင်းများကို စစ်ဆေးခြင်း၊
(၂) အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ရငွေများကို ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊
(၃) အရအသုံးခန့်မှန်းခြေ ငွေစာရင်းပါ သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများ ကို ထိရောက်စွာ အသုံးပြု မပြု စစ်ဆေးခြင်း၊
(၄) သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်းများ၏ဖွဲ့စည်းပုံနှင့် ဖွဲ့စည်း ပုံအင်အားတို့သည် ထမ်းဆောင်သည့်လုပ်ငန်းတာဝန်နှင့် လျော်ကန် မျှတမှု ရှိ မရှိ စစ်ဆေးခြင်း၊
(၅) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ဝန်ထမ်းများ ခန့်ထားဆောင်ရွက်ခြင်းသည် ခွင့်ပြုသည့် ဝန်ထမ်းအင်အားအတွင်း ရှိ မရှိ စစ်ဆေးခြင်း၊
(၆) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်း ဆောင်ရွက်မှု အခြေအနေသည် မူလရည်ရွယ်ချက် သို့မဟုတ် ရည်မှန်း ချက်ဖြစ်မြောက်စေမည့် အခြေအနေမျိုး ရှိ မရှိ စစ်ဆေးခြင်း။

(ဂ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် သတ်မှတ်ထားသော စာရင်းထားသိုပုံနည်းစနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရ ဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ စီမံကိန်းနှင့် လုပ်ငန်းများ ဆောင်ရွက်မှုသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုး သက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(င) (၁) နိုင်ငံပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းနှင့် အများပိုင်ပစ္စည်းများကို ရယူထိန်းသိမ်းအသုံးပြုရာတွင် တိကျမှန်ကန်မှု၊စနစ်တကျ ထိန်းသိမ်း စောင့်ရှောက်မှုနှင့် ထိရောက်စွာအသုံးပြုမှု ရှိ မရှိ စစ်ဆေးခြင်း၊
(၂) ပိုင်ရှင်မဲ့ပစ္စည်းများ၊ ဖမ်းဆီးသိမ်းယူထားသည့်ပစ္စည်းများ၊ ပြည်သူ ပိုင်အဖြစ်ကြေညာ၍ သိမ်းယူထားသည့်ပစ္စည်းများ၊ ပိုင်ရှင်ကတရားဝင် စွန့်လွှတ်ထားသည့် ပစ္စည်းများကို ပြည်သူပိုင်ပစ္စည်းများအဖြစ် သက်ဆိုင်ရာတို့က တရားဝင်စာရင်းသွင်းခြင်း ရှိ မရှိ၊ ထိန်းသိမ်းခြင်းရှိ မရှိ၊ စနစ်တကျ အသုံးပြုခြင်း ရှိ မရှိ၊ လိုအပ်သည့်ကိစ္စများတွင် စနစ် တကျ ထုခွဲရောင်းချလွှဲပြောင်းပေးခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(စ) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍-
(၁) ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှု စာရင်းများကို စစ်ဆေးခြင်း၊
(၂) ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုများ၏ အရေ အတွက်နှင့် အဆင့်အတန်းစံနှုန်းများကို စစ်ဆေးခြင်း၊
(၃) လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီး မှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စစ်ဆေးခြင်း၊
(၄) ကုန်ကျစရိတ်နှင့် အကျိုးသက်ရောက်မှုကို နှိုင်းယှဉ်၍ စစ်ဆေးခြင်း၊
(၅) အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းဖွဲ့စည်းလုပ်ကိုင်မှုတွင် ကြီးကြပ် ကွပ်ကဲမှု၊လုပ်ငန်းပိုင်းဆိုင်ရာ ထိန်းကွပ်မှုများဖြင့် ဆောင်ရွက်မှု၊ စီးပွား ရေးစွမ်းဆောင်ရည်တိုးတက်မှု၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုး သက်ရောက်မှု၊ လုပ်ငန်းစည်းစနစ်ကျမှု၊ ဝန်ထမ်းများ အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်မှု၊ ငွေကြေးနှင့်ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြု နိုင်မှု စသည်တို့ကို စစ်ဆေးခြင်း။

(ဆ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော် ကောင်စီကဖြစ်စေ ယင်း၏လုပ်ငန်းတစ်ရပ်ရပ်အား စစ်ဆေးပေးရန် ညှိနှိုင်း လာပါက လိုအပ်သလို စစ်ဆေးပြီးနောက် တွေ့ရှိချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဇ) မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်း ကိုင်များ အသင်းတို့အား ကြီးကြပ်ခြင်းနှင့် လိုအပ်သောလမ်းညွှန်မှုများ ပေးခြင်း၊

(ဈ) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင် သူတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူ တို့က စစ်ဆေးထားသည့် ပုဂ္ဂလိက လုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော် သို့ ပေးဆောင်ရမည့် အခွန်အခများနှင့်စပ်လျဉ်း၍ လိုအပ်ပါက စစ်ဆေးခြင်း၊

(ဋ) စာရင်းစစ်ဆေးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသော လိုအပ်သည့်ဥပဒေကြမ်း ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊

(ဌ) မိမိ၏ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော် သမ္မတ ထံသို့ တင်ပြသည်နှင့်တစ်ပြိုင်တည်း ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြခြင်း၊

(ဍ) နိုင်ငံတော်သမ္မတက ဥပဒေနှင့်အညီ ပေးအပ်သည့် အခြားတာဝန်များ ထမ်း ဆောင်ခြင်း၊

(ဎ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်သော အခြားတာဝန်များ ထမ်းဆောင် ခြင်း၊

(ဏ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးရန် ပြည်ထောင်စု လွှတ်တော်က တာဝန်ပေးအပ်လာလျှင် စစ်ဆေး၍ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(တ) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရ ဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများဆိုင်ရာရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ် မှု၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ထ) ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတွင် ဌာနတွင်း စာရင်းစစ်အဖွဲ့များ ဖွဲ့စည်းထားမှု ရှိ မရှိနှင့် ထိုအဖွဲ့များသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက သတ်မှတ်ပေးထားသော လုပ်ငန်းစဉ်၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဒ) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို စစ်ဆေးရာတွင် ဥပဒေအရ အရေးယူသင့်သည်ဟုယူဆသော ကိစ္စများကို တွေ့ရှိပါက စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသို့ပေးပို့သည့်အပြင် သက်ဆိုင်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ် / တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံသို့လည်း ပေးပို့ခြင်း၊

(ဓ) အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ခုကို စစ်ဆေးရာတွင် ယင်း အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းခွင်အလိုက် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီး မှု၊ နစ်နာဆုံးရှုံးမှု၊အလွဲသုံးစားပြုမှုများ လောလောဆယ် ဖြစ်ပေါ် နေခြင်းကို ချက်ချင်းရပ်တန့်တားဆီးရန် လိုအပ်သည်ဟု ယူဆပါက-
(၁) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသို့ ချက်ချင်း အကြောင်း ကြားပြီး ၎င်း၏ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ် / တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံသို့လည်း အကြောင်းကြားခြင်း၊
(၂) သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အရေးယူ ဆောင်ရွက် မှုမရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ / တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံသို့ အစီရင်ခံတင်ပြခြင်း။"

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) (၁) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများစသည်တို့၏ ဥပစာများ၊ အဆောက်အအုံများအတွင်းသို့ ဝင် ရောက်စစ်ဆေးခြင်း၊
(၂) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများတွင်ရှိသော စီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံ နည်းစနစ် များ၊ စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်း များ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊ ပြေစာများနှင့် အခြား အထောက်အထား စာရွက်စာတမ်းများကို လေ့လာခြင်း၊
(၃) ပုဒ်မခွဲငယ်(၂)တွင် ဖော်ပြထားသော စာရွက်စာတမ်းများကို မူရင်း အတိုင်း ဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းစနစ်ဖြင့် ဖြစ်စေ သက်ဆိုင်ရာအဖွဲ့အစည်းက ပေးပို့ရန်တောင်းခံခြင်း၊
(၄) စစ်ဆေးချက်များနှင့်ပတ်သက်၍ တွေ့ရှိသည့်သက်သေခံပစ္စည်းများ၊ စာရွက်စာတမ်းများ၊ အသံဖိုင်များ၊ အီလက်ထရွန်နစ် ဆိုင်ရာမှတ်တမ်း များကို သက်သေခံအဖြစ် ထိန်းသိမ်းခြင်း၊
(၅) စစ်ဆေးရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ ထွက်ဆိုချက်များရယူခြင်း၊
(၆) စစ်ဆေးရေးအတွက် လိုအပ်ပါက ကျွမ်းကျင်သူဝန်ထမ်းများ၏ အကူအညီ ကို လုပ်ငန်းအလိုက်ဖြစ်စေ၊ ကာလအပိုင်းအခြားအားဖြင့် ဖြစ်စေ၊ သက်ဆိုင်ရာ အဖွဲ့အစည်း၏ သဘောတူခွင့်ပြုချက်ဖြင့် ရယူခြင်း။

(င) အောက်ပါကိစ္စရပ်များဖြစ်သည့် -
(၁) အစိုးရဌာနများ၏ အခြားစာရင်း (Other Account -OA) စာရင်း များကို လိုအပ်ပါက စစ်ဆေးခြင်း၊
(၂) နိုင်ငံပိုင် ရေ၊ မြေ၊ လေ သယံဇာတကို အသုံးပြု၍ အကျိုးခံစားခွင့်ပေး သည့် စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် အစိုးရနှင့်ဆောင်ရွက် သည့် ဖက်စပ်လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း။

(စ) ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ချေးယူငွေများ၊ ပြည်တွင်းသို့ ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ထုတ်ချေးငွေများ၊ အတိုးပေးငွေ၊ အတိုးရငွေများနှင့် ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန် တိကျစွာ ဖော်ပြခြင်း ရှိ မရှိနှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်း ရှင်းလင်းဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း။"

၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ အရအသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်ပြခြင်းနှင့် ထူးခြားသော အခြေအနေတွင် အခါအားလျော်စွာ တင်ပြခြင်း၊

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများဆောင်ရွက်မှုသည် ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) မိမိ၏ ဆောင်ရွက်ချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အစီရင်ခံတင်ပြသည်နှင့် တစ်ပြိုင် တည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြ ခြင်း၊"

၆။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (စ) ၏နောက်တွင် (ဆ)၊ (ဇ)၊ (ဈ)၊ (ည) နှင့်(ဋ) တို့ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို စစ်ဆေးရန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က တာဝန်ပေး အပ်လာလျှင် စစ်ဆေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ အစိုးရဌာနများ၏ အခြားစာရင်း (Other Account- OA) များကို လိုအပ်ပါကစစ်ဆေးခြင်း၊

(ဈ) နိုင်ငံပိုင် ရေ၊ မြေ၊ လေ၊ သယံဇာတများကို အသုံးပြု၍ အကျိုးခံစားခွင့်ပေး သည့်သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် စာချုပ် ပုံစံအမျိုးမျိုး၊နည်းစနစ်အမျိုးမျိုးဖြင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်သည့် လုပ်ငန်းများ၏ လုပ်ငန်းနှင့် စာရင်းများကို လိုအပ်၍ တာဝန်ပေးလာပါက စစ်ဆေးခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက် သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများဆိုင်ရာ ရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေ ပေးငွေများကို တာဝန်ရှိ သူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဋ) ရရန်ရှိငွေနှင့် ပစ္စည်းများ၊ ပေးရန်ရှိငွေနှင့် ပစ္စည်းများ ပြည့်စုံမှန်ကန် တိကျစွာဖော်ပြခြင်း ရှိ မရှိနှင့် သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်း ဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း။"

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊"

၈။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ဃ)၏နောက်တွင် ပုဒ်မခွဲ(င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ် ဆောင်ရွက် သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့်စာရင်းများဆိုင်ရာ ရငွေနှင့်ပေး ငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေ ပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှု ရှိ မရှိ စစ်ဆေးခြင်း။"

၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၃၆ ၏နောက်တွင် ပုဒ်မ ၃၆-က၊ ပုဒ်မ ၃၆-ခ နှင့် ပုဒ်မ ၃၆-ဂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၆-က။ ဥပဒေအရ စစ်ဆေးခြင်းခံရမည့် အဖွဲ့အစည်းအသီးသီးတို့သည် နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်းကိုးဆယ်အတွင်း ဝန်ထမ်း အင်အားစာရင်း၊ ငွေစာရင်း၊ ကုန်ပစ္စည်းစာရင်းအပါအဝင် နှစ်ချုပ်စာရင်း များကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်သို့ ပေးပို့ ရမည်။

၃၆-ခ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်၏ အစီရင်ခံစာအရ ဝန်ထမ်းများအား အရေးယူသည့်အခါတွင် ပဏာမ စုံစမ်းမှုကို ပြန်လည် ပြုလုပ်ခြင်းမပြုဘဲ စာရင်းစစ်ရုံးအဆင့်ဆင့်တို့၏ စစ်ဆေးတွေ့ရှိချက်ကို စွဲချက်တင်ရန် အထောက်အထားတစ်ရပ်အဖြစ်မှတ်ယူ၍ ဌာနဆိုင်ရာစုံစမ်း စစ်ဆေးမှုကို ဆက်လက်ပြုလုပ်ရမည်။

၃၆-ဂ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်၏ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များထိရောက်စွာတာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်သည့်အကူအညီ များနှင့် အစီအစဉ်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းမှ တာဝန်ရှိသူများက စီစဉ်ပေးရမည်။"

---

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၇၃)


# ဥပဒေလိုက်နာရေး ဒဿန

ဦးဟန်ညွန့် (ဥပဒေ)



**ဥပဒေပါမောက္ခ ဒေါက်တာမြင့်ဇံ**

ဥပဒေပါမောက္ခ ဒေါက်တာမြင့်ဇံက ၎င်းရေးသားပြုစုသော ဥပဒေဒဿနအတွေးအမြင်စာအုပ်တစ်အုပ်ကို ကျွန်တော့်ထံ လက်ဆောင်ပေးပို့လိုက်သည်။ သူ့စာအုပ်၏ အမည်မှာ "ဆော့ခရတ္တိရဲ့လူလုပ်ပြဋ္ဌာန်းဥပဒေလိုက်နာရေးနှင့်တမလွန်အယူအဆ (အယ်သင်ဥပဒေများ)"အမည်နှင့် ဖြစ်သည်။ **[စာအုပ်မျက်နှာဖုံးပုံပူးတွဲတင်ပြထားပါသည်]**




**ဆော့ခရတ္တိ ဆိုတာ ဘယ်သူလဲ**

ခရစ်မပေါ်မီ (Before christ. B.C)(သို့မဟုတ်) ယခုခေတ်မတိုင်မီ (Before the current Era.BCE) ၃၉၉ (လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ ကျော်က) ဆော့ခရတ္တိ (SOCRATE) ပေါ်ခဲ့သည်။ ဆော့ခရတ္တိအား တရားစွဲသည်။ အဆိပ်ရည် (Hemlock)ကို သောက်စေခြင်းဖြင့် အဆုံးစီရင်ကွပ်မျက်ခံရသည်။ ကမ္ဘာကျော်သည်။

**ဆိုကရေးတီး၏ ချေပလျှောက်လဲချက်**

စာရေးဆရာ၊ တရားရုံးချုပ်ရှေ့နေ မောင်ကိုယုကတော့ သူဘာသာပြန်ပြုစုသည့် "ကမ္ဘာကျော်တရားခွင် လျှောက်လဲချက်များ" စာအုပ်တွင် ဆိုကရေးတီး ဟု SOCRATE အင်္ဂလိပ်စာလုံးကို မြန်မာဘာသာပြန်သည်။ ဥပဒေပါမောက္ခ ဒေါက်တာမြင့်ဇံက "ဆော့ခရတ္တိဟု" ရေးသော်လည်း SOCRATE ကတော့ တစ်လုံးတည်း မမှားနိုင်ပါ။ ဆိုကရေးတီး၏ ချေပလျှောက်လဲချက် အကြောင်း(အကျဉ်း)ကို ကောက်နုတ်လျှင် အောက်ပါအတိုင်းဖြစ်မည်-

(၁) ကာလ- ဘီစီ ၃၉၉ ခုနှစ်ခန့်
(၂) အစိုးရ- ရှေးခေတ် ဒီမိုကရေစီအစိုးရ
(၃) မြို့တော်- ဂရိမြို့တော်
(၄) မြို့- အေသင်မြို့
(၅) အမျိုးအစား- မှုခင်းကြီး
(၆) တရားခံ-အသက် ၇၀ ရှိပြီဖြစ်သော ဆိုကရေးတီး
(၇) တရားသူကြီး- တရားသူကြီးအရေအတွက် ၅၀၀
(၈) ရုံး-အေသင်မြို့တရားခုံရုံး
(၉) စွဲချက်- ဆိုကရေးတီးသည် မိစ္ဆာဒိဋ္ဌိဘာသာတရားမကိုင်းရှိုင်းသူ

နတ်ဒေဝါသစ်များကို ဖန်တီးခဲ့သူ၊

လူငယ်များ၏ စိတ်ဓာတ်ကို ဖျက်ဆီးခဲ့သူအဖြစ် စွဲချက်အတင်ခံရသည်။

**ပြစ်ဒဏ်**- ထိုစွဲချက်များအရ ဆိုကရေးတီးအား သေဒဏ်အဖြစ် စီရင်သည်။ မိန့်ခွန်းလျှောက်လဲချက်- ဆိုကရေးတီးသည် မိန့်ခွန်းပေါင်း သုံးရပ်ဖြင့် ခုခံချေပခဲ့သည်။ မှုခင်းဖြစ်ရပ်နောက် သုံးနှစ်အကြာတွင် ပလေတိုက ပြန်လည်ရေးသားသည်။ ကမ္ဘာကျော်သည်။

**အနှစ်သာရ**

တရားလိုအဖြစ် တရားစွဲသူ သုံးယောက်ရှိသည်။ အေသင်မြို့ဒီမိုကရေစီအစိုးရ နိုင်ငံရေးခေါင်းဆောင် အနိုင်းတပ်စ်။

ပြဇာတ်ဆရာ၊ ကဗျာဆရာ မီလီတပ်စ်နှင့် အပြောကောင်းအဟောကောင်းဟု ထင်ရှားခဲ့သော လိုင်ကုန္တတို့ဖြစ်သည်။

**စွဲချက်၏သရုပ်**

ဆိုကရေးတီးအား စွဲဆိုသော စွဲချက်များမှာ အမှန်စင်စစ်ရန်ငြိုးကို ဖုံးကွယ်ထားသော မျက်နှာဖုံးများသာ ဖြစ်ကြောင်း။ ထို့ကြောင့် ဆိုကရေးတီးက စွဲချက်များကို ဂရုစိုက်၍ ငြင်းဆန်မှုနည်းပါးသည်။ အများအားဖြင့် သူ့အားမလိုမုန်းထားရန်ငြိုးပြုခဲ့ကြသော နိုင်ငံရေးသမားအချို့နှင့် ပြဇာတ်ဆရာ၊ လင်္ကာဆရာအချို့အကြောင်းကိုသာ ရှင်းလင်းပြောပြသည်။ သူ၏ အဘိဓမ္မာတရားများကို ခုခံကာကွယ်သည်။ သူ၏ အဓိကရန်သူမှာ တရားစွဲသူ တရားလိုများမဟုတ်။ ဘဝအကြောင်းတရားနှင့် အမှန်တရားကို ငြင်းဆိုသူ၊ အဝိဇ္ဇာတရားဖုံးလွှမ်းခြင်းသည် ဘဝတွင် အသက်ရှင်နေထိုင်ရခြင်း၌ တန်ဖိုးမရှိဆိုသော အချက်ကို ငြင်းဆန်သောသူများဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။

ဆိုကရေးတီးသည် အဝိဇ္ဇာကို အဝိဇ္ဇာမုန်းသိသည်။ လက်ခံသည်။ ကိုယ်မသိသည်ကို သိလာခြင်းသည် အဝိဇ္ဇာအသိတရားရရန်အတွက် သဲလွန်စဖြစ်ကြောင်း ဆင်ခြင်ခဲ့သည်။

**သေခြင်းတရားကို ရွေးချယ်**

ဆိုကရေးတီးသည် သူ့အယူအဆကို စွန့်လွှတ်ရခြင်းထက် သေခြင်းတရားကိုသာ ရွေးချယ်ခဲ့သည်။ မကျူးလွန်ခဲ့သော ပြစ်မှုအတွက်မတောင်းပန်နိုင်။ တရားသူကြီးတို့၏ ဆန္ဒအတိုင်း နှုတ်ပိတ်ပါးစပ်ပိတ်နေဖို့ ဆိုကရေးတီးက မလိုက်လျောခဲ့။

(မောင်ကိုယု-၏ စာအုပ်၊ စာမျက်နှာ-၃၁၈)

**မလေးရှားတက္ကသိုလ်**

မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Multimedia တက္ကသိုလ် ဥပဒေပညာဌာနတွင် ဥပဒေပါမောက္ခဒေါက်တာမြင့်ဇံသည် ဥပဒေဒဿနပညာရပ်ကို ပို့ချသည်။ ဥပဒေဒဿနဘာသာရပ်၏ တစ်စိတ်တစ်ဒေသအနေနှင့် ပလေတို၏ ချေပချက် Apology ကထာနှင့် The Crito ကထာတို့ကို လေ့လာစေသည်။ အတန်းထဲရှိ ကျောင်းသူ ကျောင်းသားများအား ဆွေးနွေးတင်ပြစေခဲ့သည်။

**မင်းတို့သာ ဂျူရီလူကြီးအဖွဲ့ဝင်ဖြစ်ခဲ့လျှင်**

မင်းတို့သာ ဂျူရီလူကြီးအဖွဲ့ဝင်ဖြစ်ခဲ့လျှင် ဆော့ခရတ္တိကို တရားစွဲဆိုတဲ့ အယ်သင်ရှိလူငယ်တွေကို ပျက်စီးစေမှုနှင့် အယ်သင်က မကိုးကွယ်တဲ့ နတ်ဘုရားတွေကို ကိုးကွယ်မှုဆိုတဲ့ စွဲချက်တွေနှင့် ယင်းစွဲချက်တွေအပေါ်မှာ ဆော့ခရတ္တိရဲ့ တုံ့ပြန်ချက်ကို မူတည်ပြီး သူတို့အပြစ်ရှိတယ်လို့ ဆုံးဖြတ်မလား။ မဆုံးဖြတ်ဘူးလားဆိုတဲ့ မေးခွန်းမေးခဲ့သည်။ ကျောင်းသူကျောင်းသားတွေရဲ့ ဆုံးဖြတ်ချက်ကို ဒေါက်တာမြင့်ဇံက တောင်းခံခဲ့တာပါ။ လူငယ်ရှေ့နေများ လေ့လာသင့်သည်ပါ။

**မာတိကာ**

ဒေါက်တာမြင့်ဇံ၏ စာအုပ်မာတိကာတွင်-

-အမှာစာ

-ဆော့ခရတ္တိရဲ့တရားခွင်တစ်ကျော့

-ဆော့ခရတ္တိရဲ့ လူလုပ်ပြဋ္ဌာန်းဥပဒေလိုက်နာရေးအယူအဆ

**(အပိုင်း-၁)**

-နိုင်ငံရေးဒဿနတစ်စေ့တစ်စောင်း

-ပြင်းပြင်းထန်ထန်ဝေဖန်ချက်နှင့် ယင်းဝေဖန်မှုကို ပြန်လည်တင်ပြတုံ့ပြန်သုံးသပ်မှု

**အပိုင်း(၂)**

-တမလွန်အယူ အဆ၊ သုံးသပ်ဝေဖန်မှု

**အပိုင်း(၃)**

-အဆုံးစီရင်ခဲ့ပုံနှင့် နှိုင်းယှဉ်လေ့လာတင်ပြခြင်း၊ တင်ပြချက်နှင့် သုံးသပ်ချက်များ

-ဆော့ခရတ္တိလား၊ ပလေတိုလား၊၊ ဆော့ခရတ္တိရဲ့ပလေတိုလား၊ ပလေတိုးရဲ့ ဆော့ခရတ္တိလား။ နတ်နေကိုင်းနှင့် ဆော့ခရတ္တိ။

-နောက်ဆက်တွဲ၊ ကျမ်းကိုးစာရင်းတို့ ပါဝင်သည်။

**(အကျယ်ဆက်လက်ဖတ်ရှုပါရန်)**

**ဆရာကြီးဇော်ဂျီ**

အမျိုးသားစာဆိုဆရာကြီးဇော်ဂျီ၏ ပလေတိုနိဒါန်းစာအုပ်ကို ရည်ညွှန်းထားသည်။ အခြားဆက်စပ် မြန်မာစာအုပ်များ၊ ရည်ညွှန်းများဖော်ပြထားသည်။ မြန်မာဘာသာ ၄၃ အုပ်၊ အင်္ဂလိပ်ဘာသာ ၈၆ အုပ်။ Doctor of Philosophy (Ph.D) ဘွဲ့ရထားသူမို့ သူ့အရေးအသား (ပါမောက္ခဒေါက်တာမြင့်ဇံ) က အတွေးအခေါ်များလွှမ်းသည်။ ဘယ်လိုတွေး၊ ဘယ်လိုသုံးသပ်၊ ဘယ်လိုဆုံးဖြတ်ဟု သူ့ကျောင်းသားများကို ပြောသံကြားနေရသလိုပါပဲ။ ယခုလည်း သူ့စာအုပ်က "ဥပဒေဘာသာရပ်ကျမ်း" တစ်စောင်ထက် ဥပဒေဒဿနအတွေးအခေါ်စာအုပ်ဟု ကျွန်တော်မြင်သည်။ ဒေါက်တာဦးစံဘော်နှင့် ပါမောက္ခဒေါက်တာမြင့်မြင့်ခင်တို့၏သားစာရေးဆရာမျိုးဆက်ဖြစ်သော နိုင်ငံတကာ အတွေ့အကြုံရှိသော ဥပဒေပါမောက္ခတစ်ဦးဖြစ် သော အင်္ဂလိပ်ဘာသာဖြင့် Essays in International Law, Philosophy, Science and Literature စာအုပ်ဖြင့် ထင်ရှားသော စာရေးဆရာ ဥပဒေပါမောက္ခဒေါက်တာမြင့်ဇံ၏ ဥပဒေအတွေး၊ ဥပဒေအရေးများကို ကျွန်တော်တို့ ကြိုဆိုစောင့်မျှော်နေပါမည်။

**စာအုပ်အမည်**-အယ်သင်ဥပဒေများ (ဆော့ခရတ္တိရဲ့ လူလုပ်ပြဋ္ဌာန်းဥပဒေလိုက်နာရေးနှင့် တမလွန်အယူအဆ)

**ရေးသူ**- ဥပဒေပါမောက္ခ ဒေါက်တာမြင့်ဇံ

**ထုတ်ဝေ**-၂၀၁၆ ၊ ဧပြီလ(ပထမအကြိမ်) ရှင်မတောင်စာပေ၊ ရန်ကုန်ဖြစ်ပါသည်။

**ဥပဒေအတွေး**

လူငယ်ဥပဒေပညာရှင်တွေ ဘယ်လိုတွေးသလဲ။ ဘယ်လိုရေးသလဲ။ ဘယ်လိုမေးမလဲ။ ဘယ်လိုဖြေမလဲ။ ဘယ်လိုလျှောက်လဲမလဲ။ ဘယ်လိုဆုံးဖြတ်ကြမလဲ။ အတွေးရဲရဲ၊ အရေးရဲရဲ၊ ဆုံးဖြတ်ရဲကြသော ဥပဒေပညာရှင်များ။ အမှန်တရား၏ သစ္စာ။ တရားသစ္စာ တည်စေပါကြောင်း၊ ထုံးဟောင်းသက်သေ လေ့လာစေချင်ပါသည်။

**စေတနာ**

(၁) အစားကောင်းစားရလျှင်--- ချစ်မိတ်ဆွေများကို သတိရသည်။

(၂) ဤသို့ပါပဲ။

(၃) စာအုပ်ကောင်းဖတ်ရလျှင်---ဟု တွေးမိသော ကျွန်တော်၏စေတနာဥပဒေအတွေးမျှသာပါ....။ ။

**ဆိုကရေးတီးသည် သူ့အယူအဆကို စွန့်လွှတ်ရခြင်းထက် သေခြင်းတရားကိုသာ ရွေးချယ်ခဲ့သည်။ မကျူးလွန်ခဲ့သော ပြစ်မှုအတွက်မတောင်းပန်နိုင်။ တရားသူကြီးတို့၏ ဆန္ဒအတိုင်း နှုတ်ပိတ်ပါးစပ်ပိတ်နေဖို့ ဆိုကရေးတီးက မလိုက်လျောခဲ့။**

## လုပ်ငန်းခွင်အတွင်း ခေါင်းဆောင်မှုပညာ ဟောပြောပွဲကျင်းပ

**မန္တလေး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ဦးဆောင်၍ လုပ်ငန်းခွင်အတွင်း ခေါင်းဆောင်မှုပညာဟောပြောပွဲကို ဇွန် ၁၃ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၃၄×၇၈လမ်းထောင့်၊ ရတနာပုံစူပါစင်တာ တတိယထပ်ရှိ MICT Park အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမိုးကျော်ကျော်က အမှာစကားပြောကြားပြီး ဦးပြေခိုင်(MEI Singapore)က "Leadership for Entrepreneurs" ခေါင်းစဉ်ဖြင့် လူငယ်လူရွယ်များအတွက် လုပ်ငန်းခွင်အတွင်း စီမံခန့်ခွဲမှုများ၊ ခေါင်းဆောင်မှုပညာရပ်များ၊ ဘဝကိုအောင်မြင်စွာဖြတ်သန်းနိုင်မည့်နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲသို့ တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့သည် ဇွန် ၁၂ ရက်က ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်း (၆/၂၀၁၇) သင်တန်းသားများနှင့် ရဲအုပ်ဇော်ဇော်ထွန်း၊ ဒုရဲအုပ်မင်းမင်းထွန်း၊ ဒုရဲအုပ်ယာချမ်းမြေ့အောင်၊ ဒုရဲအုပ်အောင်မျိုးဦးတို့က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရှေ့ရပ်ကွက်အတွင်း မှုခင်းကျဆင်းရေးအတွက် ကွင်းဆင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်**

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြော

**ကျောက်ဆည် ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၃ ရက်က ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်စိုးလင်းက အမှာစကားပြောကြား၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ဝင်းဇော်က မူးယစ်ဆေးဝါးသုံးစွဲသူ၏ မိသားစုအန္တရာယ်များ ဖြစ်ပေါ်လာပုံတို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးခင်စောလွင်က မူးယစ်ဆေးဝါးအကြောင်းနှင့် စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးများ၊ ပန်းချီဆွဲနည်း၊ ပုံပြောနည်းများ ဟောပြောခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင် (ကျောက်ဆည်)**

## သတင်းတိုများ

### ကယားပြည်နယ်အတွင်းမှ လုပ်ငန်းများ တင်ဒါဖွင့်ပွဲပြုလုပ်

ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးနှင့် ရုံးအဆောက်အအုံလုပ်ငန်းများ တင်ဒါဖွင့်ပွဲကို ဇွန် ၁၂ ရက်က လွိုင်ကော်မြို့ရှိ ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။ တင်ဒါဖွင့်ပွဲတွင် ပြည်နယ် စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစ်ကိုက အမှာစကားပြောကြားပြီး ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးသိန်းက တင်ဒါဖွင့်လှစ်မည့်အစီအစဉ်များကို ရှင်းလင်းကာ Lot အလိုက် တင်ဒါများဖွင့်ဖောက်မှတ်တမ်းတင်ခဲ့သည်။ တင်ဒါဖွင့်ပွဲတွင် Lot ရှစ်ခု၊ ကုမ္ပဏီ ၄၂ ခု ပါရှိပြီး ကုမ္ပဏီများကို ပြည်နယ်အစိုးရအဖွဲ့က စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

### လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်း ပညာပေးဟောပြော

တောင်သူများအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများကို သားစဉ်မြေးဆက် လုပ်ကိုင်ခွင့်ရရှိစေရေးအတွက် သိရှိထားသင့်သော လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်း အသိပညာပေးဟောပြောပွဲများကို မိုင်းရယ်မြို့နယ် မြေစာရင်းဦးစီးဌာနက ကြီးမှူး၍ ကျေးရွာသုံးရွာ၌ ဇွန် ၁၁ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲများကို ဟိုယကျေးရွာအုပ်စု၊ ကောင်းမောင်ကျေးရွာအုပ်စုနှင့် နောင်မိုကျေးရွာအုပ်စုများတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဟောပြောပွဲတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာများ၊ လယ်ယာမြေစီမံခန့်ခွဲမှု၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံ တောင်သူများအား အသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောပွဲများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၅ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်သုံးခုတို့တွင်လည်း ပြည်သူများ သိရှိစေရန် ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

### အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေး

၂၀၁၇ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၃ ရက်က ကျင်းပခဲ့ပြီး ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရှိ အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းက အခွန်ကောက်ခံခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဒုတိယဦးစီးမှူး ဦးကျော်စိုးမိုးက ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ၊ လက်ရှိကောက်ခံနေသော အခွန်ဆိုင်ရာ ဥပဒေများနှင့် နှုန်းထားများအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ထွန်းလှိုင်(မြိုင်)**

### ယိုယွင်းပျက်စီးနေသော အထကကျောင်းဆောင်ကို ပြုပြင်ပြီးစီး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၀၀-၂၀၀၁ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သိန်း ၃၀ ဖြင့် ဆောက်လုပ်ခဲ့သော အရှည်ပေ ၁၈၀၊ အကျယ် ပေ ၄၀ ရှိ နဝရတ်ကျောင်းဆောင် အမိုး၊ မျက်နှာကြက်နှင့် အောက်ခံကြမ်းခင်းများ ပျက်စီးနေမှုကို အလှူရှင်၏လှူဒါန်းမှုဖြင့် ယခုဇွန်လအတွင်း ပြန်လည်ပြုပြင်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ "ကျောင်းဆောင် အမိုးသွပ်ပြားတွေ သံချေးတက်ပြီး မိုးယိုတာကြောင့် အပေါ်ထပ် ခုနစ်ခန်းနဲ့ အောက်ထပ် ငါးခန်းတို့မှာ ကျောင်းသား ကျောင်းသူတွေ စာသင်ကြားဖို့ အဆင်မပြေမှုတွေ ကြုံတွေ့နေရတာပါ။ အဲဒါကို တင်မြင့်ရီကုမ္ပဏီက မေ ၂၅ ရက်ကစပြီး ငွေကျပ်သိန်း ၂၀၀ ခန့် အကုန်အကျခံ ပြန်လည်ပြုပြင်ပေးခဲ့တာကြောင့် ကျောင်းသား ကျောင်းသူတွေ အေးချမ်းစွာ စာသင်ကြားနိုင်တဲ့အပြင် ဆရာ ဆရာမနေအိမ် သွပ်မိုးတွေ ပြန်လည်ပြုပြင်ပေးခြင်း၊ ကျောင်း ရေအိမ်တွေ ရေရရှိရေးဆောင်ရွက်ပေးခြင်း၊ ကျောင်းဝင်းပတ်လမ်းနဲ့တန်းစီကွင်းကို သဲကြမ်းများခင်းပေးခြင်းတွေ ဆောင်ရွက်ပေးခဲ့တဲ့အတွက် တင်မြင့်ရီကုမ္ပဏီကို ကျေးဇူးတင်ပါတယ်"ဟု ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကြည်က ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုင်းအသိပညာပေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**လားရှိုး ဇွန် ၁၅**

မိုင်းအသိပညာပေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၃ ရက်က လားရှိုးမြို့ ဆင်နှစ်ကောင်ဟိုတယ်၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ယူနီဆက်ဖ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ ယခင်အစည်းအဝေးမှတ်တမ်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ သတင်းအချက်အလက် စီမံခန့်ခွဲခြင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော မိုင်းအသိပညာပေးလုပ်ငန်းများနှင့် မိုင်းကြောင့် ဒဏ်ရာရသူများအား ထောက်ပံ့ခြင်းများအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ နေ့လယ်ပိုင်းတွင် မိုင်းထိလူနာထောက်ပံ့ရေး နည်းပညာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းကာ ကူညီထောက်ပံ့ပေးနိုင်သော လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် အဖွဲ့အစည်းများထံမှ လိုအပ်သောအထောက်အပံ့များဟု ခေါင်းစဉ်သုံးခုကို အုပ်စုဖွဲ့၍ ဆွေးနွေးခဲ့ကြပြီး အုပ်စုအလိုက် ဆွေးနွေးချက်များကို အစည်းအဝေး တက်ရောက်သူများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။

**ဟန်ဌေး(လားရှိုး)**

## တရုတ်နိုင်ငံမှအဝယ်လိုက်၍ ပဲတီစိမ်းသစ် အိတ်နှစ်သောင်းဝန်းကျင် နေ့စဉ်တင်ပို့နေရ

**မန္တလေး ဇွန် ၁၅**

ယခုရက်ပိုင်းအတွင်း မန္တလေးပဲဈေးကွက်တွင် လှိုင်လှိုင်ပေါ်နေသည့် ပဲတီစိမ်းအသစ်များကို တရုတ်နိုင်ငံမှ အမြင့်ဈေးပေး၍ ဝယ်ယူနေခြင်းကြောင့် နေ့စဉ် အိတ်ရေနှစ်သောင်းဝန်းကျင်ခန့် တင်ပို့ရောင်းချနေရကြောင်း မန္တလေးမြို့ပဲဈေးကွက်ရှိ ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

"အဝယ်လိုက်ပုံကတော့ မိုးထဲလေထဲမှာတောင် ရောက်သလောက် ဝယ်အားရှိနေတော့ နေ့စဉ်လက်ကျန်မရှိသလောက်ပဲ။ ဈေးကလည်း တောဈေး၊ နယ်ဈေး၊ တစ်တင်းကို လေးသောင်းကျော် ရနေတော့ တောင်သူတွေ ပျော်တဲ့အချိန်ပါပဲ" ဟု မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံမှ ဦးစိုးဝင်းမြင့်က ပြောသည်။

ယခု အဝယ်လိုက်နေသော ပဲတီစိမ်းအသစ်များမှာ ပေါ်ကာစအချိန် ဇွန်လဆန်းပိုင်းက သုံးတင်းဝင်တစ်အိတ်လျှင် ၁၀၅၀၀၀ ကျပ်ဖြင့် အဖွင့်ဈေးစခဲ့ပြီး ဇွန် ၁၂ ရက်မှစ၍ ၁၂၅၀၀၀ ကျပ်နှုန်းအထိ မြင့်တက်ခဲ့ကာ ဈေးမြင့်သလို အရောင်းသွက်လျက်ရှိနေသဖြင့် မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အဓိကတင်ပို့ရောင်းချနေကြသည့်အပြင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပဲတီစိမ်းလက်ကျန် အဟောင်းများကိုလည်း မန္တလေးဈေးကွက်သို့ ဦးတည်ပို့ဆောင်လျက်ရှိသည်။



"ဒီအချိန်က တရုတ်နိုင်ငံမှာ ပူအိုက်တဲ့ရာသီဥတုကြောင့် သူတို့နိုင်ငံသားစားသုံးသူတွေက ဒီပဲကို ရင်အေးတယ်ဆိုပြီး အထူးအာရုံပြု စားနေကြတဲ့အတွက် ဝယ်လိုအားကောင်းနေတာပါ" ဟု ဦးစိုးဝင်းမြင့်က ဆက်လက်ပြောဆိုသည်။

အဆိုပါ ပဲတီစိမ်းမှာ လွန်ခဲ့သည့်နှစ် ယခုအချိန်က သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်ကိုးသောင်းဝန်းကျင်သာ ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် ၁၂၅၀၀၀ ကျပ် ဈေးအထိ ရရှိနေသဖြင့် လက်ရှိအချိန်တွင် ဈေးကွက်အတွင်းမှ ပဲအမျိုးအစားများစွာအနက် ကုန်သည်ပွဲစားများနှင့် တောင်သူများ အလေးထား ရောင်းဝယ်နေကြသည့်ပဲအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တပ်မတော်နယ်လှည့်ဆေးကုအဖွဲ့က ကျောက်ဖြူမြို့နယ်တွင် အခမဲ့ ဆေးဝါးကုသပေး

**ကျောက်ဖြူ ဇွန် ၁၅**

ကျောက်ဖြူမြို့နယ် လိပ်ခမော်ကျေးရွာအုပ်စုအတွင်းမှ ဒေသခံပြည်သူများအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၃၀၀ မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဇွန် ၁၂ ရက်တွင် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဗိုလ်ကြီးလေးမောင်မောင်(ဆေးပါရဂူ) ဦးဆောင်ပြီး အထွေထွေရောဂါပါရဂူ၊ မျက်စိပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သွားဖက်ဆိုင်ရာပါရဂူ၊ အရိုးပါရဂူနှင့် သူနာပြုအဖွဲ့ဝင် ၁၆ ဦး ပါဝင်သော တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိပ်ခမော်ရွာဟောင်း၊ မလယ်ကျွန်း၊ ပြင်ရှည်နှင့် ဂေါ်တူကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများ အခမဲ့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ စုစုပေါင်း လူနာ ၆၃ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



## ဘိန်းအစားထိုး သီးနှံမျိုးစေ့များပေးအပ်

**ကျောက်မဲ ဇွန် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်း ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်စေရေးအတွက် ဒေသခံတောင်သူများအား ဘိန်းအစားထိုး သီးနှံမျိုးစေ့များ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဇွန် ၁၃ ရက်က ကျင်းပခဲ့သည်။

သီးနှံမျိုးစေ့များပေးအပ်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြကျော်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူတို့က အမှာစကားပြောကြားပြီး နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦးက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဘိန်းအစားထိုးသီးနှံမျိုးစေ့များ ပေးအပ်မှုအခြေအနေနှင့် ပေးအပ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဒေသခံတောင်သူ ၁၀၀ အတွက် တန်ဖိုး ကျပ် ၂၅ သိန်းရှိ ကေ ၁၀၀ စာ စပါးမျိုးစေ့များနှင့် တန်ဖိုး ကျပ်ရှစ်သိန်းကျော်ရှိ ၂၅ ကေစာ ပြောင်းဖူးမျိုးစေ့များကို တောင်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

သီးနှံမျိုးစေ့များကို နမ္မတူမြို့နယ်အတွင်းရှိ မိုင်းရင်၊ ဝိန်းနန်၊ မန်ဆာလုံ၊ ဖာဆွမ်၊ နားဆိုင်၊ ပန်ချင်၊ နမ့်တောင်ကုန်း၊ မန်စံ၊ မိုင်းမု၊ မိုင်းတပ်နှင့် ဆိုက်ခေါင် ကျေးရွာအုပ်စုများမှ တောင်သူများထံ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး သီးနှံမျိုးစေ့ပေးအပ်ပွဲသို့ တက်ရောက်လာသော တောင်သူများအား စိုက်ပျိုးရေးပညာပေးသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေး ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**ပေါင်းတည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား ကိုယ်အလေးချိန်နှင့် အရပ် တိုင်းထွာခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်း၊ သွားရောဂါနှင့် အထွေထွေရောဂါများ ကြည့်ရှုစစ်ဆေးပေးခြင်းတို့ကို ကျောင်းကျန်းမာရေး ဆောင်ရွက်မှုအဖြစ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦး ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဇွန် ၁၃ ရက်က ဆောင်ရွက်ပေးစဉ်။** (ကျောင်းကျန်းမာရေးဆောင်ရွက်ပေးရာတွင် ကျောင်းသား ကျောင်းသူများအား သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်များ စသည်တို့ကိုလည်း အသိပေးဟောပြောခဲ့ကြောင်း သိရသည်။)

**တင်ဝင်းဇော်(မင်းသားကြီး)**

# ကွန်ဖက်ဒရေးရှင်းဖလားမှာ နိုင်ပွဲနဲ့ပွဲထွက်လာမယ့် ရုရှားနဲ့ဂျာမနီ

—— ဝေမိုးဆက် ——







၂၀၁၇ ဖီဖာကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို လာမယ့် ဇွန်လ ၁၇ ရက်နေ့မှာ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ပြိုင်ပွဲမှာတော့ အုပ်စု (က)အတွင်း အိမ်ရှင်ရုရှား၊ ဥရောပချန်ပီယံပေါ်တူဂီ၊ သမုဒ္ဒရာပိုင်းဇုန်ချန်ပီယံ နယူးဇီလန်၊ ကွန်ကာကပ်ဖ်ဇုန် ချန်ပီယံမက္ကဆီကိုတို့ ပါဝင်နေပြီး အုပ်စု (ခ) မှာတော့ တောင်အမေရိကချန်ပီယံ ချီလီ၊ ကမ္ဘာ့ချန်ပီယံဂျာမနီ၊ အာရှချန်ပီယံသြစတြေးလျနဲ့ အာဖရိကချန်ပီယံ ကင်မရွန်းတို့ ပါဝင်နေပါတယ်။ အုပ်စုအဖွင့်ပွဲတွေမှာတော့ ရုရှားနဲ့နယူးဇီလန်၊ ပေါ်တူဂီနဲ့ မက္ကဆီကို၊ ဂျာမနီနဲ့ သြစတြေးလျ၊ ကင်မရွန်းနဲ့ ချီလီတို့ ဆုံတွေ့နေပါတယ်။ ဒါကြောင့်လည်း ဒီအဖွင့်ပွဲတွေမှာ ဘယ်အသင်းတွေရလဒ်ကောင်းမွန်မှုကို ရယူနိုင်မလဲဆိုတာ စောင့်ကြည့်ရဖို့ရှိနေပါတယ်။



## အုပ်စုပထမပွဲများ

### ရုရှား VS နယူးဇီလန်

| နောက်ဆုံးရလဒ် | - | - | - | - |
|---|---|---|---|---|

အိမ်ရှင်ရုရှားဟာ အဖွင့်ပွဲမှာ နိုင်ပွဲစတင်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် နယူးဇီလန်ရဲ့ခြေစွမ်းနဲ့အသင်းလိုက်ကစားအားက ရုရှားကို မမီပါဘူး။ နောက်ဆုံးခြေစမ်းပွဲတွေမှာ ဟန်ဂေရီကို အနိုင်ကစားနိုင်ခဲ့သလို ချီလီလိုအသင်းကောင်းကိုလည်း သရေကစားနိုင်ခဲ့တဲ့ ရုရှားခြေစွမ်းကလည်း ကောင်းမွန်ပါတယ်။ ကိုကိုရင်၊ ဒီဇူဘာတို့ မပါဝင်ပေမယ့် ဆီမီဒေါ့ဗ်၊ ဂလူရှာကော့ဗ်တို့လိုကစားသမားတွေ ပါဝင်လာမယ့် ရုရှားကသာ အဖွင့်ပွဲမှာ နိုင်ပွဲရသွားဖို့ရှိပါတယ်။

### ပေါ်တူဂီ VS မက္ကဆီကို

| နောက်ဆုံးရလဒ် | မက္ကဆီကို | ၀ | ၁ | ပေါ်တူဂီ |
|---|---|---|---|---|

ဥရောပချန်ပီယံ ပေါ်တူဂီအနေနဲ့လည်း အဖွင့်ပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ပေါ်တူဂီဟာ ရော်နယ်ဒို၊ အန်ဒရီဆေးဗားလ်၊ ဘာနာဒိုဆေးဗားလ်တို့လို ကစားသမားကောင်းတွေကိုလည်း ရွေးချယ်ထားပါတယ်။ ဒါပေမယ့် မက္ကဆီကိုလည်း ဟာနန်ဒက်ဇ်၊ ဒေါ့ဆန်းတို့စ်၊ ကားလို့ဗီလာတို့လိုကစားသမားကောင်းတွေ ပါဝင်လာမယ့် မက္ကဆီကိုကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး လျင်မြန်မှုလည်းရှိပါတယ်။ ဒါကြောင့်လည်း ပေါ်တူဂီအခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

### ကင်မရွန်း VS ချီလီ

| နောက်ဆုံးရလဒ် | ချီလီ | ၁ | ၁ | ကင်မရွန်း |
|---|---|---|---|---|

ကင်မရွန်းဟာ အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ အသင်းလိုက်ကစားပုံမာကျောမှုရှိပြီး အာဖရိကချန်ပီယံဖြစ်ခဲ့တဲ့ အသင်းက ကစားသမားတွေကို အခြေခံရွေးချယ်ထားပါတယ်။ ဒါပေမယ့်လည်း တောင်အမေရိကချန်ပီယံချီလီကလည်း အသင်းကောင်းတစ်သင်းဖြစ်သလို ဆန်းချက်ဇ်၊ အပါအဝင် အဓိကကစားသမားတွေကို ရွေးချယ်ထားပါတယ်။ အထူးသဖြင့် ချီလီဟာ ကင်မရွန်းထက်တစ်ဦးချင်း အရည်အသွေး ပိုမိုကောင်းမွန်တာကြောင့် ဒီပွဲမှာ ချီလီကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### သြစတြေးလျ VS ဂျာမနီ

| နောက်ဆုံးရလဒ် | ဂျာမနီ | ၂ | ၂ | သြစတြေးလျ |
|---|---|---|---|---|

ဒီပြိုင်ပွဲအတွက် ဂျာမနီဟာ အဓိကကစားသမားတွေကို ချန်လှပ်ခဲ့ကာ နိုင်ငံတကာပွဲအတွေ့အကြုံနုသူတွေနဲ့ လူငယ်ကစားသမားတွေကိုသာ ရွေးချယ်ခဲ့ပေမယ့် နောက်ဆုံးကစားခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ဆမ်မာရီနိုကို ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့ပါတယ်။ သြစတြေးလျကတော့ ကစားသမားအင်အားပိုင်းမှာ ဂျာမနီကိုမမီသလို အသင်းလိုက်ခြေစွမ်းမှာလည်းအားနည်းမှုတွေ ရှိနေပါတယ်။ သြစတြေးလျတို့ ခံစစ်အားပြုကစားမှာဖြစ်ပေမယ့်လည်း ဂျာမနီကသာနိုင်ပွဲရသွားဖို့ရှိနေပါတယ်။

## အုပ်စုဒုတိယပွဲများ

### ရုရှား VS ပေါ်တူဂီ

| နောက်ဆုံးရလဒ် | ရုရှား | ၁ | ၀ | ပေါ်တူဂီ |
|---|---|---|---|---|

အုပ်စုဒုတိယပွဲစဉ်ဖြစ်တာကြောင့် နှစ်သင်းစလုံးနောက်တစ်ဆင့်တက်နိုင်ဖို့ အားစိုက်ကစားလာကြဖို့ ရှိပါတယ်။ ရုရှားဟာ အိမ်ရှင်အားသာချက်ရှိနေသလို လက်ရှိအသင်းလိုက်ခြေစွမ်းလည်းကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် ရုရှားက ကွင်းလယ်ကစားအား ကောင်းမွန်မှုရှိတာကြောင့် ပေါ်တူဂီကိုထိန်းချုပ်ကစားနိုင်ဖို့ရှိပါတယ်။ ပေါ်တူဂီကတော့ ရုရှားရဲ့အိမ်ကွင်း ဖိအားကိုထိန်းချုပ်ကာ ရော်နယ်ဒို၊ အန်ဒရီဆေးလ်ဗားတို့ရဲ့အမြန်နှုန်းနဲ့ တန်ပြန်တိုက်စစ်ကို အသုံးပြုဖို့ရှိတယ်။ သရေပွဲပါ။

### မက္ကဆီကို VS နယူးဇီလန်

| နောက်ဆုံးရလဒ် | နယူးဇီလန် | ၁ | ၂ | မက္ကဆီကို |
|---|---|---|---|---|

နယူးဇီလန်ဟာ အဖွင့်ပွဲမှာအိမ်ရှင်ရုရှားကို အနိုင်မရခဲ့ရင် နောက်တစ်ဆင့်တက်နိုင်ဖို့အတွက် ဒီပွဲမှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါပေမယ့် နယူးဇီလန်အနေနဲ့ မက္ကဆီကိုရဲ့အသင်းလိုက်ကစားအားကိုထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ မက္ကဆီကိုဟာ ကစားပုံလျင်မြန်ပြီး တစ်ဦးချင်းအရည်အသွေးလည်း ပိုမိုကောင်းမွန်ပါတယ်။ ဟာနန်ဒက်ဇ်၊ ဒေါ့ဆန်းတို့စ်၊ ဗီလာတို့လို တိုက်စစ်မှူးကောင်းတွေလည်းပါဝင်လာမှာ ဖြစ်တာကြောင့် မက္ကဆီကိုကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ကင်မရွန်း VS သြစတြေးလျ

| နောက်ဆုံးရလဒ် | - | - | - | - |
|---|---|---|---|---|

နှစ်သင်းစလုံး အဖွင့်ပွဲစဉ်မှာသာနိုင်ပွဲမရခဲ့ရင် ဒီပွဲစဉ်မှာနိုင်ပွဲရပါမှနောက်တစ်ဆင့်တက်နိုင်ဖို့ မျှော်လင့်နိုင်မှာ ဖြစ်တဲ့အတွက်အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒီနှစ်သင်းဟာလက်ရှိအချိန်မှာ ကစားသမားစုဖွဲ့မှုအရ ကွာဟမှုမရှိဘူးဆိုပေမယ့်လည်း အသင်းလိုက်ခြေစွမ်းပိုင်းအရတော့ ကင်မရွန်းက ပိုမိုမာကျောမှုရှိပါတယ်။ ဒါကြောင့်လည်း ကင်မရွန်းသာ အားစိုက်ကစားလာရင် သြစတြေးလျတို့ ရှုံးကန်ရနိုင်ပါတယ်။ ကင်မရွန်းကပ်နိုင်ခြေရှိနေပါတယ်။

### ဂျာမနီ VS ချီလီ

| နောက်ဆုံးရလဒ် | ဂျာမနီ | ၁ | ၀ | ချီလီ |
|---|---|---|---|---|

လက်ရှိအချိန်မှာဂျာမနီရဲ့အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်နေသလို ဒရက်စလာ၊ ဝါနာတို့လို တိုက်စစ်မှူးတွေလည်း ခြေစွမ်းပြနေနိုင်ပါတယ်။ ဒါကြောင့်လည်း ဆမ်မာရီနိုကို ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ချီလီက ဆမ်မာရီနိုထက် အစစအားသာမှုရှိတဲ့အသင်း ဖြစ်တယ်။ အထူးသဖြင့်ချီလီကစားသမားတွေဟာ လက်ရှိဂျာမနီကစားသမားတွေထက်အတွေ့အကြုံပိုင်း ပိုမိုအားကောင်းမှုရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာဂျာမနီတို့ သရေထက်မပိုနိုင်ပါဘူး။

## ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဝင်အုပ်စု(က)အသင်းများ

| အသင်း | ဒေသ | မှတ်ချက် | ပြိုင်ပွဲဝင်ခဲ့ဖူးသည့်အကြိမ် |
|---|---|---|---|
| ရုရှား | ဥရောပ | အိမ်ရှင် | ပထမဆုံးအကြိမ် |
| မက္ကဆီကို | ကွန်ကာကပ်ဖ် | ၂၀၁၅ ကွန်ကာကပ်ဖ်ချန်ပီယံ | ၆ ကြိမ် (၁၉၉၅၊ ၁၉၉၇၊ ၁၉၉၉၊ ၂၀၀၁၊ ၂၀၀၅၊ ၂၀၁၃) |
| နယူးဇီလန် | သမုဒ္ဒရာပိုင်းဇုန် | ၂၀၁၆ သမုဒ္ဒရာပိုင်းဇုန်ချန်ပီယံ | ၃ ကြိမ် (၁၉၉၉၊ ၂၀၀၃၊ ၂၀၀၉) |
| ပေါ်တူဂီ | ဥရောပ | ၂၀၁၆ ဥရောပချန်ပီယံ | ပထမဆုံးအကြိမ် |

## ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဝင်အုပ်စု(ခ)အသင်းများ

| အသင်း | ဒေသ | မှတ်ချက် | ပြိုင်ပွဲဝင်ခဲ့ဖူးသည့်အကြိမ် |
|---|---|---|---|
| ဂျာမနီ | ဥရောပ | ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ | ၂ ကြိမ် (၁၉၉၉၊ ၂၀၀၅) |
| သြစတြေးလျ | အာရှ | ၂၀၁၅ အာရှဖလားချန်ပီယံ | ၃ ကြိမ် (၁၉၉၇၊ ၂၀၀၁၊ ၂၀၀၅) |
| ချီလီ | တောင်အမေရိက | ၂၀၁၆ ကိုပါအမေရိကချန်ပီယံ | ပထမဆုံးအကြိမ် |
| ကင်မရွန်း | အာဖရိက | ၂၀၁၇ အာဖရိကချန်ပီယံ | ၂ ကြိမ် (၂၀၀၁၊ ၂၀၀၃) |




# အပြေရှာစရာဖြစ်လာတဲ့ အီဘရာဟီမိုဗစ် ရဲ့ အနာဂတ်

—— အောင်က ——

**ဆွီဒင်တိုက်စစ်မှူး** အီဘရာဟီမိုဗစ်ဟာ မန်ယူအသင်းကနေ ထွက်ခွာသွားခဲ့ပြီ။ ဒါကိုကြည့်တာနဲ့ မန်ယူအသင်းဟာ လာမယ့်ရာသီအတွက် အီဘရာဟီမိုဗစ်ကို မသုံးတော့ဘူးဆိုတာ ပေါ်လွင်သွားခဲ့ပြီ။ အီဘရာဟီမိုဗစ်ဟာ ဒဏ်ရာကြောင့် မန်ယူအသင်းနဲ့အတူ နောက်ပိုင်းပွဲတွေမှာ ပါဝင်ကစားခွင့်မရခဲ့ပေမယ့် အသင်းရဲ့ အောင်မြင်မှုတိုင်းကတော့ သူနဲ့ဆက်စပ်တယ်လို့ ပြောနိုင်တယ်။ ဒါပေမယ့် ဒဏ်ရာနဲ့အတူ မိုဗစ်ဟာ မန်ယူအသင်းကနေ ထွက်ခွာခဲ့ပြီဖြစ်တယ်။ မိုဗစ်ဟာဒဏ်ရာကြောင့် ကာလတာရှည်စွာနားနေရဦးမယ်။ ဒါပေမယ့် အခုအချိန်မှာ ကလပ်အသင်းလက်မဲ့ဖြစ်သွားတာကြောင့် အသင်းတော်တော်များများကတော့ မိုဗစ်ကိုခေါ်ယူဖို့ စိတ်ဝင်စားနေကြပြီလို့ ပြောရမယ်။ ဒါကြောင့် မိုဗစ်ရဲ့ အနာဂတ် ဦးတည်ရာဖြစ်လာနိုင်တဲ့နေရာအချို့ကို တင်ပြလိုက်ပါတယ်။

### မေဂျာလိဂ်

မေဂျာလိဂ်ဆိုတာဟာ ထိပ်တန်းကစားသမားတော်တော်များများအတွက် ကစားသမားဘဝအနားမယူခင် ပြောင်းရွှေ့ကစားရာနေရာလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း မိုဗစ်ရဲ့ ဦးတည်ရာဟာ မေဂျာလိဂ်ကိုလည်း ဖြစ်လာနိုင်ပါတယ်။ သူ့အနေနဲ့ မေဂျာလိဂ်ကိုသာ ပြောင်းရွှေ့ခဲ့မယ်ဆိုရင်လည်း ထိပ်တန်းအဆင့်ကနေ ကောင်းကောင်းကစားခွင့်ရဦးမှာလည်း သေချာပါတယ်။ ဥရောပထိပ်တန်းလိဂ်တွေမှာ သွင်းဂိုးတွေအများကြီးသွင်းယူပြီး နိုင်ပွဲပေါင်းများစွာရယူနိုင်ခဲ့တဲ့ မိုဗစ်အတွက် မေဂျာလိဂ်ဟာအကောင်းဆုံးနားခိုစရာလို့လည်း ပြောရမယ်။ မကြာသေးခင်က ထွက်ပေါ်ခဲ့တဲ့သတင်းတွေမှာတော့ မေဂျာလိဂ်ကလပ် အယ်အေဂလက်ဆီအသင်းဟာ မိုဗစ်ကို ခေါ်ယူဖို့ အပြင်းအထန်ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ရာသီက မန်ယူအသင်းနဲ့အတူ ၄၆ ပွဲမှာ ၂၈ ဂိုး သွင်းယူပေးခဲ့တဲ့ မိုဗစ်အတွက် မေဂျာလိဂ်ဟာ ဂိုးတွေပိုမိုသွင်းယူနိုင်ပြီး ယုံကြည်မှုတွေ အကောင်းဆုံးတည်ဆောက်နိုင်တဲ့နေရာလည်း ဖြစ်ပါတယ်။

### တရုတ်စူပါလိဂ်

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်တုန်းက မိုဗစ်ကိုခေါ်ယူဖို့ တရုတ်စူပါလိဂ်က ကမ်းလှမ်းခဲ့ပါတယ်။ ဒါပေမယ့် မိုဗစ်ဟာ တရုတ်စူပါလိဂ်ရဲ့ကမ်းလှမ်းမှုကိုငြင်းပယ်ပြီး မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။ သူဟာ ထိပ်တန်းလိဂ်အသင်းတွေမှာ ကစားခဲ့တဲ့သူဖြစ်တာကြောင့် မန်ယူအသင်းဟာ သူ့ရဲ့အကြိုက်နဲ့ ကိုက်ညီခဲ့တဲ့ အသင်းလည်းဖြစ်တယ်။ ဒါ့အပြင် မန်ယူအသင်းမှာလည်း မက်မောဖွယ်ကောင်းလောက်တဲ့ လုပ်ခရရှိခဲ့တာလည်း ဖြစ်ပါတယ်။ အကယ်၍သာ မန်ယူအသင်းရဲ့ ကမ်းလှမ်းမှုသာ မရခဲ့ဘူးဆိုရင် မိုဗစ်ဟာ တရုတ်စူပါလိဂ်ကိုတောင် ရောက်ရှိနေနိုင်ပါတယ်။ သူ့ကို ခေါ်ယူချင်တဲ့ အသင်းတွေက များပေမယ့် သူ့ရဲ့လုပ်ခငွေ မြင့်မားမှုကြောင့် အသင်းတော်တော်များများက ရှောင်ဖယ်သွားကြတာ ဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်စူပါလိဂ်အသင်းတွေကတော့ မိုဗစ် လိုချင်သလောက် လုပ်ခကိုပေးနိုင်တဲ့ အခြေအနေမှာရှိတာပါတယ်။ ဒါကြောင့် မိုဗစ်ရဲ့အနာဂတ်ဟာ တရုတ်စူပါ လိဂ်တွေမှာလည်း တွေ့မြင်ရနိုင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

### အေစီမီလန်

အေစီမီလန်ဟာ ပိုင်ရှင်အပြောင်းအလဲနဲ့အတူ ဒီနှစ်နွေရာသီမှာတော့ ပြုပြင်ပြောင်းလဲမှုတွေ အကြီးအကျယ် ပြုလုပ်နေပါတယ်။ ဒါကြောင့်လည်း အေစီမီလန်အသင်းဟာ ထိပ်တန်းကစားသမားတွေကို ခေါ်ယူဖို့ အပြင်းအထန်ကြိုးစားနေပါတယ်။ လတ်တလောအချိန်မှာတော့ ပေါ်တိုအသင်းကစားသမား အန်ဒရီဆေးလ်ဗားကတော့ အေစီမီလန်အသင်းကို ရောက်ရှိနေခဲ့ပြီ ဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ လာမည့်ရာသီတွေအတွင်းဥရောပရဲ့ထိပ်တန်းအသင်းအဖြစ် ပြန်လည်ရောက်ရှိဖို့ ကြိုးစားနေတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အေစီမီလန်အသင်းအနေနဲ့ သူ့ရဲ့တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်ခဲ့တဲ့ အီဘရာဟီမိုဗစ်ကို ပြန်လည်ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ မိုဗစ်ဟာ အေစီမီလန်အသင်းနဲ့အတူ ကစားခဲ့စဉ်ကလည်း အသင်းနဲ့အတူ စီးရီးအေဆုဖလားကို ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် အီဘရာဟီမိုဗစ်ဟာ အေစီမီလန်အသင်းနဲ့အတူ အောင်မြင်မှုတွေ ပြန်လည်ရယူဖို့အတွက် အသင်းဟောင်းကို ပြန်လာဦးမလားဆိုတာကလည်းစဉ်းစားစရာလို့ ပြောရမှာပါ။

> **တိုက်စစ်မှူးတော်တော်များများဟာ သူတို့ရဲ့ နောက်ဆုံးနေဝင်ချိန်ကို သူတို့ငယ်စဉ်ကစားခဲ့တဲ့ အသင်းဟောင်းမှာ အဆုံးသတ်လေ့ရှိကြပါတယ်။ လက်ရှိအချိန်မှာ ဒဏ်ရာကြောင့်အနားယူနေရတဲ့ မိုဗစ်အတွက်တော့ အသင်းဟောင်း မယ်လ်မိုအသင်းကလည်း စဉ်းစားစရာကောင်းတဲ့ အသင်းလို့ ပြောရမှာပါ။**

### မယ်လ်မို

မိုဗစ်ရဲ့လက်ရှိအသက်က ၃၅ နှစ် ရှိနေပါပြီ။ ဒါဟာ ကစားသမားတစ်ဦးအတွက်တော့ နေဝင်ချိန်ကို အနီးဆုံး ရောက်နေခဲ့ပြီလို့ ပြောရမှာပါ။ တိုက်စစ်မှူးတော်တော်များများဟာ သူတို့ရဲ့ နောက်ဆုံးနေဝင်ချိန်ကို သူတို့ငယ်စဉ်ကစားခဲ့တဲ့ အသင်းဟောင်းမှာ အဆုံးသတ်လေ့ရှိကြပါတယ်။ လက်ရှိအချိန်မှာ ဒဏ်ရာကြောင့်အနားယူနေရတဲ့ မိုဗစ်အတွက်တော့ အသင်းဟောင်း မယ်လ်မိုအသင်းကလည်း စဉ်းစားစရာကောင်းတဲ့ အသင်းလို့ပြောရမှာပါ။ သူ့အနေနဲ့ အနာဂတ်နဲ့ပတ်သက်ပြီး အလောတကြီးဆုံးဖြတ်ရခြင်း မရှိသေးပါဘူး။ ဒါပေမယ့် မယ်လ်မိုအသင်းဟာ သူ့ရဲ့ရင်ထဲမှာရှိတဲ့ ထာဝရအသင်းဖြစ်တယ်လို့ ပြောထားတာကြောင့် မိုဗစ်ရဲ့အနာဂတ် ဆွီဒင်ကိုပြန်ပြီး မယ်လ်မိုအသင်းမှာကစားဖို့ ရှိနေတယ်လို့လည်း ဆိုရမှာပါ။

### ကွန်ဖက်ဒရေးရှင်းဖလား

CONFEDERATIONS CUP RUSSIA 2017

| | | | |
|---|---|---|---|
| **စနေနေ့ (၁၇-၆-၁၇)** | | | |
| ည ၉း၃၀ | ရုရှား | - | နယူးဇီလန် |
| **တနင်္ဂနွေနေ့ (၁၈-၆-၁၇)** | | | |
| ည ၉း၃၀ | ပေါ်တူဂီ-မက္ကဆီကို | | |
| နံနက် ၀၀း၃၀ | ကင်မရွန်း | - | ချီလီ |
| **တနင်္လာနေ့ (၁၉-၆-၁၇)** | | | |
| ည ၉း၃၀ | သြစတြေးလျ | - | ဂျာမနီ |
| **ဗုဒ္ဓဟူးနေ့ (၂၁-၆-၁၇)** | | | |
| ည ၉း၃၀ | ရုရှား | - | ပေါ်တူဂီ |
| နံနက် ၀၀း၃၀ | မက္ကဆီကို | - | နယူးဇီလန် |
| **ကြာသပတေးနေ့ (၂၂-၆-၁၇)** | | | |
| ည ၉း၃၀ | ကင်မရွန်း | - | သြစတြေးလျ |
| နံနက် ၀၀း၃၀ | ဂျာမနီ | - | ချီလီ |

## အာဆင်နယ်ကို စွန့်ခွာရန် ခံစစ်မှူး ဘယ်လာရင် ဆန္ဒရှိနေ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း ညာတောင်ပံခံစစ်မှူး ဟက်တာဘယ်လာရင်က ယခု နွေရာသီဈေး ကွက်ကာလအတွင်းတွင် အာဆင်နယ်မှ ထွက်ခွာလိုကြောင်း အသင်းမန်နေဂျာ အာစင်ဝင်းဂါးအား အသိပေးပြောဆိုသွားမည်ဖြစ်သည်ဟု စပိန်မီဒီယာအချို့က ရေးသားဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်အရွယ်ရှိ စပိန် ကစားသမား ဘယ်လာရင်ကို သူ၏ အသင်းဟောင်းဖြစ်သည့် ဘာစီလိုနာအသင်းက ခေါ်ယူရန် အပြင်းအထန်ကြိုးပမ်းလျက်ရှိသည်။ ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နွေရာသီအတွင်းတွင် အသင်းမှ ဘယ်တောင်ပံခံစစ်မှူး ဒန်နီအဲဗက်စ် ထွက်ခွာသွားခဲ့စဉ်ကတည်းက ဒန်နီအဲဗက်စ်၏ နေရာတွင် အစားထိုးရန် ဘယ်လာရင်အား စိတ်ဝင်စားနေခဲ့ခြင်းဖြစ်သည်။

ယခု သီတင်းပတ်အစောပိုင်းတွင် ဘာစီလိုနာအသင်းနှင့် ခံစစ်မှူး ဘယ်လာရင်တို့သည် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ဘယ်လာရင်၏ ပြောင်းရွှေ့ကြေးပမာဏနှင့်ပတ်သက်၍ ဘာစီလိုနာနှင့် အာဆင်နယ်အသင်းတို့ သဘောတူညီမှု မရရှိသေးဘဲ အာဆင်နယ်အသင်းသည် ဘယ်လာရင်၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၄၄ သန်း ရရှိရန် ဆန္ဒရှိနေကြောင်း စပိန်နေ့စဉ် အားကစားသတင်းစာတစ်စောင်ဖြစ်သည့် Mundo Deportivo က ရေးသားဖော်ပြခဲ့သည်။




ခံစစ်မှူး ဘယ်လာရင်သည် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘာစီလိုနာလူငယ်အသင်းတွင် ပါဝင်ခဲ့ကာ ၂၀၁၁ ခုနှစ် နွေရာသီအတွင်းတွင် အာဆင်နယ်လူငယ်အသင်းသို့ ရောက်ရှိလာခဲ့ကာ ၂၀၁၃ ခုနှစ်တွင် အာဆင်နယ်ပထမအသင်း၌ စတင်ပါဝင်ခွင့် ရရှိလာခဲ့သူဖြစ်သည်။ ခံစစ်မှူး ဘယ်လာရင်သည် ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၄၁ ပွဲ ပါဝင်ကစားခဲ့ကာ တစ်ဂိုးသွင်းယူခဲ့ပြီး အက်ဖ်အေဖလား ချန်ပီယံဆု ရယူနိုင်ခဲ့သူဖြစ်သည်။ ဘာစီလိုနာအသင်းသည် ၂၀၀၃ ခုနှစ်က အာဆင်နယ်လူငယ်အသင်းထံသို့ ရောင်းချခဲ့သူ ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်ကိုလည်း ၂၀၁၁ ခုနှစ် နွေရာသီအတွင်းတွင် အသင်းသို့ ပြန်လည်ခေါ်ယူခဲ့ဖူးသည်။ **ထက်အောင်**

## လူကာကူသည် ဒရော့ဘာကဲ့သို့ ချယ်လ်ဆီးကို အကျိုးပြုနိုင်မည် မဟုတ်ဟု ရေးဝီလ်ကင် မှတ်ချက်ပြု






ချယ်လ်ဆီးအသင်းအနေဖြင့် အဲဗာတန်အသင်းတိုက်စစ်မှူး လူကာကူအား ခေါ်ယူနိုင်မည်ဆိုပါက အသင်းအတွက် ကောင်းမွန်သည့် အားဖြည့်မှုတစ်ခုဖြစ်လာလိမ့်မည်ဖြစ်ကြောင်း၊ သို့သော်လည်း လူကာကူသည် ချယ်လ်ဆီးအသင်း၏ ဂန္ထဝင် ကစားသမားဖြစ်သည့် တိုက်စစ်မှူး ဒီဒီယာဒရော့ဘာကဲ့သို့ အသင်းအတွက် ကောင်းမွန်သည့်ကစားသမား ဖြစ်လာလိမ့်မည် မဟုတ်ဟု ချယ်လ်ဆီးအသင်း လက်ထောက်မန်နေဂျာဟောင်း ရေးဝီလ်ကင်က မှတ်ချက်ပြု ပြောဆိုလိုက်သည်။

ချယ်လ်ဆီးအသင်းသည် ယခုနွေရာသီ ဈေးကွက်ကာလအတွင်းတွင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ဝန်းကျင်ခန့်ရှိသူ ဘယ်ဂျီယံတိုက်စစ်မှူး လူကာကူ (၂၄နှစ်) အား ခေါ်ယူရန် ကြိုးစားနေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ချယ်လ်ဆီးမှ ထွက်ခွာဖွယ်ရှိနေခြင်းကြောင့် ချယ်လ်ဆီးသို့ လူကာကူ ရောက်ရှိလာပါက တိုက်စစ်မှူး လူကာကူအနေဖြင့် ချယ်လ်ဆီးအသင်း၌ ပုံမှန်ပွဲထွက်ခွင့်ရရှိသည့်ကစားသမား ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ချယ်လ်ဆီးကွင်းလယ်ကစားသမားဟောင်း ရေးဝီလ်ကင်က “ချယ်လ်ဆီးအသင်းရဲ့ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကာလကို ပြန်ကြည့်မယ်ဆိုရင်အသင်းရဲ့ အဓိကတိုက်စစ်မှူးအဖြစ် ဒရော့ဘာကိုသာ မြင်တွေ့ကြမှာပါ။ အဲဒီကာလအတွင်းမှာ အခြားဒရော့ဘာတစ်ဦးကို တွေ့မြင်ကြမှာ မဟုတ်ဘူး။ ဒရော့ဘာဟာ အဲဒီကာလအတွင်းမှာ ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံးကစားသမား ဖြစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ချယ်လ်ဆီးကို ဒီယေဂိုကော်စတာ ရောက်လာခဲ့ပြီး အခု လူကာကူရောက်လာဖို့ရှိနေတယ်။ လူကာကူက ချယ်လ်ဆီးအတွက် ကောင်းမွန်တဲ့အားဖြည့်မှု ဖြစ်လာမှာပါ။ ဒါပေမယ့် လူကာကူအနေနဲ့ ချယ်လ်ဆီးအတွက် ဒရော့ဘာ စွမ်းဆောင်ပေးနိုင်ခဲ့မှုတွေကို နှိုင်းယှဉ်နိုင်ဖို့ မဖြစ်နိုင်ပါဘူး”ဟု ပြောဆိုခဲ့သည်။ လက်ရှိအချိန်တွင် အမေရိကန်ကလပ် Phoenix Rising အသင်းတွင် ပါဝင်ကစားနေသူ အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာ (၃၉နှစ်) သည် ၁၆၄ ဂိုး သွင်းယူပေးခဲ့ကာ ချယ်လ်ဆီးနှင့်အတူ ပရီမီယာလိဂ်ဆုဖလား လေးကြိမ်၊ ချန်ပီယံလိဂ်ဆုဖလားတစ်ကြိမ် အပါအဝင် ဆုဖလားပေါင်း ၁၄ လုံး ရရှိခဲ့သူဖြစ်သည်။ တိုက်စစ်မှူး လူကာကူသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချယ်လ်ဆီးကစားသမားအဖြစ်ရှိခဲ့သော်လည်း ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၁၅ ပွဲသာ ပါဝင်ကစားခွင့်ရခဲ့ကာ ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ပေ။ **ထက်အောင်**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းရပ်ကွက်များအတွင်း တရားဥပဒေစိုးမိုးရေးများလိုအပ်နေ

**နေပြည်တော် ဇွန် ၁၅**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်း နိုင်ငံ့ဝန်ထမ်းများနေထိုင်သော ရပ်ကွက်များအတွင်းရှိ နေအိမ်တိုက်ခန်းများတွင် ဆိုင်ကယ်ပျောက်ဆုံးမှုများနှင့် ညအချိန်အိပ်ခန်းများအတွင်း ဝင်၍ ခိုးယူရန်ကြံစည်မှုများ၊ ပိုင်ရှင်နိုးလာသော်လည်း အတင်းအဓမ္မလုယက်ထွက်ပြေးမှုများ ဖြစ်ပွားလာသောကြောင့် နိုင်ငံ့ဝန်ထမ်းများအတွက် လုံခြုံမှုမှာ လွန်စွာ အားနည်းလျက်ရှိကြောင်း ကာယကံရှင်များနှင့် ပြည်သူများ၏ ပြောပြချက်အရ သိရသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်း နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရန်အတွက် အမျိုးသား လူပျိုဆောင်၊ အမျိုးသမီးအပျိုဆောင်နှင့် အိမ်ထောင်သည်မိသားစု နေထိုင်ရန်ဟူ၍ သုံးနေရာကို သက်ဆိုင်ရာ၏ စီမံမှုဖြင့်ချထားနေထိုင်စေခဲ့သည်။ ယင်းတို့အနက် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်(အပေါ်ပိတောက်အိမ်ရာ)ကို အမျိုးသမီးအပျိုဆောင်များအဖြစ် နေထိုင်စေခဲ့သည့် တိုက်ခန်းများမှာ ယခုအခါတွင်လုံခြုံမှုအတွက် စိုးရိမ်နေရကြောင်း သိရသည်။

"အခု ဇွန် ၁၁ ရက် ည နှောရီခန့်မှာ ကျွန်မ မီးဖိုချောင်အခန်းမှာ ချက်ပြုတ်နေတုန်း သစ်ရွက်ခြောက်နင်းသံကြားလို့ လှမ်းကြည့်လိုက်တော့ ကျွန်မတို့မီးဖိုချောင်အုတ်နံရံကို ကွယ်ပြီးသွားနေတဲ့ အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရတယ်။ ဒါနဲ့အခန်းဖော်အချင်းချင်း အကြောင်းကြားပြီးထွက်လိုက်ကြတော့ လျှို့ထဲက ကျူးကျော်တဲတွေရှိတဲ့ဘက်ကို ထွက်ပြေးသွားပါတယ်။ သက်ဆိုင်ရာ ရဲစခန်းကို အကြောင်းကြားထားပါတယ်"ဟု ဘောဂသိဒ္ဓိရပ်ကွက် (အပေါ်ပိတောက်အိမ်ရာ) တွင် နေထိုင်သူ ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောသည်။

"ကျွန်မအိပ်ရာဘေးထားအိပ်တဲ့ စလင်းဘတ်အိတ်ကို မေ ၁၁ရက် ည ၁ နာရီမှာအလုခံရပြီးတစ်လတိတိအချိန်မှာ အခုအောက်ထပ်ကညီမလေးတွေ အခန်းကို လာကပ်တာဖြစ်ပါတယ်။ ငွေကျပ်ကိုးသိန်းပါတဲ့ စလင်းဘတ်အိတ်ကို လုပြေးတာလည်း အမျိုးသမီးပဲဖြစ်ပါတယ်။ အဲဒီညက ကျွန်မ အိပ်နေရာကနိုးပြီးအော်တော့ ရင်ဘတ်ကိုဆောင့်တွန်းပြီး လုပြေးသွားတာဖြစ်ပါတယ်။ သက်ဆိုင်ရာရဲစခန်းကိုတိုင်ကြားထားပါတယ်။ ဒီနေ့အထိ ဘာမှမထူးခြားသေးပါဘူး။ ကျွန်မတို့က နေရာဒေသတစ်ခုကနေလာပြီး တာဝန်ထမ်းဆောင်ရတာပါ။ မိသားစုလည်း မပါဘူး။ အခုလို ဒုစရိုက်သမားတွေ အတင့်ရဲလာကြရင် ရှေ့ဆက်ဘယ်လိုနေရ မလဲဆိုတာ မတွေးရဲဘူး" ဟု ဘောဂသိဒ္ဓိရပ်ကွက်(အပေါ်ပိတောက်အိမ်ရာ) တွင် နေထိုင်သူ အရာထမ်းအမျိုးသမီးတစ်ဦးက ပြောသည်။

ယခုအခါ ဇမ္ဗူသီရိမြို့နယ်အတွင်း ကျူးကျော်တဲများဖြင့် ကျူးကျော်နေထိုင်သူများမှာ ယခင်ကထက်ပိုမိုများပြားလာပြီး နိုင်ငံ့ဝန်ထမ်းများနေထိုင်သည့် ရပ်ကွက်အတွင်း ဆိုင်ကယ်ပျောက်ဆုံးမှုများ မကြာခဏ ကြုံတွေ့ရသည့်အပြင် အိမ်ထဲဝင်ခိုးယူ လုယက်မှုများလည်း ဖြစ်ပွားလာကြောင်း၊ နောင်တစ်ချိန်တွင် ယခုလို ကျူးကျော်နေထိုင်သူများကို ဖယ်ရှားရှင်းလင်းသည့်အခါ မလိုလားအပ်သော ပြဿနာများလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့အပြင် ရပ်ကွက်များအတွင်း လျှပ်စစ်လမ်းမီးအချို့မလင်းခြင်းကြောင့်လည်း ဒုစရိုက်မှုဖြစ်ပွားနိုင်ကြောင်း၊ ဆက်နွှယ်ပတ်သက်မှုများရှိကြောင်း ရပ်ကွက်နေပြည်သူများက ဝေဖန်ပြောကြားသည်။ (၀၁၄)



# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**ညောင်လေးပင် ဇွန် ၁၅**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီနှင့် ပိုစတာပြိုင်ပွဲကို ဇွန် ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပရာ " လူတိုင်းကိုယ်စီရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း" ဟူ၍ ခေါင်းစဉ်သတ်မှတ်၍ မြို့နယ်အတွင်းရှိ ကျောင်းများမှ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၄၇ ဦးက ပန်းချီပြိုင်ပွဲတွင် ၃၄ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီနီဝင်းက အမှာစကား ပြောကြားပြီး စာရေးဆရာ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က " လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် ဟောပြော၍ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**



# မော်လမြိုင်မြို့ ဣစ္ဆာသယ မိုးကောင်းစေတီတော်မြတ်ကြီး ဌာပနာပိတ်ပွဲနှင့် ထီးတော်တင်လှူပွဲကျင်းပ

**မော်လမြိုင် ဇွန် ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုတောင်ပိုင်းရပ် ဗုဒ္ဓဝင်ဘုရားဝင်းအတွင်းရှိ တောင်ညိုတောင်တန်းပေါ်တွင် အသစ် တည်ထားကိုးကွယ်လျက်ရှိသော ဣစ္ဆာသယစိတ္တသုခ မိုးကောင်းစေတီတော်မြတ်ကြီးနှင့် ရှင်လေးပါး၊ စေတီလေးဆူတို့၏ ရွှေထီးတော် ၅ဆူ ဌာပနာပိတ်ပွဲနှင့် ထီးတော်တင် မင်္ဂလာအခမ်းအနားကို ဇွန်လဒုတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂိုဏ်းချုပ်သြဝါဒါစရိယ ဥက္ကဋ္ဌ ဣသိနာရုံဗုဒ္ဓဝင်နာယကဆရာတော် ဘဒ္ဒန္တအာစရက ဦးစီးကာ ကျင်းပခြင်းဖြစ်ပြီး မတည်အလှူရှင် တောင်ညိုတောင်တန်းသာသနိက ကြီးကြပ်မှုကော်မတီ ဘဏ္ဍာရေးမှူးမြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်နယ်ရဲတပ်ဖွဲ့ရဲအုပ်ကျော်မင်းထွန်းနှင့်ဇနီး၊ စေတနာရှင်အလှူရှင် စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း၊ တပေါင်းလပြည့်နေ့တွင် စေတီတော် ၂ ဆူ၊ နှစ်ဆန်း ၁ရက်နေ့တွင် စေတီတော် ၃ ဆူ၊ ကဆုန်လပြည့်နေ့တွင် စေတီတော် ၁၁ဆူ၊ ဇွန်လ ၁၃ ရက်တွင် စေတီတော် ၅ ဆူ၊ တန်ခူးလဆန်း ၃ ရက်တွင် စေတီတော် ၁၀ ဆူ စုစုပေါင်း စေတီတော် ၃၁ ဆူကို ထီးတော်တင်လှူ ပူဇော်ခဲ့ကြောင်းသိရသည်။

**ကျော်သန်း(မော်လမြိုင်)**




**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၀ယ/၄၈၂၆၉ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၁၀/သထန(နိုင်)၀၉၇၃၇၄ က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

**မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/2716 Forland ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၁၀/ဘလန(နိုင်)၀၁၈၀၁၉က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)**

**မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြား မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် FF/6939 ယာဉ်လက်ဝယ်ရှိသူ Golden Auto Mobile Co.,Ltd. က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးမိတ္တူ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**















# ရွှေထည်လက်ဝတ်ရတနာများရောင်းချရာတွင် အရောင်းပြေစာအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရေးကိစ္စ

၁။ ရွှေထည်နှင့်လက်ဝတ်ရတနာများ ရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနကိုယ်စား ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံပေးခြင်းအတွက် ရှင်းလင်းလွယ်ကူစွာ ဆောက်ရွက်ပေးနိုင်ရန်အလို့ငှာ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကိုရွှေထည်နှင့် လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့် ပြေစာတွင် ကျသင့်အခွန်နှင့် ညီမျှသည့်တန်ဖိုးအတိုင်း ကပ်နှိပ်ထုတ်ပေးစေခြင်းအစီအစဉ်ကိုကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label ကိုရွှေထည်နှင့် လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်ထုတ်ပေးခြင်း အစီအစဉ်အား ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၁-၆-၂၀၁၇ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင် ၁-၇-၂၀၁၇ ရက်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူ မိဘပြည်သူများအနေဖြင့် ရွှေထည်သီးသန့်ဝယ်ယူခြင်းအတွက် ကျသင့်သော စုစုပေါင်းတန်ဖိုးအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန် ၁ရာခိုင်နှုန်းကျသင့်မည်ဖြစ်ပါသည်။ ရွှေထည်နှင့်ကျောက်မျက်ရတနာပေါင်းစပ်ထားသော လက်ဝတ်ရတနာဖြစ်ပါက ရွှေ+အလျော့တွက်လက်ခတန်ဖိုးအပေါ်တွင် ၁ရာခိုင်နှုန်းနှင့် ကျောက်မျက်ရတနာတန်ဖိုးအပေါ်တွင် ၅ ရာခိုင်နှုန်းကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။

၄။ ရွှေဆိုင်များမှ ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူသို့ ထုတ်ပေးမည့်ပြေစာတွင် ကပ်နှိပ်မည့်ကုန်သွယ်လုပ်ငန်းခွန်အမှတ်တံဆိပ် Commercial Tax Stamp Label များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




J-1(100 Ks) J-2(200 Ks) J-3(500 Ks) J-4(1000 Ks) J-5(5000 Ks) J-6(10000 Ks)

၅။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါတယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ငွေထုတ်ပေးချိန်၌ ပင်ရင်းမှ နုတ်ယူပေးသွင်းရမည့် ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ အသိပေးနှိုးဆော်ခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေဆိုင်ရာအမိန့်ကြော်ငြာအမှတ် ၂/၂၀၁၇ ကို ၁၀-၁-၂၀၁၇ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်၍ ၁-၄-၂၀၁၇ရက်မှစတင်အကျိုးသက်ရောက်နေပြီဖြစ်ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာအရ ပေးချေငွေအပေါ် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့်ဝင်ငွေခွန်နှင့် စပ်လျဉ်း၍ ၂၃-၁-၂၀၁၇ရက်တွင် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင် အခွန်ထမ်းပြည်သူများ သိရှိနိုင်စေရန် ထည့်သွင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ငွေထုတ်ပေးရန် တာဝန်ရှိသူသည် ငွေလက်ခံရမည့်သူက နုတ်ယူခြင်းမပြုပါရန် ငြင်းဆိုခြင်းကြောင့် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် တာဝန်ကိုကင်းလွတ်ခွင့်မရှိပါ။ ပြဋ္ဌာန်းချက်နှင့်အညီ မပျက်မကွက် နုတ်ယူပေးသွင်းရန် လိုအပ်ပါသည်။

ပေးချေငွေအပေါ် နုတ်ယူပေးသွင်းခြင်းခံရသည့် အခွန်ထမ်းအချို့တို့သည် ထိုသို့နုတ်ယူပေးသွင်းခဲ့ပြီးဖြစ်သည့် ဝင်ငွေခွန်ကို အပြီးသတ်စည်းကြပ်မှုအရ ပေးသွင်းသည့် ဝင်ငွေခွန်အဖြစ် အမှတ်မှားလျက် အပြီးသတ်စည်းကြပ်မှုခံယူခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

အခွန်စည်းကြပ်ထိုက်သော ဝင်ငွေရှိသူမည်သူမဆို သက်ဆိုင်ရာဘဏ္ဍာနှစ် ကုန်ဆုံးပြီးပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ဝင်ငွေကြေညာလွှာတင်သွင်းလျက် အပြီးသတ်စည်းကြပ်မှု ခံယူရန် လိုအပ်မည်ဖြစ်ပါသည်။

ထိုသို့ အပြီးသတ်စည်းကြပ်မှု ကျသင့်အခွန်မှနုတ်ယူပေးသွင်းခဲ့သည့် ဝင်ငွေခွန်ကို ခုနှိမ်ပေးမည်ဖြစ်ရာ ထပ်မံပေးဆောင်ရန် အခွန်ပေါ်ပေါက်ပါက ထပ်မံပေးဆောင်ရန် လိုအပ်သကဲ့သို့ ပြန်အမ်းငွေပေါ်ပေါက်ပါက ပြန်အမ်းငွေလျှောက်ထားထုတ်ယူနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝင်ငွေရရှိခဲ့သူများအနေဖြင့် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများ၌ အခွန်ဥပဒေများနှင့်အညီ အပြီးသတ်စည်းကြပ်မှုခံယူကြရန်နှင့်အသေးစိတ်သိရှိလိုပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများသို့ဖြစ်စေ၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဖုန်း- ၀၆၇-၄၃၀၀၀၄**
**၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

# တစ်ဦးချင်းပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအပေါ် ဝင်ငွေခွန်တွက်ချက်ခြင်း

**စီးပွားရေးလုပ်ငန်းတွင် အကျုံးဝင်သည့်ဝင်ငွေ**

၁။ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေဆိုသည်မှာဝင်ငွေရရှိရန် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်သောလုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်ပစ္စည်းများ တင်သွင်းရောင်းချခြင်း/ဝယ်ယူရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ဝင်ငွေတို့အပြင် ငွေချေးသက်သေခံလက်မှတ်များကို စီးပွားရေးလုပ်ငန်းသဖွယ်လုပ်ကိုင်ခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်းတို့မှ ဝင်ငွေအပေါ် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေခေါင်းစဉ်ဖြင့် အခွန်ပေးဆောင်ရမည်။

**အခွန်နှုန်း**

၂။ စီးပွားရေးလုပ်ငန်းမှ ရရှိသည့်ဝင်ငွေအပေါ် အောက်ဖော်ပြပါအခွန်နှုန်းဖြင့် တွက်ချက်ပါမည်-

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| (က) | ၁ | ကျပ် | မှ | ၂၀၀၀၀၀၀ | ကျပ် | ထိ | ၀ | ရာခိုင်နှုန်း |
| (ခ) | ၂၀၀၀၀၀၁ | ကျပ် | မှ | ၅၀၀၀၀၀၀ | ကျပ် | ထိ | ၅ | ရာခိုင်နှုန်း |
| (ဂ) | ၅၀၀၀၀၀၁ | ကျပ် | မှ | ၁၀၀၀၀၀၀၀ | ကျပ် | ထိ | ၁၀ | ရာခိုင်နှုန်း |
| (ဃ) | ၁၀၀၀၀၀၀၁ | ကျပ် | မှ | ၂၀၀၀၀၀၀၀ | ကျပ် | ထိ | ၁၅ | ရာခိုင်နှုန်း |
| (င) | ၂၀၀၀၀၀၀၁ | ကျပ် | မှ | ၃၀၀၀၀၀၀၀ | ကျပ် | ထိ | ၂၀ | ရာခိုင်နှုန်း |
| (စ) | ၃၀၀၀၀၀၀၁ | ကျပ်နှင့်အထက် | | | | | ၂၅ | ရာခိုင်နှုန်း |

**ဝင်ငွေတွက်ချက်ခြင်း**

၃။ စီးပွားရေးလုပ်ငန်းမှ ရရှိသောဝင်ငွေကို တွက်ချက်ရာတွင် ယင်းဝင်ငွေရရှိရန် ကုန်ကျစရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးပါသည်။ ဝင်ငွေမှကုန်ကျစရိတ်နုတ်ပယ်ပြီး အသားတင်အမြတ်ငွေအပေါ် သက်သာခွင့်များခွင့်ပြုပြီး ကျန်ငွေကိုသာ သတ်မှတ်အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်ပယ်ခွင့်မပေးပါ-

(က) မတည်စရိတ်
(ခ) ကိုယ်ရေးကိုယ်တာစရိတ်
(ဂ) လုပ်ငန်းပမာဏနှင့်မမျှအောင်များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်းမဟုတ်သည့်စရိတ်။

၄။ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေသည် ဆောင်ရွက်ရသည့်လုပ်ငန်းအပေါ် ရရှိသည့်ဝင်ငွေ(သို့မဟုတ်) ရောင်းရငွေနှင့် လုပ်ကိုင်ရသည့်လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ရေခဲထုတ်လုပ်ရောင်းချသူ၏ ကုန်ကျစရိတ်နှင့် ကုန်စုံပစ္စည်းများ ရောင်းချခြင်းလုပ်ငန်းမှ ကုန်ကျစရိတ်များမှာ တူညီနိုင်မည်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

**အခွန်တွက်ချက်ခြင်း(နမူနာ)**

၅။ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းစသည့်စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ကိုင်သည့် လုပ်ငန်းရှင်တစ်ဦးသည် တစ်နှစ်အတွင်း ၎င်းလုပ်ကိုင်သည့်လုပ်ငန်းမှ ကုန်ကျစရိတ်များကိုနုတ်၍ အသားတင်အမြတ်ကျပ်သိန်း ၁၀၀ ရရှိပြီး အတူနေမိဘ နှစ်ဦးမှီခိုသူ ဇနီးနှင့် အသက် ၁၈ နှစ်အောက် သို့မဟုတ် အချိန်ပြည့်ပညာသင်ကြားနေသည့် သားသမီးနှစ်ဦးရှိပါသည်။ ၎င်းလုပ်ငန်းရှင်၏ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေအပေါ် အောက်ပါအတိုင်း ဝင်ငွေခွန်တွက်ချက်ပါသည်-

| | | | ကျပ် |
|---|---|---|---|
| (က) အသားတင်အမြတ် | | | ၁၀၀၀၀၀၀၀ |
| (ခ) (နုတ်)သက်သာခွင့်များ | | | |
| (၁) အခြေခံသက်သာခွင့် (၂၀%) | - | ၂၀၀၀၀၀၀ | |
| (၂) အတူနေမိဘ (၂)ဦးအတွက် | - | ၂၀၀၀၀၀၀ | |
| (၃) အိမ်ထောင်ဖက်အတွက် | - | ၁၀၀၀၀၀၀ | |
| (၄) သားသမီး (၂)ဦးအတွက် | - | ၁၀၀၀၀၀၀ | ၆၀၀၀၀၀၀ |
| (ဂ) ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေ | | | ၄၀၀၀၀၀၀ |
| ၁ ကျပ်မှ ၂၀၀၀၀၀၀ ကျပ်ထိ | | ၀ ရာခိုင်နှုန်း | |
| ၂၀၀၀၀၀၁ ကျပ်မှ ၄၀၀၀၀၀၀ကျပ်ထိ ၂၀၀၀၀၀၀ အတွက် | | ၅ ရာခိုင်နှုန်း | |
| (ဃ)စုစုပေါင်းကျသင့်ဝင်ငွေခွန် | | | ၁၀၀၀၀၀ |

၆။ သက်သာခွင့်များကို နုတ်ပေးရာတွင် တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်းဖြစ်ပြီး ကျပ်သိန်း ၁၀၀ ထက်မပိုရပါ။ အိမ်ထောင်ဖက်အတွက် ခွင့်ပြုငွေသည် ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရှိသူဖြစ်ရမည်။ သားသမီးအတွက် ခွင့်ပြုငွေသည် အသက် (၁၈)နှစ်အောက် ပညာသင်ကြားနေသူ (သို့မဟုတ်) အသက်(၁၈)နှစ်ပြည့်ပြီးသော်လည်း အချိန်ပြည့်ပညာ ဆက်လက်သင်ကြားနေသူ၊ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရှိသူဖြစ်ရမည်။

၇။ အသားတင်ဝင်ငွေကျပ် သိန်း ၁၀၀မှ ဝင်ငွေခွန် ကျပ် ၁၀၀၀၀၀ပေးဆောင်ပြီး နှစ်စဉ်စုဆောင်းနိုင်ငွေများဖြင့် အိမ်ခြံ၊ မြေ၊ မော်တော်ယာဉ်စသည်များ ဝယ်ယူခြင်းအတွက် ဝင်ငွေခွန်ထပ်မံ မကျသင့်ပါ။ သို့ရာတွင် ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အဆိုပါပစ္စည်းများ ဝယ်ယူခြင်းအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းထားအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်ဖြစ်ပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| (က) | ၁ | ကျပ် | မှ | ၃၀၀၀၀၀၀၀ | ကျပ်ထိ | ၁၅% |
| (ခ) | ၃၀၀၀၀၀၀၁ | ကျပ် | မှ | ၁၀၀၀၀၀၀၀၀ | ကျပ်ထိ | ၂၀% |
| (ဂ) | ၁၀၀၀၀၀၀၀၁ | ကျပ် | နှင့်အထက် | | | ၃၀% |

၈။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)ဖုန်း-၀၆၇-၄၃၀၀၀၉၊ အခွန်ဝန်ဆောင်မှုရုံး (ရန်ကုန်)ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ဖုန်း-၀၂-၃၀၁၉၂ တို့တွင် မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အမည်ပြောင်း**
ပေါင်မြို့နယ်၊ အထက(မုတ္တမ)၊ အဋ္ဌမတန်းမှ မအေးသီရိဝင်း (ဘ)ဦးမျိုးဝင်းအား ယနေ့မှစ၍ မအေးအေးသင်းဟုခေါ်ပါရန်။
**မအေးအေးသင်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့လန်စုကျေးရွာနေ (ဘ)ဦးပြုံးချို၏သား ဦးအောင်တင်ဝင်း ၃/လဘန(နိုင်)၁၀၄၉၄၈နှင့် ဦးတင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအောင်တင်ဝင်း(ခ)ဦးတင်ဝင်း**

**တစ်ဦးတည်းဖြစ်ကြောင်း**
ကျွန်မဒေါ်ပိုင်ပိုင်စိုး ၁၂/ခရန(နိုင်) ၀၇၈၃၂၅ အထက (၁)၊ တောင်ဒဂုံ (လယ်ပြ) တာဝန်ထမ်းဆောင်နေသူ၏ အခြေခံပညာအထက်တန်းအောင်လက်မှတ်တွင် ဒေါ်ဖွေးဖွေးမြင့်(ဘ) ဦးအလင်းဖြစ်ပြီးဘွဲ့ရလက်မှတ်နှင့် ဝန်ထမ်းစာအုပ်တွင်ဒေါ်ပိုင်ပိုင်စိုး(ဘ-ဦးအလင်း)ဖြစ်နေပါ၍ ၎င်းတို့နှစ်ဦးမှာ တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဖခင်အမည်မှန်**
အထက (၈)၊ မော်လမြိုင်မြို့ Grade -10(B)မှ မဆုထူးပန်ခင်နှင့် သထုံမြို့နယ်၊ နောင်ဘိုကျေးရွာ မူလွန်သင်းထော်ကျောင်း Grade -7 မှ မောင်စိုင်းခန့်ထည်ဝါတို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းခမ်းနောင်အစား ဦးချိုမင်းဦး ၁၃/တကန(နိုင်) ၁၄၇၀၈၂ ဖြစ်ပါကြောင်း။
**ဦးချိုမင်းဦး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 8K/7967 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရေးနှင့်စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှ နုတ်ယူ၍ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ အဆိုပါပင်ရင်းမှ နုတ်ယူပေးသွင်းငွေနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ နှင့် အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၇ တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ ပေါ်ပေါက်လျက်ရှိကြောင်းသိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇ကို ၂၂-၅-၂၀၁၇ ရက်တွင် ထပ်မံထုတ်ပြန်ထားရှိခဲ့ပြီး ဖြစ်ပါသည်။

၄။ အဆိုပါအမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုး ပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့်အခြေအနေများ၊ အကျိုးသက်ရောက်သည့် ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့အမိန့်ကြော်ငြာစာအသစ် ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်နှစ်ထပ် မကျသင့်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်း မပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာအခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး တို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန်နုတ်ယူ ပေးသွင်းခြင်းမပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍နုတ်ယူရန် အကြောင်းကြားစာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန် တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ် ၁၅သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ်ငါးသိန်း ထက်မကျော်လွန်လျှင်သော်လည်းကောင်း နုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း ထပ်မံအသိပေးအပ်ပါသည်။

၈။ ယင်းအပြင် လယ်ယာထွက်ကုန်သီးနှံများ အရောင်းအဝယ်ပြုလုပ်ရာ၌ တစ်ဦးချင်းပုဂ္ဂိုလ်များသို့ ပေးချေငွေ ပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နှစ်ရာခိုင်နှုန်းအား နုတ်ယူပေးသွင်းရန်မလိုအပ်ဘဲ အပြည့်အဝ ပေးချေရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**
**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**ဝန်ထမ်းများနေအိမ်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့၊ မန္တလေးမြို့၏ အိတ်ဖွင့်တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီသည် မဟာမုနိ ဘုရားကြီး၏ ဝတ္တကမြေကွက်တွင် အောက်ပါတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ လုပ်ငန်းရှင်များက အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| ၂။ **တည်နေရာ** | **လုပ်ငန်း** |
| --- | --- |
| အကွက်(၅၀၇)၊ ၈၄ လမ်းနှင့် စစ်ကိုင်းလမ်းကြား အာသောကရာမကျောင်းတိုက် အနောက်ဘက်၊ ကျွန်းလုံးဥသျှောင် ရပ်ကွက်၊ နတ်စင်ဝင်းအတွင်း | ၁။ (၁၂၀×၃၈)ပေ RC(၄ ထပ်) အဆောက်အအုံတစ်လုံး (ရေသန့်၊ လျှပ်စစ် အပါအဝင်) |
| | ၂။ (၅၀၇×၃၆)ပေ RC(၄ ထပ်) အဆောက်အအုံတစ်လုံး (ရေသန့်၊ လျှပ်စစ် အပါအဝင်) |

၃။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၆ -၆-၂၀၁၇ရက် ညနေ ၄ နာရီ

၄။ **အိတ်ဖွင့်တင်ဒါနောက်ဆုံးထားတင်ရမည့်ရက်** - ၆-၇-၂၀၁၇ရက် ညနေ၄နာရီ

၅။ အိတ်ဖွင့်တင်ဒါနှင့်စပ်လျဉ်းသော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါ လျှောက်လွှာပုံစံများကို မန္တလေးမြို့၊ မဟာမုနိဂေါပကအဖွဲ့ရုံးတွင် ၉-၆-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း လာရောက် ဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ - ရုံးအဖွဲ့မှူး(စီမံ) ၀၉-၄၄၄၀၄၄၄၇၅**
**ဌာနစုမှူး(အခွန်ဘဏ္ဍာ) ၀၉-၇၉၇၃၂၈၂၈၄**

**မဟာမုနိဂေါပကအဖွဲ့ရုံး**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**
**နေပြည်တော်-ရေဆင်း**

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဓာတ်ခွဲခန်းသုံးပစ္စည်း

- Lab Equipment ၄၄ မျိုး 7 Lots

(ခ) အခြားစက်ပစ္စည်း ၈ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၉-၆-၂၀၁၇ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်ပြီး ၂၈-၇-၂၀၁၇ရက် ၁၆း၀၀နာရီ တွင် နောက်ဆုံးထားတင်သွင်းရန်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၆၅၃၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မောင်အောင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၁၀/သထန(နိုင်)၀၄၂၃၄၄ ဖြစ်ပါကြောင်း။

**ဦးမြင့်ရွှေ**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) အဋ္ဌမတန်း(A)မှ မဝင်းဝင်းအေး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းမင်း ၁၀/သထန(နိုင်)၁၂၄၄၁၁ ဖြစ်ပါကြောင်း။

**ဦးကျော်ဆန်းမင်း**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မအိန္ဒြာခိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၁၀/သထန(နိုင်)၀၁၄၉၀၂ ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်**

---

**ပညာရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး၊ ရုံးအမှတ်(၂၁)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ်(၂၁)နှင့် လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့ (သုတေသန)ဌာနများတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် စက်နှင့် စက်ကိရိယာများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၆-၆-၂၀၁၇ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၄-၇-၂၀၁၇ ရက်
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၀-၇-၂၀၁၇ ရက်
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)

၃။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ တွင် စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးကော်မတီ**
**ပညာရေးဝန်ကြီးဌာန (သိပ္ပံနှင့်နည်းပညာ)**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ မြို့များတွင် (၁၀၂'×၂၅'×၁၉'-၆") သံကူကွန်ကရစ် (၄)ခန်းတွဲ(၂)ထပ် ဝန်ထမ်း အိမ်ရာ အဆောက်အအုံဆောက်လုပ်မည်ဖြစ်သဖြင့် ပြည်တွင်း ဆောက်လုပ်ရေး လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
| --- | --- | --- |
| (၁) | ဟားခါးမြို့ | ၂ လုံး |
| (၂) | ရေဇွာမြို့ | ၁ လုံး |
| (၃) | မတူပီမြို့ | ၁ လုံး |
| (၄) | ဆမီးမြို့ | ၁ လုံး |
| (၅) | ကျီခါးမြို့ | ၁ လုံး |
| (၆) | ရိခေါဒါရ်မြို့ | ၁ လုံး |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲ တွက်ချက် တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီ Profile တင်ပြရမည် ဖြစ်ပါသည်။ တင်ဒါလုပ်ငန်း(၁)ခုထက် ပိုမိုတင်သွင်းလိုသူသည် သက်ဆိုင်ရာ လုပ်ငန်း(၁)ခုချင်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးပေးသွင်းပြီးမှ တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၇ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၅-၆-၂၀၁၇ ရက်
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ချင်းပြည်နယ်ညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ချင်းပြည်နယ်၊ ဟားခါးမြို့

၃။ အသေးစိတ်အချက်အလက်များကို ဤဦးစီးဌာန ရုံးဖုန်း-၀၇၀-၂၂၄၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လှည်းကူးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ်ကာလအတွင်း တည်ဆောက်မည့် ရိပ်သာရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်သို့ ဆက်သွယ်သည့် ငမိုးရိပ်ချောင်းကူးတံတား ပေ (၂၀၀) တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဘိလပ်မြေ၊ ကျောက်စရစ်၊ အုတ်၊ သံချောင်းလုံးဆိုဒ်ဆုံအပါအဝင် လုပ်ငန်းသုံးပစ္စည်း (၁၉)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့် တင်ဒါအာမခံကြေးပေးသွင်းပြီး ၁၂-၇-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီတွင် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လာရောက်၍ တင်ဒါတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၁၆-၆-၂၀၁၇ရက်မှစတင်၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း**-၀၉-၄၂၀၁၄၆၄၄၃၊ ၀၉-၇၉၉၃၅၄၃၉၃၊ ၀၉-၇၃၁၂၉၆၆၀

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

---

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**
**ရခိုင်ပြည်နယ်ရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် မောင်တောဘဏ်ခွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ဒါစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် ဆောက်လုပ်မည့်ပုံစံ အသေးစိတ်စာရင်းများကို ၁၉-၆-၂၀၁၇ ရက်မှစ၍ စတင်ရောင်းချမည်ဖြစ်ပြီး ၁၈-၇-၂၀၁၇ ရက်တွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာ့စီးပွားရေးဘဏ် (ပြည်နယ်ရုံး)၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ဖုန်း-၂၃၈၇၀၊ ၂၁၉၀၁ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်မြို့-အရိုးရောဂါအထူးကု ဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန်လိုအပ်သည့် အောက်ဖော်ပြပါဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရ အသိအမှတ်ပြုကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

(၁) FDA အသိအမှတ်ပြု ဆေးဝါးများနှင့် လူနာသုံးဆေးပစ္စည်းများ
(၂) ဓာတ်မှန်ဖလင်နှင့် ဆေးရည်များ
(၃) ဓာတ်ခွဲနှင့်သက်ဆိုင်သော ပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၇-၂၀၁၇ ရက် (တနင်္လာနေ့) - ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး**
**ဖုန်း-၀၁-၅၂၇၀၈၇၊ ၅၂၇၀၈၈**

---

## Announcement for relevant personnel and public

Pacific High Technology Services Company Limited is a reputable technical services provider for Oil & Gas,Power and Energy Sector. Pacific High Technology Services Company Limited aims to train and sponsor her employees for technical trainings and certificates,under Local Capacity building purpose. Certificates and trainings provided and sponsored by Pacific High Technology Services Company Limited are only meant for her employmees under the projects of Pacific High Technology Services Company Limited. Following employees are no longer working for Pacific High Technology Services Company Limited and thus their technical certificates and trainings provided and sponsored by Pacific High Technology Services Company Limited shall not be valid anymore. Any unofficial usage of such certificates,documents, procedures and techniques will be dealt with legally and Pacific High Technology Services Company Limited will not be responsible for any issue that may occur.

(1) Ko Kaung Myat Htoo(7/YataNa(N)089931)(Paint Inspector)
(2) Ko Soe Win Thein(12/PaBaNa(N)130273)(NDT Technician)
(3) Ko Kyi Maung Zin(8/YakhaNa(N)093335)(Project Manager)
(4) Ko Kyaw Thu Aung(9/NyaOoNa(N)158076)(Paint Inspector)

Daw Monalisa Maung Maung Kha LL.B,LL.M,DBL(H.G.P) (No.41666)
For Pacific High Technology Services Company Limited
No.92,Daw Thein Tin Road,Mingalar Taugm Nyunt Township,Yangon, Myanmar.
Ph:+95 261479962,01-389065,01-394223

---

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(E)မှ မောင်သိန်းလင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးငွေခိုင် ၁၀/သထန(နိုင်)၀၄၂၇၃၄ ဖြစ်ပါကြောင်း။

**ဦးငွေခိုင်**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) အဋ္ဌမတန်း(C)မှ မောင်နေလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် ၁၀/သထန(နိုင်)၀၁၄၉၀၂ ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(မရမ်းကုန်း) တက္ကသိုလ်ဝင်တန်းမှ မရည်မွန်ဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၁၀/ပမန(နိုင်)၂၄၂၅၅၂ ဖြစ်ပါကြောင်း။

**ဦးမြင့်ဦး**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(F)မှ မတင်မော်အေး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းထွန်း ၁၀/သထန(နိုင်)၁၄၆၉၆၄ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်းထွန်း**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မနှင်းနုနုလွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်အောင် ၁၀/သထန(နိုင်)၁၂၂၄၄၉ ဖြစ်ပါကြောင်း။

**ဦးသန်းဇော်အောင်**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/4564 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

# 17 JUNE 2017

SULE SHANGRI-LA HOTEL, YANGON
1PM - 5PM

yes2malaysia EDUCATION EXPO

မလေးရှားတက္ကသိုလ်များမှ တာဝန်ခံ ဆရာ၊ ဆရာမများနှင့် တစ်ဦးချင်း တွေ့ဆုံပြီး မိမိ၏ ပညာရေးလမ်းကြောင်း ကို မေးမြန်းစုံစမ်း အကြံဉာဏ်ရယူနိုင်သည့် အပြင် ဗီဇာကိစ္စများကိုလည်းမေးမြန်းနိုင်သည့် အထူးသီးသန့် အစီအစဉ်။

**လေယာဉ်လက်မှတ် အခမဲ့***
ပညာရေးပြပွဲ ကာလအတွင်း ကျောင်းလျှောက်ပါက

**ပညာသင်ဆု နှင့် ပညာသင်ဆုကြေးများ**
၁၀တန်းအောင်များနှင့် ဘွဲ့ရများအတွက်စကောလားရှစ် အခွင့်အရေးများ။ (မိမိ၏ ပညာရေးဆိုင်ရာ အထောက်အထားများကိုယူလာပါ။)

**အဆင်ပြေ ကောင်းမွန် သော ပညာရေးလမ်းကြောင်း**
ငွေကြေးသက်သာစွာဖြင့် ယူကေ, ဩစတြေးလျ နှင့် အမေရိကန် နိုင်ငံများတွင် ဘွဲ့ဒီဂရီရယူနိုင်ရန် ပညာရေးလမ်းကြောင်းများကို လာရောက်လေ့လာပါ။



Find more details about the expo and pre-registration:
www.facebook.com/expomyanmar

More Information / အသေးစိတ်သိလိုပါက
+95-9-2530 66 202 +95-9-506 2891

Global Assist Initiative • Education Malaysia • JENKO • rexpo

---

FUTURE Link မှ ပညာသင်ဆု

# USD 10,000 STUDY AWARD

ပေးအပ်ချီးမြှင့်မည့်

## နိုင်ငံတကာ ပညာရေးပြပွဲနှင့် ဆွေးနွေးပွဲ



၁၀တန်းဖြေဆိုအောင်မြင်ပြီးသူများ၊ iGCSE, GCE 'O', HND, NCC, ABE အောင်မြင်ပြီးသူများ
တက္ကသိုလ်ကျောင်းသား/သူများ၊ ဘွဲ့ရရှိပြီးသူများ
USA, UK, Australia, Europe, Singapore, Thailand, Malaysia နိုင်ငံများတွင် ပညာသင်ယူလိုသူများအတွက်

ကျောင်းအပ်နှံသူများအတွက်
- Free air ticket
(or) Free reg: fees
- Free medical check up
- Free MRT card

Lucky Draw
စင်ကာပူ အသွားအပြန် လေယာဉ်လက်မှတ်

**09-97 5026005, 09-97 4162001**

YANGON 18.6.2017 (SUN) 9:00 - 12:00 PM Novotel Max Yangon
MANDALAY 19.6.2017 (MON) 9:00 - 12:00 PM Hotel Mandalay

**YANGON:** No.15, Corner of Baho Road & WaiLuWon LanKyal, SanChaung, Yangon.
**MANDALAY:** No. 10/34, Nilar Lane, Btw: 64x65 St. & 39x40 St. Mandalay.

---

# YAN PAE Corn Starch ရန်ပယ် ပြောင်းဖူးကော်မှုန့်

ပြောင်းစိုက်တောင်သူများ၏ အနာဂတ် ခိုင်ခံ့ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။
လုပ်ငန်းသုံးပြောင်းကော်မှုန့် စားသောက်ကုန် ကုန်ကြမ်းများ ဝယ်ယူရရှိနိုင်ပါသည်။

**100%** ပြောင်းကော်မှုန့် စစ်စစ်ဖြစ်ကြောင်းအာမခံပါသည်။

**FDA approved**



'ပြည်တွင်းဖြစ်ကိုအားပေးပါ' Made in Myanmar

**ပြောင်းဖူးကော်မှုန့် အသုံးဝင်ပုံ**

- ပြောင်းဖူးကော်မှုန့်ကို ဟင်းလျာများချက်ပြုတ်ရာတွင် အရသာအထူးကောင်းမွန်ရန် သင့်လျော်သည့် အချိုးအစားထည့်၍ အသုံးပြုနိုင်ပါသည်။
- အသား၊ ငါး၊ ပုစွန် နှင့် အခြားဟင်းသီးဟင်းရွက်များကြော်ရာတွင် အနှစ်ကပ်ကြော်၍ စားသုံးနိုင်ပါသည်။-
- ဘီစကစ်၊ ကိတ်မုန့် နှင့် အခြား မုန့်အမျိုးမျိုး ပြုလုပ်ရာတွင်ထည့်သွင်းအသုံးပြုနိုင်ပါသည်။
- ပြောင်းဖူးခေါက်ဆွဲ၊ ပြောင်းဖူးကြာဇံ ပြုလုပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်ပါသည်။-
- ပြောင်းဖူး ကျောက်ကျောအဖြစ် ကော်မှုန့်၊ သကြား၊ ရေနှင့် အခြားတန်ဆာပလာများထည့်၍ ကျိုချက်စားသုံးနိုင်ပါသည်။
- ပဲတို့ဟူးပြုလုပ်ရာတွင် ပိုမိုအရသာရှိစေရန် ပြောင်းဖူးကော်မှုန့် ရောနှော၍ အသုံးပြုနိုင်ပါသည်။
- အဆင့်မြင့် ဗီဇကီ ချက်လုပ်ခြင်းများတွင် အသုံးပြုနိုင်ပါသည်။
- ဆေးဝါးစက်ရုံများတွင် ဆေးပြား၊ ဆေးတောင့်ပြုလုပ်ရာတွင် B.P Grade Corn Starch အသုံးပြုနိုင်ပါသည်။

**ဘေးထွက်ပြောင်းဇစ်တတ်များ တိရစ္ဆာန်အစာချက်ရန် ရောင်းချပေးပါသည်။**

Marketed By - **SuperOne Holdings Co.,Ltd.** , အမှတ် (၆၆)၊ ၁၂၄ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - 01 290702, 09 5413291
Produced By - ပြောင်းဖူးကုန်ကြမ်းကုန်ချောထုတ်လုပ်စက်ရုံ(ရန်ပယ်)၊ ပရပ်ကြယ်ကျေးရွာ၊ တောင်တွင်းကြီးမြို့ ဖုန်း - 01 202256, 09 421040243

---

Number One Directory in Myanmar
YELLOW PAGES

# ရန်ကုန်လမ်းညွှန်

ဘာပဲလိုလို ?
**WEBSITE နဲ့ MOBILE**
မှာလည်း ရှိတယ်




**SALES : 09-448001662** | www.yangondirectory.com

MMRD

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု ၂၀၁၈ တွင် စတင်ဆောင်ရွက်မည်

**မောင်ကို(သာစည်)**

**သာစည်  ဇွန်  ၁၅**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု စီမံကိန်းကို မြန်မာ့မီးရထားနှင့် JICA တို့ပူးပေါင်း၍ ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(ELA)အဖြစ် ပြည်သူများကို ချပြအသိပေးခြင်း၊ အကြံဉာဏ်များရယူခြင်းကို သာစည်၊ မြစ်ငယ်နှင့် တောင်ငူတို့တွင် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းတွင် ရန်ကုန်-တောင်ငူ (၁၆၆)မိုင်နှင့် တောင်ငူ-မန္တလေး (၂၁၉ ဒသမ ၅)မိုင်ရှိရာ လမ်းပိုင်းကို နှစ်ပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းကာလမှာ ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ခြောက်နှစ်ဖြစ်ပြီး ကွင်းဆင်းလေ့လာဆန်းစစ်ခြင်းကို ကိုးလတာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုခုတ်မောင်းပြေးဆွဲနေသည့် ရန်ကုန်-မန္တလေး ခုတ်မောင်းချိန်မှာ ၁၅ နာရီကျော်ရှိပြီး စီမံကိန်းပြီးစီးသွားပါက လက်ရှိခုတ်မောင်းချိန်များထက် ခုနစ်နာရီကျော် လျော့နည်းသွားမည်ဖြစ်သည်။ ရထားလမ်းပိုင်းများအဆင့်မြှင့်တင်ရာတွင် ရထားလမ်း၊ တံတား၊ အချက်ပြဆက်သွယ်ရေးကိရိယာ၊ ဘူတာရုံများအပါအဝင် ခေတ်မီကိရိယာများနှင့်အစားထိုး၍ ခေတ်စနစ်နှင့်

*စာမျက်နှာ ၅ ကော်လံ ၄* ❊



ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုလမ်းမပေါ်တွင် မိုးသည်းထန်ပြီး လမ်းများပျက်စီးမှုကြောင့် မော်တော်ယာဉ်အချို့ လမ်းကြောင်းပိတ်ဆို့နေမှုကို တွေ့ရစဉ်

# မိုးသည်းထန်မှုကြောင့် ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းပေါ် လမ်းပခုံးမြေသားများပြိုကျ နယ်မြေခံတပ်မတော်သားများက မော်တော်ယာဉ်များ အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေး

**အမ်း  ဇွန်  ၁၅**

ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ် (၂၈) အမ်းမြို့၏ အနောက်မြောက်ဘက် ၂၈ မိုင်ခန့်အကွာနေရာ၌ ဇွန် ၁၄ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ယင်းနေရာရှိ မော်တော်ကားလမ်း၏ လမ်းပခုံးမြေသားများ ပြိုကျပျက်စီးခဲ့သဖြင့် ကုန်တင်ယာဉ် ၇၄ စီး၊ ဆီသယ်ယာဉ်လေးစီး၊ ခရီးသည်တင်ယာဉ် (Express) ၃၅ စီး၊ အိမ်သုံးမော်တော်ယာဉ် ၂၈ စီး စုစုပေါင်းမော်တော်ယာဉ် ၁၄၁ စီးသည် ညနေ ၃ နာရီမှစ၍ လမ်းကြောင်းပိတ်ဆို့ကာ ယာဉ်များဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်း သိရှိရသဖြင့် နယ်မြေခံတပ်မတော်သားများက မော်တော်ယာဉ်များ အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရန်အတွက် အမ်းမြို့နယ် လမ်းတံတားဦးစီးဌာနအဖွဲ့များဖြင့်ပူးပေါင်း၍ ရေလမ်းကြောင်းလွှဲမြောင်း

*စာမျက်နှာ ၅ ကော်လံ ၄* ✻

# ရေအောက်အနက် ၃၅ မီတာခန့်တွင် ပျက်ကျလေယာဉ်၏ အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိ



ပင်လယ်ပြင်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေသည့် ငါးဖမ်းစက်လှေတစ်စင်းကို တွေ့ရစဉ်

**နေပြည်တော်  ဇွန်  ၁၅**

ပျက်ကျသွားခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား တပ်မတော် (ရေ)မှ စစ်ရေယာဉ်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ၊ မြေပြင်တပ်များနှင့် ဒေသခံပြည်သူများ၊ ငါးဖမ်းစက်လှေများပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် မောင်းမကန်- မရင်းကြီးကမ်းခြေတစ်လျှောက်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မြေပြင်တပ်များက ကျား၊ မ မခွဲခြားနိုင် ရုပ်အလောင်းသုံးလောင်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ ရုပ်အလောင်း ၉၀ ရှာဖွေတွေ့ရှိပြီးဖြစ်သည်။

ထို့ပြင် ဇွန် ၁၄ ရက် ည ၇ နာရီတွင် ပင်လယ်ပြင်အတွင်း တပ်မတော်စစ်ရေယာဉ်များနှင့်အတူ ရှာဖွေရေးလုပ်ဆောင်နေသည့် ဒေသခံငါးဖမ်းစက်လှေသုံးစင်းက လောင်းလုံဘုတ်ကျွန်း၏ တောင်ဘက် ရေမိုင် ၁၀ မိုင်ခန့်အကွာ၌ ခရီးဆောင်အိတ်တစ်လုံး၊ အရာရှိစိစစ်ရေးကတ်တစ်ကတ်၊ မှတ်ပုံတင်ကတ်နှစ်ကတ်အပါအဝင် အဝတ်အထည် အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာများနှင့် ငွေစက္ကူများအား ရှာဖွေတွေ့ရှိခဲ့သည်။

ပင်လယ်ပြင်အတွင်း ယနေ့ထပ်မံဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်းများအား ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ကျန်ရစ်သူမိသားစုများက ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည်။ သက်ဆိုင်ရာမိသားစုများ ရောက်ရှိလာသော ရုပ်အလောင်း ၁၈ လောင်းကိုလည်း ယနေ့တွင် ဗုဒ္ဓဘာသာ

*စာမျက်နှာ ၄ ကော်လံ ၁* ✻

